# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၁၀]


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း

လှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာမည်၏။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်မြို့တွင် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

## ရေလျှံမှုမဖြစ်ပွားစေရန် ရေဘေးကာကွယ်ရေးတာများ အသစ်ဆောက်လုပ်သွားရေးမှာကြား



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်မြို့ ရွှေကူ (၁) ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအား ကြည့်ရှုအားပေးစဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

**နေပြည်တော် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ရွှေပလ္လင်မော်စေတီတော်ဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတကာရေးရာသုံးသပ်ချက်**

အာဖဂန်တာလီဘန်ခေါင်းဆောင်အပြောင်းအလဲနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ

စာမျက်နှာ ❖ ၅

**တွေ့ဆုံမေးမြန်း**

ရွေးကောက်ပွဲမှာ အမျိုးသမီးတွေပါဝင်လာဖို့အတွက် ရွေးကောက်ပွဲနှင့် အမျိုးသမီးကဏ္ဍအား ဆောင်ရွက်နေသူ ရောင်ခြည်သစ်၏ ဒါရိုက်တာနှင့်တွေ့ဆုံ

စာမျက်နှာ ❖ ၁၂

**ပြည်တွင်းသတင်း**

ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့်တံတား ၉၈ စင်းရှိပြီး ပျက်စီးမှုတန်ဖိုးအားဖြင့် ၂ ဒသမ ၉ ဘီလီယံနီးပါးရှိ

စာမျက်နှာ ❖ ၁၆




SHOW ROOM BATH & KITCHEN | A/1, Aung San Stadium East Wing, Upper Pansodan Road, Mingalar Taung Nyunt Tsp, Yangon. Tel: + 951-251033, 255795,379761, 399464, 399491, Hp: +95-9974722477~80 | Fax: 01-394409 Email: enquiry@mcl.com.mm Website: www.mcl.com.mm

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဝိုင်းဝန်းကူညီဟန်ချက်ညီ

မည်သည့်အမှုကိစ္စတို့၌မဆို တက်ညီလက်ညီ ဟန်ချက်ညီညီဆောင်ရွက်ရေးသည် အရေးကြီးပါသည်။ “ညီညာမှမြန်မာ” ဆိုသည့် စကားအတိုင်း ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ အခက်အခဲအကျပ်အတည်းများကိုကျော်လွှားနိုင်မည်ဖြစ်ပါသည်။ မည်မျှပင်အခက်အခဲများနှင့် ရင်ဆိုင်ရစေကာမူ ညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အစစအရာရာ အဆင်ပြေသွားနိုင်ပါသည်။

လွန်ခဲ့သည့်ရက်များအတွင်း မမျှော်လင့်ဘဲ မြန်မာနိုင်ငံတစ်ဝန်းရင်ဆိုင်ခဲ့ရသော ရေကြီးရေလျှံမှုများသည် ပြည်သူတစ်ရပ်လုံး အခက်အခဲအကျပ်အတည်းများစွာနှင့် ရင်ဆိုင်ခဲ့ရသည့်ကာလဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရပါသည်။ လူပေါင်း ၂၃၀၀၀၀ ကျော် ရေဘေးဒုက္ခ ခံစားခဲ့ရပါသည်။ လယ်ယာမြေဧကပေါင်းများစွာ ရေကြီးနစ်မြုပ်ဆုံးရှုံး ပျက်စီးခဲ့ပါသည်။ ပြည်သူအများစု မိအိုဖအိုများကို ချီပိုးကာ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် အသက်ဘေးမှ လွတ်ရာလွတ်ကြောင်း ထွက်ပြေးခဲ့ရပါသည်။ ရေဘေးမှလွတ်ကင်းရာလွတ်ကင်းကြောင်း၊ ထွက်ပြေးတိမ်းရှောင်ရင်း လူပေါင်း ၉၉ ဦး သေပျောက်မှုရှိခဲ့ပါသည်။ ကျွဲ၊ နွားတိရစ္ဆာန်ရာထောင်ချီ၍ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

ပြည်သူအပေါင်း စိတ်မချမ်းမြေ့ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့်လည်း ပြည်သူအပေါင်းက မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီကြပါသည်။ ငွေအား၊ လူအား၊ ပစ္စည်းအားတို့ဖြင့် ဝိုင်းဝန်းကူညီခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံအချို့ကလည်း လူသားချင်းစာနာမှုအကူအညီများ၊ ငွေကြေးအကူအညီများ ပေးပို့လှူဒါန်းခဲ့ကြပါသည်။ ဤသို့ ကူညီဆောင်ရွက်ရာတွင် လတ်တလောကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ရေရှည်ပြန်လည်ထူထောင်ရေးအတွက်လည်း အစီအမံများချမှတ် ဆောင်ရွက်နေကြောင်း ကြားသိနေရပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် ဟန်ချက်ညီညီဆောင်ရွက်သွားဖို့လိုပါသည်။ ကယ်ဆယ်ရေးပြီးသည်နှင့် ပြန်လည်ထူထောင်ရေးကို အမြန်ဆုံး စတင်နိုင်ရမည်ဖြစ်ပါသည်။ ပြန်လည်ထူထောင်ရေးသည် နှေးကွေးနေ၍ မဖြစ်ပါ။

ယခုအခါ နေရာအချို့ရေပြန်ကျသွားပြီဖြစ်ပါသည်။ ပြည်သူအချို့ နေအိမ်အသီးသီးသို့ပြန်နေကြပြီ ဖြစ်ပါသည်။ လောလောဆယ်နေအိမ်များ သန့်ရှင်းရေး၊ သန့်ရှင်းသောရေကောင်းရေသန့်ရရှိရေး လိုအပ်နေပါသည်။ ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများ အမြန်ဆုံးစိုက်ပျိုးနိုင်ရန်ကြိုးပမ်းနေကြပါသည်။ ယင်းတို့အတွက် ငွေကြေးလိုအပ်ချက်များ ရှိနေပါသည်။ စားရေရိက္ခာအတွက် သာမက မိသားစုပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကြေးလိုအပ်ချက်များလည်း ရှိနေပါသည်။ သို့ဖြစ်၍ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီဆောင်ရွက်နိုင်မှသာ အခက်အခဲ အကျပ်အတည်းများကို အမြန်ဆုံးလွတ်မြောက်ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

“ မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။

မဲစာရင်းများ‌ယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။

မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု

လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ”

## ပွင့်ဖြူမြို့နယ် ဥပဒေရုံး၏ ရေဘေးသင့် ဝန်ထမ်းများကို အားပေး

**မကွေး ဩဂုတ် ၁၀**

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဇေယျ၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးကျော်ကျော်အောင်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၈ ရက်တွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဥပဒေရုံး ရေကြီးနစ်မြုပ်ခဲ့မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ရေဘေးသင့် ဥပဒေဝန်ထမ်းများအား တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။



ပြည်ထောင်စု ရှေ့နေချုပ်က ပွင့်ဖြူမြို့နယ်ဥပဒေရုံးရှိ ဝန်ထမ်းများသည် ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အရေးကြီးသော အမှုတွဲများနှင့် စာရွက်စာတမ်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ ၎င်းအတွက် ဂုဏ်ယူပါကြောင်းနှင့် မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဝတ်အထည်၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများနှင့် ရုံးသုံးသံဗီရိုတစ်လုံးတို့ကို ထောက်ပံ့ပေးအပ်ပြီး မင်းဘူးခရိုင် ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးတို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဩဂုတ် ၉ ရက်တွင် ဖွင့်လှစ်သော ဒုတိယမြို့နယ် ဥပဒေအရာရှိများ၏ ဥပဒေရေးရာစွမ်းဆောင်ရည် မြင့်မားစေရေး သင်တန်းသို့ တက်ရောက်နေကြသော သင်တန်းသား ဥပဒေအရာရှိများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ တိုင်း/ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် တာချီလိတ်မှအလှူရှင်များက ပစ္စည်းများလှူဒါန်း

**တာချီလိတ် ဩဂုတ် ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ စေတနာရှင် အလှူရှင်များ၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များနှင့် ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော်တို့က မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများမှ ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေများ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများအား ဩဂုတ် ၉ ရက်က သွားရောက် လှူဒါန်းကြောင်း သိရသည်။

စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့် အလှူငွေများကို အလှူခံဌာနများဖြစ်သည့် ငွေတောင်ဦး ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဗယ်လင်တိုင်း (အအေးနှင့် လက်ဖက်ရည်ဆိုင်)၊ သူရိယသက်န်းတိုက်တို့တွင် လာရောက်လှူဒါန်းထားခြင်းဖြစ်သည်။ အဆိုပါရေဘေးသင့် ပြည်သူများအတွက် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အိမ်ထောင်စု ၄၈၀၄ စုအတွက် ထောက်ပံ့ပေးမည်ဖြစ်ကာ ငွေတောင်ဦး ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော်လှူဒါန်းမှုအပါအဝင် ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၈-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၅၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၉.၀၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၈.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂.၉၂ |

ခင်ရတနာ-စုစည်းသည်။

၂၇-၇-၂၀၁၅ မှ ၃၀-၇-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၆၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၆၆ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

* ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူ ၆၀၀ ကျော်ရှိပြီး လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရွှေကူရပ်ကွက်ရှိ ရွှေကူ(၁) အခြေခံပညာမူလတန်းကျောင်း၌ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ရွှေကူ(၁)ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူ ၂၉၀ ကျော်ရှိပြီး ပြည်မြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးစခန်း ၁၈ ခု ဖွင့်လှစ်၍ ရေဘေးသင့်ပြည်သူများအား စောင့်ရှောက်ပေးလျက်ရှိသည်။

ဆက်လက်၍ အောင်ဆန်းပြည်သာယာ ကိုးသောင်းတိုးချဲ့ရပ်ကွက်ရှိ နဝင်းတာပေါင်သို့ ရောက်ရှိပြီး ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုမရှိစေရန် သဲအိတ်များဖြင့် နဝင်းတာပေါင်မြှင့်တင်ထားရှိမှုကို ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် နိုင်ငံတော်သမ္မတအား ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက နဝင်းတာပေါင်ဆိုင်ရာ အချက်အလက်များ၊ တာပေါင်ပြန်လည်ပြုပြင်ထားရှိမှု၊ အနိမ့်ပိုင်းနေရာများတွင် သဲအိတ်များဖြင့် တာပေါင်မြှင့်တင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ထူးကဲမြစ်ရေတက်ခဲ့မှုအခြေအနေ၊ ဇူလိုင် ၃၁ ရက်က စိုးရိမ်ရေမှတ် ရောက်ရှိခဲ့မှုအပေါ် ဒေသခံပြည်သူများ၊ တပ်မတော်သားများနှင့် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်းပြီး သဲအိတ်များဖြင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လက်ရှိနဝင်းတာကို ထူးကဲမြစ်ရေကြီးမှုမှ ကာကွယ်နိုင်ရန်အတွက် အမြင့်ပေကို တိုးမြှင့်တည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ နဝင်းချောင်းအနီးရှိ လှော်သော့ချောင်းမှတစ်ဆင့် ရေလျှံမှုမဖြစ်ပွားစေရန် ရေဘေးကာကွယ်ရေးတာများ အသစ်ဆောက်လုပ်သွားရမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံချက်ရေးဆွဲပြီး တင်ပြကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယနေ့နံနက် ၆ နာရီတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီမြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပြည်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရွှေကူ(၁) ရေဘေးကယ်ဆယ်ရေးစခန်း၌ ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်မြို့ ရွှေပလ္လင်မော် ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအား ကြည့်ရှုအားပေးစဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

## ရခိုင်ပြည်နယ်အတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း အဖွဲ့ အစည်းလိုက်သော်လည်းကောင်း၊ ထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် မေးမြန်းစုံစမ်းဆက်သွယ်နိုင်သော လိပ်စာနှင့် ဖုန်းနံပါတ်များ

| စဉ် | ပြည်နယ်/ခရိုင် | အမည် | ရာထူး | ဖုန်းနံပါတ် | နေရာ |
|---|---|---|---|---|---|
| ၁။ | ပြည်နယ်အစိုးရအဖွဲ့ | ဦးထွန်းစံအောင် | ပြည်နယ်စာရင်းစစ်ချုပ် | ၀၉-၄၉၆၄၁၆၈၉၊ ၀၄၃-၂၂၆၂၇ | ပြည်နယ်စာရင်းစစ်ချုပ် |
| ၂။ | ပြည်နယ်လဝက | ဦးခင်စော | ညွှန်ကြားရေးမှူး | ၀၉-၈၅၀၂၈၅၁၊ ၀၄၃-၂၂၆၀၄ | စစ်တွေ |
| ၃။ | ပြည်နယ်စီမံကိန်း | ဦးကံရှိန် | ညွှန်ကြားရေးမှူး | ၀၉-၅၆၈၀၁၉၇၊ ၀၄၃-၂၃၄၆၇ | စစ်တွေ |
| ၄။ | ပြည်နယ်ပညာရေး | ဦးလှစိန်ထွန်း | ညွှန်ကြားရေးမှူး | ၀၉-၄၉၆၇၄၀၅၀၊ ၀၄၃-၂၃၃၇၉ | စစ်တွေ |
| ၅။ | ပြည်နယ်ဆည်မြောင်း | ဦးကြည်စိုး | ညွှန်ကြားရေးမှူး | ၀၉-၈၅၀၃၁၅၂၊ ၀၄၃-၂၃၃၀၃ | စစ်တွေ |
| ၆။ | ပြည်နယ်ထွေအုပ် | ဦးမြင့်လွင် | ညွှန်ကြားရေးမှူး | ၀၉-၈၅၀၀၉၂၉၊ ၀၄၃-၂၃၅၈၅ | စစ်တွေ |
| ၇။ | ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ဦးမြင့်စိုး | ညွှန်ကြားရေးမှူး | ၀၉-၅၆၈၀၄၆၅၊ ၀၄၃-၂၃၀၆၉ | စစ်တွေ |
| ၈။ | ပြည်နယ်မီးသတ် | ဦးစံရွှေထွန်း | လ/ထညွှန်မှူး | ၀၉-၄၉၆၇၉၂၃၂၊ ၀၄၃-၂၁၆၀၅ | စစ်တွေ |

## မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဗဟိုအလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

**ရန်ကုန် ဩဂုတ် ၉**

ဩဂုတ် ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ UMFCCI ၌ကျင်းပသည့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဒုတိယအကြိမ်)နိုင်ငံလုံးဆိုင်ရာ ညီလာခံနှင့်အတူ ဗဟိုအလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။

အဆိုပါရွေးချယ်တင်မြှောက်ပွဲတွင် တက်ရောက်လာကြသည့် အသင်းဝင်များကဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်စိုးဦးက မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဒုတိယအကြိမ်)၏ ဥက္ကဋ္ဌအဖြစ် ဦးသီဟစော၊ အထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်းတို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး အတည်ပြုသည်။ **အောင်သူရ**

## လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၉ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလောင်း ၄၈ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၆ ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ကိုးဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၉၁ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂၇ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၂၇၈ ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၈ ဦးစုစုပေါင်း ၄၂၂၄ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၈၀ နှင့် တစ်သီးပုဂ္ဂလ ၁၆၂ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar .org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

**စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်မှု အခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

# ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ကူညီထောက်ပံ့ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ကူညီထောက်ပံ့ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လယ်ယာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ရွှေလီ-ကျောက်ဖြူ စီးပွားရေးစင်္ကြံဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာ- တရုတ် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တင်အောင်ချစ်၊ ဦးသန့်ကျော်၊ ဒေါက်တာ စန်းလွင်၊ ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(ဓာတ်ပုံ-သတင်းစဉ်)



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်နှင့်အဖွဲ့ ဟင်္သာတရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ဟင်္သာတ ဩဂုတ် ၁၀**

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ဦးဆောင်သော စေတနာရှင်အဖွဲ့သည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့သို့ရောက်ရှိပြီး ဟင်္သာတမြို့နယ်အတွင်းရှိ ရေဘေးသင့်မိသားစုများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ **(ဓါတ်ပုံ)**

အဆိုပါ လှူဒါန်းပွဲအခမ်းအနားကို ဆည်မြောင်းရိပ်သာ မြေနုဒီခန်းမ၌ကျင်းပပြီး အခမ်းအနားတွင် ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက မြို့နယ်အတွင်း ရေကြီးနစ်မြုပ်နေမှုများ၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် နေရာဒေသအသီးသီးတို့မှ လာရောက်လှူဒါန်းကြသော စေတနာရှင် အလှူရှင်များအားလုံးတို့ကို ဟင်္သာတမြို့နယ် ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ် ပါမောက္ခ ဒေါက်တာ အရှင်ဓမ္မသာမိက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများထံသို့ ဒေါ်နန်းရွှေမှုန်နှင့် စေတနာရှင်များက အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

**(ဟင်္သာတ ခရိုင် ပြန်/ဆက်)**

***○ ကျောဖုံးမှ***

အဆိုပါ လွှဲပြောင်းမှုကို မြန်မာနိုင်ငံဘက်မှ မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် ဦးဆောင်သောအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပြီးသူ ၁၅၉ ဦးကို ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ရင်း အမှတ်(၁၇)တပ်ရင်းမှူး ဦးဆောင်သည့်အဖွဲ့ထံ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးသို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲမှူးကြီးမျိုးဆွေ၊ ယာယီဒုတိယရဲမှူးကြီး ကျော်တေဇ၊ စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်နှင့်အဖွဲ့ဝင်တစ်ဦးတို့ တက်ရောက်ကြသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ရင်းက ယင်းနိုင်ငံသား ၁၅၉ ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ခေါ်ဆောင်သွားသည်။

မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက်မှ အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၅၀၁ ဦးကို လေးကြိမ်ခွဲ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်ပို့ဆောင်ပြီးဖြစ်ရာ နိုင်ငံသားစိစစ်ရန်ကျန်ရှိသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က စိစစ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိပြီး စိစစ်အတည်ပြုမှုများ ဆောင်ရွက်ပြီးစီးပါက မူရင်းနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

***❀ ကျောဖုံးမှ***

အဆိုပါမြစ်ရေ မြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့နယ်တွင် စိုက်ပျိုးဧက ၉၉၈၈ ဧက ရေဖုံးလွှမ်းခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ၄၄ ကျောင်း၊ စာသင်ကျောင်းပေါင်း ၆၈ ကျောင်း ရေလွှမ်းမိုးခံခဲ့ရသည်။ ရေဘေးသင့်ဦးရေ ၄၆၇၀၃ ဦးနှင့် အိမ်ထောင်စု ၁၀၆၇၄ စု ရေဘေးသင့်ခံခဲ့ရသည်။ လက်ရှိအနေအထားတွင် ခုနစ်ရက်မြောက်နေ့အဖြစ် လိမ္မော်ရောင်အဆင့် အန္တရာယ်ရှိအနေအထားဖြင့် သတ်မှတ်ထားဆဲဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ထိုင်းနိုင်ငံက ငွေကျပ် ၃၈ သိန်းကျော်တန်ဖိုးရှိ ဆေးဝါးများ ရေဘေးကျရောက်သောဒေသများအတွက် ကျိုင်းတုံမြို့၌ လာရောက်လှူဒါန်း

**ကျိုင်းတုံ ဩဂုတ် ၁၀**

ကျိုင်းတုံမြို့ သဘာဝဘေးသင့်ဒေသများအား ကူညီထောက်ပံ့ရေးကော်မတီမှ မြန်မာနိုင်ငံ ရေဘေးကျရောက်သောဒေသများကို ကူညီထောက်ပံ့ရန်အတွက် အလှူခံဌာနဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။ ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် ထိုင်းနိုင်ငံ PUTCHUBUN DISPENSARY CO.,LTD Bangkok က ငွေကျပ် ၃၈၆၆၀၀၀ တန်ဖိုးရှိ ဆေးဝါးများလှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့် ဌာနဆိုင်ရာများ၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါဆေးဝါးများကို ကုမ္ပဏီကိုယ်စား ဦးသိန်းထိုက်နှင့် ဇနီး ဒေါ်နန်းဝိုးခမ်းတို့က လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့်တာဝန်ရှိသူများက လက်ခံယူသည်။ လာရောက်လှူဒါန်းသော ဆေးဝါးများမှာ SETERGIN ဖာ ၈၀၊ SETONOX ဖာ ၂၀၀၊ YELLOW LOTION ဒါဇင် ၁၅၀၊ RED LOTION ဒါဇင် ၃၀၀၊ PB SKIN LOTION ဒါဇင် ၁၀၀ ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

**ဓာတ်ပုံ-လော်ဂူး**




# လေဘေးထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**အုတ်ဖို ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အိုင်ကြီးဒေါင့်ကျေးရွာတွင် ဇူလိုင် ၃၀ ရက်ညက လေဆင်နှာမောင်း တိုက်ခတ်ခဲ့သဖြင့် နေအိမ်ရှစ်လုံးပြိုကျပျက်စီးခဲ့ပြီး နေအိမ် ၃၃ လုံး၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဂိုဒေါင်တစ်လုံးတို့မှာ အမိုးနှင့်အကာများ ပျက်စီးခဲ့သည်။

ယခုအခါ ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၁၀၈၀၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒန်အိုးနှင့်အဝတ်အထည် အပါအဝင် ပစ္စည်းကိုးမျိုးတို့ကို မြို့နယ်သဘာဝဘေး အန္တရာယ်ကာကွယ်ရေးအဖွဲ့က သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၅ ဒသမ ၃၉ လက်မ၊ ပူတာအိုမြို့တွင် ၅ ဒသမ ၀၀ လက်မ၊ မတ္တရာမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ကလေးဝမြို့ တွင် ၃ ဒသမ ၇၈ လက်မ၊ လောင်းလုံးမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ဟိုင်းကြီးမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မှော်ဘီမြို့တွင် ၁ ဒသမ ၈၁ လက်မနှင့် ကန့်ဘလူမြို့တွင် ၁ ဒသမ ၅၇ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# အာဖဂန်တာလီဘန်ခေါင်းဆောင် အပြောင်းအလဲနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ

ထွန်းတောက်

**စစ်ဒဏ်ခံအာဖဂန်**

ဆယ်စုနှစ်များစွာ စစ်ဘေးဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည့် အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးများကို မတည်ဆောက်နိုင်သေးသဖြင့် တရားဥပဒေစိုးမိုးမှု မရှိဘဲ စီးပွားရေးလည်း နောက်ကျကျန်နေခဲ့သည့်အတွက် အမှန်တကယ် ကြေကွဲဖွယ်ရာ ဒုက္ခဆင်းရဲကို တွေ့ကြုံနေရသည်မှာ ရိုးသားသော အာဖဂန်ပြည်သူများပင် ဖြစ်သည်။

ထို့ကြောင့်ပင် အာဖဂန်သမ္မတ အက်ရှရက်ဂါနီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တည်ငြိမ်ဖွံ့ဖြိုးရေးကို ဦးတည်ကာ အစိုးရကိုယ်စားလှယ်များနှင့် သူပုန်များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပါကစ္စတန်နိုင်ငံတွင် ကျင်းပစေခြင်းဖြင့် တိုင်းပြည်အနာဂတ်ကောင်းမွန်စေရန် ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်သည်။ ပါကစ္စတန်အစိုးရ၏ ကမကထပြုမှုဖြင့် အာဖဂန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နေခြင်းဖြစ်သည်။

လွန်ခဲ့သည့် သီတင်းပတ်၌ အာဖဂန် ထောက်လှမ်းရေးအေဂျင်စီမှ အရာရှိများက တာလီဘန်ခေါင်းဆောင် မူလာအိုမာသည် လွန်ခဲ့သည့် နှစ်နှစ် သို့မဟုတ် သုံးနှစ်ကပင် သေဆုံးသွားခဲ့ပြီဟု သတင်းထုတ်ပြန်ခဲ့သည်။

ထိုသတင်းထုတ်ပြန်ချက်ကို အာဖဂန်တာလီဘန်အဖွဲ့က မှန်ကန်ကြောင်း အတည်ပြုပြောဆိုခဲ့ပြီး မူလာအိုမာ၏ ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သည့် မူလာအက်တာမန်ဆိုကို တာလီဘန်အဖွဲ့၏ ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်ကြောင်း တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

မူလာမန်ဆိုသည် ပါကစ္စတန်အာဏာပိုင်များနှင့် ဆက်ဆံရေး ပြေလည်သူတစ်ဦးဖြစ်သည်ဟု သိရှိရသည့်အတွက် ထိုအချက်သည် အာဖဂန်ငြိမ်းချမ်းရေးအတွက် အရေးပါပေသည်။

ပါကစ္စတန်အစိုးရ၏ ကမကထပြုမှုဖြင့် အာဖဂန်အစိုးရနှင့် တာလီဘန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆက်လက်ဖြစ်ပေါ်စေရေး အခြေအနေကောင်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ အာဖဂန်နှင့် ပါကစ္စတန်နှစ်နိုင်ငံ ဆက်ဆံရေးမှာ ပိုမိုကောင်းမွန်သော အခြေအနေကို ပြသနေပေပြီ။

ယခုသီတင်းပတ်အတွင်း မူလာအိုမာသေဆုံးမှုကို အတည်ပြုပြီးနောက် အစိုးရနှင့် တာလီဘန်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ခေတ္တရပ်ဆိုင်းထားလိုက်သည်။

ခေါင်းဆောင်သစ် မူလာမန်ဆိုအနေဖြင့် ၁၄ နှစ်တိုင် လက်နက်ကိုင်အုံကြွလာခဲ့သည့် တာလီဘန်အားလုံးကို စည်းလုံးညီညွတ်စေရန်နှင့် ၄င်း၏အမိန့်နာခံစေရန် ထိန်းချုပ်နိုင်မည်လားဆိုသည်မှာ အဓိကစိန်ခေါ်မှုဖြစ်သည်။

အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ အာဖဂန်သို့ ပြန်လည်ဝင်ရောက်လာနိုင်မှုသည်လည်း မူလာမန်ဆိုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။

၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အာဖဂန်ကို အုပ်ချုပ်ခဲ့သည့် တာလီဘန်အစိုးရအဖွဲ့တွင် မူလာမန်ဆိုသည် လေကြောင်းဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၁ ခုနှစ်၌ အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များက အာဖဂန်ကိုသိမ်းပိုက်ကာ တာလီဘန်အစိုးရအဖွဲ့ကိုဖြုတ်ချပြီးနောက် ပါကစ္စတန်နိုင်ငံတွင် လျှို့ဝှက်စွာ ရွှေ့ပြောင်းအခြေစိုက်သည့် တာလီဘန်အစိုးရအဖွဲ့ ဆူပရင်းကောင်စီအဖွဲ့ဝင် ခုနစ်ဦးတွင် မူလာမန်ဆိုသည် နိုင်ငံရေးနှင့် စစ်ရေးတာဝန်ခံဖြစ်လာခဲ့ပြီး အရေးကြီးသော အဓိကဆုံးဖြတ်ချက်များကို ဆူပရင်းကောင်စီက ဆုံးဖြတ်ခဲ့သည်။

မူလာအိုမာကဲ့သို့ပင် မူလာမန်ဆိုသည် အာဖဂန်နိုင်ငံတောင်ပိုင်း၊ တာလီဘန်အဖွဲ့ စတင်အခြေတည်ရာ ကန်ဒါဟာ ပြည်နယ်သားတစ်ဦးဖြစ်သည်။ မူလာမန်ဆို၏ အသက်အရွယ်နှင့် မိသားစုအကြောင်းကို သိရှိသူ နည်းပါးသည်။ မန်ဆိုသည် အသက် ၄၀ ကျော်ရှိပြီဟု ခန့်မှန်းပြောဆိုနေကြသည်။

အာဖဂန်တာလီဘန်အဖွဲ့ ခေါင်းဆောင်သစ် မူလာမန်ဆိုအနေဖြင့် ရင်ဆိုင်ရမည့် အခြားစိန်ခေါ်မှုတစ်ခုမှာအာဖဂန်တွင် ခြေကုပ်ယူလာသည့် အိုင်အက်စ်အစွန်းရောက်အဖွဲ့ပင်ဖြစ်သည်။ လွန်ခဲ့သည့်လက မူလာမန်ဆိုသည် အိုင်အက်စ်ခေါင်းဆောင် အဘူဘေကာ အယ်ဘက်ဒါဒီထံသို့ အိတ်ဖွင့်စာပေးပို့၍ အိုင်အက်စ်တို့ အာဖဂန်နှင့် ကင်းကင်းရှင်းရှင်းနေရန် သတိပေးဖော်ပြထားခဲ့သည်။

အမေရိကန်အစိုးရသည် တာလီဘန် ခေါင်းဆောင်သစ် မူလာမန်ဆိုကို ဖမ်းဆီးမိသူအား ဒေါ်လာငါးသိန်းဆုငွေပေးရန် သတင်းထုတ်ပြန်ထားသည်ဟု သိရှိရသည်။

**ခေါင်းဆောင်သစ် မူလာမန်ဆိုအနေဖြင့် ၁၄ နှစ်တိုင် လက်နက်ကိုင် အုံကြွလာခဲ့သည့် တာလီဘန်အားလုံးကို စည်းလုံးညီညွတ်စေရန်နှင့် ၄င်း၏အမိန့်နာခံစေရန် ထိန်းချုပ်နိုင်မည်လားဆိုသည်မှာ အဓိကစိန်ခေါ်မှုဖြစ်သည်။**

**အောင်မြင်စွာရုပ်သိမ်း**

သမ္မတ အိုဘားမား ချမှတ်ထားသည့် အောင်မြင်စွာ တပ်ရုပ်သိမ်းမှုမဟာဗျူဟာအရ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်နှင့် နေတိုးတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များသည် အမေရိကန် လေ့ကျင့်ရေးအထူးတပ်ဖွဲ့ဝင် တစ်သောင်းကျော်ကို ချန်လှပ်ထားခဲ့ကာ အာဖဂန် စစ်မြေပြင်မှ ရုပ်သိမ်းထွက်ခွာလာခဲ့ပြီဖြစ်သည်။ အမေရိကန်နှင့် ဥရောပနိုင်ငံများသည် ဒေါ်လာဘီလျံများစွာ အကုန်အကျခံကာ အာဖဂန်အမျိုးသား တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း သုံးသိန်းကျော်ကို လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး အာဖဂန်နစ္စတန်၏ လုံခြုံရေးတာဝန်ကို ၄င်းတို့၏ ပခုံးပေါ်သို့ လွှဲပြောင်းပေးခဲ့ပြီဖြစ်သည်။

သို့သော်စစ်ရေးလေ့လာသူတို့က နေတိုးထွက်ခွာပြီးနောက်တွင် တာလီဘန်စစ်သွေးကြွများသည် အာဖဂန်အစိုးရကို ဖြုတ်ချလာနိုင်သည်။ ဆိုဗီယက်တပ်ဖွဲ့များ ဆုတ်ခွာသွားပြီးနောက် တာလီဘန်မူဂျာဟီဒင်များသည် အာဏာရှင်နာဂျီဘူလာကို သတ်ဖြတ်ပြီး အစိုးရကို ဖြုတ်ချအာဏာသိမ်းခဲ့သည့်ပုံစံမျိုးဖြစ်လာနိုင်သည်ဟု ဝေဖန်ပြောဆိုနေကြသည်။

ထို့ကြောင့်ပင် ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာအာဖဂန်သို့ရောက်ရှိစဉ် သမ္မတအက်ရှရက်ဂါနီက အမေရိကန် လေ့ကျင့်ထောက်ကူရေးတပ်ဖွဲ့များကို မလျှော့ချဘဲ နှစ်များစွာ ဆက်လက်ထားရှိပေးရန် တောင်းဆိုခဲ့ပြီး အမေရိကန်နှင့် အာဖဂန်အစိုးရကြားတွင် ယခုနှစ်အစောပိုင်း၌ အမေရိကန်တပ်ဖွဲ့များ ဆက်လက်ထားရှိရန် သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။

ယနေ့အချိန်၌ အာဖဂန်နိုင်ငံ တစ်နိုင်ငံလုံးတွင် တာလီဘန်များသည် အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များကလည်း ထိုးစစ်ဆင်တိုက်ခိုက်မှုများကို စစ်ဆင်ရေးများဖြင့် တိုးမြှင့် လုပ်ဆောင်နေလျက်ရှိသည်။

မကြာမီမြို့တော် ကဘူးလ်တွင် ကားဗုံးခွဲတိုက်ခိုက်မှုများကြောင့် လူများစွာသေဆုံးခဲ့ရသည်။ ဟာဇရာဒေသတွင် ဒေသခံမျိုးနွယ်စုဝင် ၃၀ ကျော်ကို တာလီဘန်အဖွဲ့တစ်ဖွဲ့က ပြန်ပေးဆွဲ ခေါ်ဆောင်သွားခဲ့သည်။ ၄င်းလုပ်ရပ်သည် ဆီးရီးယားနှင့် အီရတ်တွင် အိုင်အက်စ်အဖွဲ့က ကာ့ဒ်နှင့်ယဇီဒီမျိုးနွယ်ဝင်များကို ပြန်ပေးဆွဲ၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်းနှင့်ဆင်ဆင်တူနေသည်ဟု စစ်ရေးလေ့လာသူတို့က ဝေဖန်သည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တာလီဘန် ခေါင်းဆောင်အချို့သည် ဆီးရီးယားအိုင်အက်စ်အဖွဲ့ ခေါင်းဆောင် အဘူဘေကာအယ်ဘက်ဒါဒီကို သစ္စာခံကြောင်း မကြာမီက တရားဝင်သတင်းထုတ်ပြန်ထားသည်။ တာလီဘန်တို့၏ ဗျူဟာများမှာ အစိုးရထိန်းချုပ်ထားသည့် နယ်မြေများကို တဖြည်းဖြည်းချင်းတိုက်ခိုက်သိမ်းပိုက်ပြီးနယ်မြေချဲ့ထွင်ခြင်း ဗျူဟာပင်ဖြစ်သည်။

ထို့ကြောင့် တာလီဘန်စစ်သွေးကြွများသည် အစိုးရတပ်ဖွဲ့များကို ချုံခိုတိုက်ခိုက်ခြင်း၊ လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခြင်း၊ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းစသည့် နည်းဗျူဟာမျိုးစုံဖြင့် ဆန့်ကျင်နေကြခြင်းဖြစ်သည်။ ထို့ကြောင့်ပင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှု များပြားနေခြင်းဖြစ်သည်ဟု အာဖဂန်ဆိုင်ရာအမေရိကန် တပ်မှူးဗိုလ်ချုပ်ကြီးက ပြောဆိုနေခြင်းဖြစ်သည်။

**ငြိမ်းချမ်းရေးဆွေးနွေးပွဲ**

(၁၄) နှစ်ကျော်လာပြီဖြစ်သည့် အာဖဂန်ပြည်တွင်းစစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် သမ္မတအက်ရှရက်ဂါနီက ကြိုးပမ်းနေသည်။

ပါကစ္စတန်အစိုးရက ကမကထ ပြုလုပ်ပေးသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ မကြာမီက ရွှေ့ဆိုင်းထားခဲ့သည်။ အာဖဂန် အဆင့်မြင့် ငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင် ပါလီမန်အမတ် မိုဟာမတ်အက္ကဘာရီက တာလီဘန်လူငယ်ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးကိုမလိုလားဘဲ စစ်ပွဲကိုသာလိုလားနေသည်။ အကြမ်းဖက်မှု မြင့်တက်လေ၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ မှေးမှိန်လေဖြစ်မည်ဟု ၄င်းက ဝေဖန်ပြောဆိုခဲ့သည်။

**စီးပွားရေးချွတ်ခြုံကျမှု**

ပြည်တွင်းစစ်ဒဏ်ခံနေရသည့် အာဖဂန်သည် စီးပွားရေးချွတ်ခြုံကျမှု အခြေအနေဆိုးကိုလည်း ကြုံတွေ့နေရမှုကြောင့် ပြည်သူများမှာ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို ဒုက္ခပင်လယ်ဝေနေကြသည်။

ပြည်သူတို့၏ လူမှုစီးပွားဘဝ ကောင်းမွန်လာရန် အခြေအနေမပေးခြင်းမှာ တာလီဘန်စစ်သွေးကြွများသည် အစိုးရကို တိုက်ခိုက်နေသကဲ့သို့ ပြည်သူများကိုလည်း နှောင့်ယှက်ဒုက္ခပေးလျက်ရှိနေသည်။

မြို့တော်ကဘူးလ်ရှိ ဆာရာယီရှာဇာဈေးတွင် အရောင်းအဝယ်မကောင်းသကဲ့သို့ပင် နိုင်ငံခြားငွေလဲလှယ်မှုများလည်း အလုပ်မဖြစ်ကြပေ။ အာဖဂန်စီးပွားရေးဘဝရပ်တန့်နေသည်မှာ နှစ်နှစ်ကျော်လာပြီဖြစ်သည်။

နိုင်ငံရေးနှင့် စီးပွားရေးဆက်စပ်တည်မှီနေပြီး နိုင်ငံရေးနှင့် လုံခြုံရေးမတည်ငြိမ်မှုကြောင့် စီးပွားရေးကျဆင်း နေခြင်းဖြစ်ကြောင်း ပညာရှင်များက ဝေဖန်သည်။

အဆိုးဆုံးမှာ လုံခြုံမှုမရှိသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အာဖဂန်မှ ထွက်ခွာကာ ဒူဘိုင်း၊ တရုတ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် တူရကီနိုင်ငံများတွင် ရွှေ့ပြောင်း၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။

၂၀၀၂ ခုနှစ်မှ စတင်ကာ အာဖဂန်ဖွံ့ဖြိုးမှုစီမံကိန်းအတွက် အမေရိကန်အစိုးရသည် ဒေါ်လာသန်း ၁၄၀ ထောက်ပံ့ပေးခဲ့သည်။ သို့သော် ထိုထောက်ပံ့ငွေများသည် စစ်သုံးစရိတ်များအဖြစ်သာ သုံးစွဲခဲ့ကြပြီး စီးပွားရေးဖွံ့ဖြိုးစေရန် မထောက်ကူနိုင်ခဲ့ပေ။

ယခုအချိန်၌ အာဖဂန်အစိုးရသည် ပြည်ပထောက်ပံ့ငွေများကို မျှော်လင့်လျက်ရှိသည်။ အစိုးရရပ်တည်နိုင်ရန် နှစ်စဉ် ဒေါ်လာ ၁ ဒသမ ၈ ဘီလျံလိုအပ်သည်။

တာလီဘန်စစ်သွေးကြွများသည် ဘိန်းစိုက်ပျိုးမှုမှရရှိငွေ ဒေါ်လာ ၁ ဒသမ ၈ ဘီလျံကျော်ဖြင့် ရှင်သန်ရပ်တည်နေခြင်းဖြစ်သည်။ နိုင်ငံတကာက အာဖဂန်အား ၂၀၁၆ ခုနှစ်အထိ ထောက်ပံ့ငွေပေးမည်ဟု ကတိပြုထားသည်။

ထောက်ပံ့ငွေမရရှိခဲ့လျှင် အစိုးရလည်ပတ်နိုင်မည်မဟုတ်ပေ။ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင် သုံးသိန်းခွဲကျော်နှင့် ဝန်ထမ်းများအား လစာငွေပေးရန် အစိုးရတွင် ဘဏ္ဍာငွေကြေးမရှိပေ။

အာဖဂန်ကို နေတိုးတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် ၂၀၀၁ ခုနှစ်မှစတင်ကာ နှောင်းပိုင်းကာလတွင် အာဖဂန်စီးပွားရေး တိုးတက်ခဲ့သည်။ နိုင်ငံ၏ ဂျီဒီပီမှာ ဒေါ်လာ ၂ ဒသမ ၅ ဘီလျံမှ ၂၀ ဘီလျံအထိ တိုးတက်ခဲ့သည်ဟု ကမ္ဘာ့ဘဏ်က သတင်းထုတ်ပြန်ခဲ့သည်။

စိုက်ပျိုးရေးကို အခြေခံသော်လည်း အာဖဂန်တွင် တရားမဝင်ဘိန်းစိုက်ပျိုးမှုကို မထည့်သွင်းသင့်ပေ။ အာဖဂန်၏ စိုက်ပျိုးရေးဆိုင်ရာ ပြည်ပပို့ကုန်များမှာ အဓိကအားဖြင့် စပျစ်သီးခြောက်၊ ကတွတ်သီးနှင့် Pastachios တို့ ပါဝင်ပြီး ၎င်းကုန်ပစ္စည်းများကို အိန္ဒိယ၊ ပါကစ္စတန်နှင့် အခြား ၄၅ နိုင်ငံသို့ တင်ပို့ရောင်းချသည်။ လူဦးရေသန်း ၃၀ ရှိသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် နှစ်စဉ်လူငယ်လေးသိန်းခန့် အလုပ်ခွင်သို့ ဝင်ရောက်ကြသည်။

အာဖဂန်တွင် နိုင်ငံခြားကုမ္ပဏီများ မျက်စိကျနေသည်မှာ သတ္တုမိုင်းတူးဖော်ရေးဖြစ်သည်။ အမေရိကန် စူးစမ်းရေးအဖွဲ့၏ သုတေသနပြုချက်အရ ရွှေ၊ ကြေးနီနှင့် သံ၊ သယံဇာတအရင်းအမြစ်များရှိနေပြီး ထုတ်လုပ်နိုင်ခဲ့လျှင် နှစ်စဉ်ဒေါ်လာ ၃ ထရီလီယံ ဝင်ငွေရရှိနိုင်သည်ဟု သိရသည်။

အာဖဂန်၏ အဓိကစီးပွားလုပ်ငန်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ်တွင် မှီခိုနေသည်။ အာဖဂန်အစိုးရ၏ အကျင့်ပျက်ခြစားမှုနှင့် နိုင်ငံလုံခြုံမှု မရှိခြင်းသည် စီးပွားရေးကျဆင်းခြင်းနှင့် အလုပ်လက်မဲ့ထူပြောခြင်း၏ အကြောင်းရင်းများဖြစ်သည်ဟု နိုင်ငံရေးပညာရှင်များက သုံးသပ်ကြသည်။

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်မိုးရွာမည့် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၁၁ ရက်တွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်သည်။

ကယားပြည်နယ်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ချင်းပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့မျက်နှာဖုံး သတင်းခေါင်းစဉ်ကို **“အရေးကြီးသည့် မြစ်ကမ်းထိန်းတမံများကို သာမန်ထက်ထူးကဲရေကြီးမြင့်တက်ချိန်တွင် ကာကွယ်နိုင်စွမ်းရှိရန် လက်ရှိ အမြင့်ထက် ငါးပေခန့်အထိတိုးမြှင့်နိုင်ရေးဆောင်ရွက်မည်”** ဟူ၍လည်းကောင်း၊ စာမျက်နှာ (၅)ပါ တိုင်းဒေသကြီး/ပြည်နယ်များ၏ ခန့်မှန်း စပါး/ဆန်လက်ကျန်အခြေအနေဇယား စာတိုင်(၄)တွင် **“တစ်လစားသုံးနှုန်း (တန်သိန်း)”** ဟူ၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(စာတည်း)**

# ဒုတိယသမ္မတ ဦးညဏ်ထွန်း တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် ယဉ်ကျေးမှုများဖလှယ်ရေး၊ အပြန်အလှန် ချစ်ကြည်ရေးခရီး လည်ပတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးမော်သာထွေးနှင့် ဦးအောင်ထူးတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်တင်နှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဆိုင်ကလုန်းမုန်တိုင်း ကိုမန် တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော လျှပ်စစ်တာဝါတိုင်များပြန်လည်ပြုပြင်

**နေပြည်တော် ဩဂုတ် ၁၀**

ရခိုင်ပြည်နယ်အတွင်း ဩဂုတ် ၃၀ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း ကိုမန်တိုက်ခတ်မှုကြောင့် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်းမှ တာဝါတိုင် သုံးတိုင် ထိခိုက်ပျက်စီးခဲ့သည်။

ထိုသို့ ထိခိုက်ပျက်စီးသွားသော တာဝါတိုင်များအား အမြန်ဆုံးအစားထိုးတပ်ဆင်နိုင်ရေးအတွက် ပဒါန်းစခန်းနှင့် ဉသျှစ်ပင်စခန်းတို့မှ တာဝါတိုင်များကို တောင်ကုတ်မြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့် သယ်ယူခဲ့ရာ ဩဂုတ် ၅ ရက်တွင် ပုဏ္ဏားကျွန်း ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

ရောက်ရှိလာသည့် တာဝါတိုင်များကို ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံသို့လည်းကောင်း၊ အောင်ဖြူပြင်(ယာယီ)စခန်းသို့ လည်းကောင်း ဆက်လက်ပေးပို့ခဲ့ပြီး တာဝါဖောင်ဒေးရှင်း လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်မည်ဖြစ်သဖြင့် ဩဂုတ် ၈ ရက်မှစ၍ တာဝါတိုင်များ တပ်ဆင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

# သဘာဝနှင့် ကိုက်ညီအောင်နေထိုင်ခြင်း ပညာပေးဗီဒီယို CDများ လှူဒါန်းမည်

**နေပြည်တော် ဩဂုတ် ၁၀**

SMART GROUP OF COMPANIES မှ စာရေးဆရာ ဦးကျော်ကျော်လှိုင် ရိုက်ကူးသည့် “သဘာဝနှင့် ကိုက်ညီအောင် နေထိုင်ခြင်း” ပညာပေး ဗီဒီယို CD (၇၂၇၃) ချပ်အား ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းများနှင့် အဖွဲ့အစည်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ညောင်တုန်း၊ ဇလွန်၊ ဟင်္သာတရေဘေးသင့်ပြည်သူများအား ကူညီလှူဒါန်း

**ဟင်္သာတ ဩဂုတ် ၁၀**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယက ဒေါ်နီနီဝင်းနှင့် ဥက္ကဋ္ဌပါမောက္ခဒေါက်တာဇင်မာထွန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊အဖွဲ့ဝင်များသည် ဩဂုတ် ၉ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်တုန်းမြို့နှင့် ဇလွန်မြို့တို့၌ ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည် သူများကို အားပေးစကား ပြောကြားကာ ညောင်တုန်းမြို့ရေဘေးသင့်ပြည်သူများအားငွေကျပ် ၂၀၉၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ အဝတ်အထည်များ၊ တာပေါ်လင်စနှင့် ဆေးဝါးများပါ ပစ္စည်း ၁၆ မျိုးကိုလည်းကောင်း၊ ဇလွန်မြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးနှင့်စား သောက်ကုန်၊ ခြင်ထောင်များနှင့် အဝတ်အထည်များကို လည်းကောင်းပေးအပ်လှူဒါန်းခဲ့သည်။




ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကနှင့် အဖွဲ့များသည် မွန်းလွဲ ၁ ခွဲတွင် ဟင်္သာတမြို့သို့ ရောက်ရှိကာ ရေဘေးကယ်ဆယ်ရေးစခန်းများသို့သွားရောက်ပြီး အားပေးစကားများ ပြောကြားကာငွေကျပ် ၇၅၁၅၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ရေသန့်၊ အင်္ကျီ၊ ဦးထုပ်၊ ဗလာစာအုပ်၊ ချိုချဉ်နှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် အဖွဲ့ချုပ်နာယကနှင့်အဖွဲ့ဝင်များသည် ဟင်္သာတမြို့၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဖွင့်လှစ်သောစက်ချုပ်သင်တန်းသို့သွားရောက်ကာ သင်တန်းသူများအတွက် ငွေကျပ်ငါးသိန်းကိုထောက်ပံ့လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါက်တာခင်ဆွေမြင့်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးအကြောင်းအရာများကို စက်ချုပ်သင်တန်းသူ ၅၀ နှင့် မြို့ပေါ် ရပ်ကွက်များရှိ အမျိုးသမီးငယ်များအား ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

**ကလေးမြို့နယ် နေရှူရာမြစ်ကူး တံတားပေါ်၌ ထုနှစ်ပေခွဲအထိ ဖုံးလွှမ်းလျက်ရှိသော ရွှံ့နွံများကို နယ်မြေခံတပ်မှ တပ်မတော်သားများ ဩဂုတ် ၁၀ ရက် ည ၈ နာရီက လာရောက် ရှင်းလင်းနေသည်ကိုတွေ့ရစဉ်။**

(ထိုကဲ့သို့ ရှင်းလင်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲလျက်ရှိသည့် ကလေး-ကလေးဝ အကွာအဝေး ၂၄ မိုင်အတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ကလေးမြို့ရေကြီးစဉ်က အဆိုပါတံတား နစ်မြုပ်ခဲ့ပြီး တံတားအနီး ကျီကုန်းရွာမှ ကလေးမြို့သို့ လမ်းမရှိတော့ဘဲ စက်လှေများဖြင့် လူတစ်ဦးလျှင်ငွေကျပ်တစ်သောင်းနှုန်းပေးကာ သွားခဲ့ကြရသည်။

ရေပြန်ကျသွားသော်လည်း မြေပြိုခြင်း၊ လမ်းအက်ကွဲခြင်းနှင့် ရွှံ့နွံများ တစ်ပေမှ သုံးပေအထိ ဖုံးလွှမ်းနေခြင်းကြောင့် ဒေသခံတပ်များမှ တပ်မတော်သားများက လူအား၊ စက်ယန္တရား အားများဖြင့် ရှင်းလင်းပေးလျက်ရှိသည်။)

**သတင်းမြင်ကွင်း-ခင်ရတနာ**



**ရေလွှမ်းမိုးမှု မတိုင်ခင် မိုးလေဝသ သတင်းကို အမြဲမပြတ် နားထောင်ပါ**

# ရေကြီးနစ်မြုပ်နေသည့်ဒေသများ၌ လူမှုရေးအဖွဲ့များနှင့်အတူ တပ်မတော်က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၀

**ဇူလိုင်လ နောက်ဆုံးပတ်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။ ထိုဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးပို့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ အလားတူ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတအသင်းများနှင့် တပ်မတော်သားများက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။**



ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ကျေးရွာများတွင် ရေနစ်မြုပ်မှုဖြစ်ပွားရာ အဆိုပါကျေးရွာမှ ဒေသခံများအား တပ်မတော်သားများက ကူညီကယ်ဆယ်ဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။

ထို့အတူ ဩဂုတ်လဆန်းမှစ၍ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ကျေးရွာများ၌ ရေနစ်မြုပ်မှုဒဏ်ကို ခံစားနေရပြီး ကားလမ်းများပေါ် ရေကျော်နေသဖြင့် သွားလာမှုအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အဆိုပါ ဒေသနှစ်ခု၌ ကျေးရွာပေါင်း ၄၆၂ ရွာရှိသည့်အနက် ရွာ ၄၀ ခန့် ရေနစ်မြုပ်မှုဒဏ်ကို ခံခဲ့ရသဖြင့် သက်ဆိုင်ရာမှ ကယ်ဆယ်ရေးစခန်း ၁၅ ခု ဖွင့်လှစ်ပေးခဲ့ကာ ဩဂုတ် ၈ ရက် စာရင်းများအရ အိမ်ထောင်စု ၁၁၂၈ စုရှိ လူဦးရေ ၄၀၄၃ ဦးကို ကယ်ဆယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးထားကြောင်း တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရှိရသည်။

ထို့အတူ မြစ်ရေ ဆက်လက်မြင့်တက်နေမှုကြောင့် ရေနစ်မြုပ်နေသည့် ကျေးရွာများမှ ပြည်သူများကို သက်ဆိုင်ရာနှင့်အတူ တပ်မတော်သားများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။ ထိုဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပါဝင်ဆောင်ရွက်နေသည့် စစ်သည်များ၏ အတွေ့အကြုံနှင့် ခံစားချက်များကို ဖော်ပြလိုက်ပါသည်။

"ကျွန်တော် အခုရေမြုပ်နေတဲ့ ရွာတွေကိုလိုက်ပြီး စက်လှေနဲ့ ကယ်ဆယ်ရေးတွေလုပ်ပေးနေတယ်။ အခုလိုလုပ်တာ တစ်ပတ်လောက်ရှိနေပြီ။ တချို့ကတော့ သူတို့ရဲ့ ဝက်နဲ့ နွားတွေကို မထားခဲ့နိုင်တော့ မလိုက်ချင်ကြဘူး။ ကျွန်တော်တို့အနေနဲ့ ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေကို ဦးစားပေးပြီးခေါ်ရတယ်။ ဒါ့အပြင် နွားတွေကိုလည်း ဆွဲပြီးခေါ်လာရတာတွေလည်းရှိပါတယ်။ ရင်ခေါင်းလောက်ရှိတဲ့ရေထဲမှာ ကယ်ဆယ်ရေးလုပ်နေတာဆိုတော့ အခက်အခဲတော့ရှိပါတယ်။ ပြည်သူတွေ ဒုက္ခရောက်နေတဲ့အချိန်မှာ ကူညီပေးရမှာ ကျွန်တော်တို့တာဝန်ပါ။ တာဝန်အရလည်း လုပ်ပေးနေသလို စိတ်ထဲမှာလည်း ဆန္ဒအပြည့်နဲ့ လုပ်ပေးနေတာပါ" ဟု တိုက်ကြီးမြို့နယ်အတွင်းရှိ ရွာသာကျေးရွာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နေသူ ဒုတပ်ကြပ် နိုင်စိုးက ပြောသည်။

"တံတားကြခိုင်မှ ကောင်းအောင်နဲ့ ရေစီးကောင်းအောင် မြစ်ထဲက မျောလာတဲ့ ဒိုက်တွေကို ဆယ်ပေးနေတာပါ။ ပြည်သူတွေ သွားလာလို့ ကောင်းအောင် လမ်းတွေခင်းပေးတယ်။ ရေတက်နိုင်တဲ့နေရာတွေကို သဲအိတ်တွေဖို့ပေးနေတယ်။ အခက်အခဲအနေနဲ့ကတော့ မြွေအန္တရာယ် ကြောက်ရသလို ရေထဲဆင်းတဲ့အခါမှာလည်း အခန့်မသင့်ရင် ရေထဲမျောပါသွားနိုင်တဲ့အတွက် ခါးမှာ ကြိုးတွေစည်းပြီး လုပ်နေရပါတယ်။ အခုလို လုပ်ကိုင်ရပေမယ့် ပင်ပန်းတယ်လို့ မထင်ပါဘူး"ဟု တိုက်ကြီးမြို့နယ် ဥတိုတာဆုံရှိ ဒုံဖျိုက်တံတားတွင် ပါဝင်ဆောင်ရွက်နေသူ တပ်သား မောင်လှက ပြောသည်။

"ကယ်ဆယ်ရေး လုပ်ငန်းတွေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေပါတယ်။ ကယ်ဆယ်ရေးလုပ်တဲ့အခါမှာ စက်လှေတစ်စင်းကို စစ်သည် ငါးယောက်နဲ့ လိုက်ကယ်တယ်။ လူတွေနဲ့ပစ္စည်းတွေကို ကယ်ဆယ်ရေးစခန်းတွေကို ပို့ပေးနေတယ်။ သွားပြီးကယ်တဲ့အခါမှာ လိုက်ချင်တဲ့



တပ်ကြပ်ကြီး မြင့်နိုင်ဦး



ဒုတပ်ကြပ် နိုင်စိုး



တပ်သား ရဲသူ

သူရှိသလို မလိုက်ချင်တဲ့သူလည်း ရှိတယ်။ အတတ်နိုင်ဆုံးတော့ နားလည်အောင်ပြောပြပြီး ခေါ်လာခဲ့ပါတယ်"ဟု တပ်သား ချစ်ညီထွေးက ပြောသည်။

"ရေတက်လာတော့မယ် ဆိုကတည်းက ကြိုတင်ကာကွယ်မှုတွေ လုပ်ခဲ့တယ်။ ရေတက်လာတော့လည်း ကယ်ဆယ်ရေးလုပ်ငန်းတွေ ချက်ချင်း သွားရောက်လုပ်ကိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကယ်ဆယ်ရေးစခန်းက ပြည်သူတွေကိုလည်း နေထိုင်စားသောက်မှုနဲ့ ကျန်းမာရေးကအစ ကူညီစောင့်ရှောက်မှုတွေ လုပ်ပေးနေပါတယ်။ ကျွန်တော်တို့ တပ်ရင်းအနေနဲ့ကတော့ တိုက်ကြီးအနီးမှာရှိတဲ့ ကျေးရွာဆယ်ရွာလောက်မှာ ကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်ပေးနေတယ်။ ပြည်သူတွေ သွားလာရေးလွယ်ကူအောင် စက်လှေတွေနဲ့ အကြိုအပို့တွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ ပြည်သူတွေကို အချိန်မီ ကယ်ဆယ်စောင့်ရှောက်မှုတွေလုပ်ပေးနိုင်လို့ ကျေနပ်ပါတယ်"ဟု တပ်ကြပ်ကြီး မြင့်နိုင်ဦးက ရှင်းပြသည်။

"ရေမတက်ခင်မှာ ကြိုတင်ပြီး သဲအိတ်တွေဖို့တယ်။ ရေတက်လာတဲ့အခါမှာလည်း ပြည်သူတွေကို ရွှေ့ပြောင်းဖို့ သတိလိုက်ပေးတယ်။ အတတ်နိုင်ဆုံး ရွှေ့ပြောင်းပေးဖို့ စည်းရုံးပြောဆိုမှုတွေ လုပ်ခဲ့ရတယ်။ တချို့ကလည်း မပြောင်းချင်ကြဘူး။ အတွေ့အကြုံလေးနဲ့ယှဉ်ပြီး နားလည်အောင် ပြောပြခဲ့ရတယ်။ ကယ်ဆယ်ရေးလုပ်တဲ့အခါမှာလည်း အကြောင်းကြားလို့ သွားရောက်ကယ်ဆယ်တာမျိုးရှိသလို မရောက်သေးတဲ့နေရာတွေကို ရှာဖွေကယ်ဆယ်တာမျိုးလည်း လုပ်နေပါတယ်။ ကယ်ဆယ်တဲ့အခါမှာလည်း ပစ္စည်းတွေနဲ့အတူ အိမ်မွေးတိရစ္ဆာန်တွေကိုလည်း တစ်ခါတည်း သယ်ဆောင်ပေးခဲ့ပါတယ်။ ကိုယ့်မိသားစုလို သဘောထားပြီး လုပ်ခဲ့တာပါ။ အဆုံးရှုံးမခံနိုင်ပါဘူး။ သူတို့နဲ့ထပ်တူ ခံစားရပါတယ်။ ဘာမျှော်လင့်ချက်မှမထားပါဘူး။ ပြည်သူတွေအန္တရာယ်ကင်းဖို့အတွက် လုပ်ပေးနေရလို့ ကျေနပ်ပါတယ်" ဟု ဒုတပ်ကြပ် ရဲအောင်က ပြောသည်။

"စက်လှေနဲ့ကယ်လာတဲ့ ပြည်သူတွေကို ကယ်ဆယ်ရေးစခန်းကို လိုက်ပို့ပေးနေတယ်။ ကယ်ဆယ်ရေးစခန်းမှာလည်း ကြိုတင်ပြီး အိမ်သာတွေဆောက်ပေးခဲ့တယ်။ ဒါ့အပြင် ပြည်သူတွေအတွက် ထမင်းထုပ်တွေ လိုက်ဝေတဲ့ အလုပ်ကို လုပ်ပေးနေပါတယ်။ ပြည်သူတွေအတွက် လုပ်ပေးနေတာဆိုတော့ ပင်ပန်းတယ်လို့ မထင်ပါဘူး။ ကုသိုလ်တောင်ရပါသေးတယ်"ဟု တပ်သားရဲသူက သူ၏ လုပ်ဆောင်ပေးနေမှုကို ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏီတ)**

# ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းနိုင်ရန် သိရှိလိုသည့်အချက်အလက်များ စုံစမ်းမေးမြန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးရေလျှံမှု၊ မြေပြိုမှု စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း အလှူငွေနှင့်ပစ္စည်းများကို မိမိတို့ကိုယ်တိုင် တိုက်ရိုက်လှူဒါန်းခြင်း သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့လှူဒါန်းနိုင်ရန် နယ်မြေဒေသများအလိုက် သိရှိလိုသည့်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ တာဝန်ရှိသူများ၏ လိပ်စာနှင့်တယ်လီဖုန်းနံပါတ်များကို ယမန်နေ့ထုတ်သတင်းစာများတွင် ဖော်ပြပြီးဖြစ်သည်။

ယခုအခါ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ သိရှိလိုသည့်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ရန်အတွက် တာဝန်ရှိသူများ၏ လိပ်စာနှင့် ဖုန်းနံပါတ်များကို ဖော်ပြထားရှိသည်။ **(သတင်းစဉ်)**

**ချင်းပြည်နယ်**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးမောင်မောင်ဆန်း | အစိုးရအဖွဲ့အတွင်းရေးမှူး | ၀၉၂၄၅၀၂၂၂ |
| ၂။ | ပြည်နယ်ပြည်တွင်းအခွန်ဦးစီးဌာန | ဦးစိုးညွန့် | ပြည်နယ်အခွန်မှူး | ၀၉၅၀၆၁၆၁၀ |
| ၃။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးနန်ဇမုန် | ဘဏ္ဍာရေးဝန်ကြီး | ၀၉၃၃၃၄၆၂၂၂ |
| ၄။ | ပြည်နယ်ကျေးလက်ဦးစီးဌာန | ဦးတမ်အောင် | ဒုညွှန်ကြားရေးမှူး | ၀၉၂၄၅၀၀၇၇ |
| ၅။ | ပြည်နယ်စိုက်/ဘဏ် | ဦးကျော်ထိန် | ပြည်နယ်ဦးစီးမှူး | ၀၉၂၆၂၉၄၉၆၉ |
| ၆။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဘာမန်ပီးပူ | ဦးစီးအရာရှိ | ၀၉၉၆၀၀၇၅၅၃၉ |

ချင်းပြည်နယ်သဘာဝဘေးဒဏ်သင့်ကူညီထောက်ပံ့ရေးဘဏ္ဍာရေးကော်မတီသို့လိပ်မူ၍ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ် အကောင့်နံပါတ်-CF-00094 နှင့် ဟားခါးမြို့ CB ဘဏ်အကောင့်နံပါတ် 0054600100022217 သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။

**ရခိုင်ပြည်နယ်**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဒေါက်တာအောင်ကျော်မင်း | လူမှုရေးဝန်ကြီး | ၀၄၃-၂၂၆၅၁ |
| ၂။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးကိုကိုနိုင် | တိုင်းရင်းသားရေးရာဝန်ကြီး | ၀၉၈၅၂၄၁၆၃ |
| ၃။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးတင်မောင်ဆွေ | အစိုးရအဖွဲ့အတွင်းရေးမှူး | ၀၄၃-၂၃၆၃၈ |
| ၄။ | ပြည်နယ်လူကယ်/ပြန် | ဦးမြင့်စိုး | ညွှန်ကြားရေးမှူး | ၀၄၃-၂၃၀၆၉ |
| ၅။ | မြောက်ဦးခရိုင် ခရိုင်ထွေ/အုပ် | ဦးအောင်မွန်လတ် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၄၀၂၅၂၄၀၆၄ |
| ၆။ | မောင်တောခရိုင် ခရိုင်ထွေ/အုပ် | ဦးခင်မောင်လွင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၄၂၈၂၂၄၇၀၁ |
| ၇။ | ဘူးသီးတောင် မြို့နယ်ထွေ/အုပ် | ဦးသန်းရွှေ | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၉၄၉၆၅၈၅၀၁ |

## ရေကြီးနစ်မြုပ်ရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀** မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ကံကြီး-ဇော်ချောင်း မိုင် (၅၂၁/၂၂-၂၃) တံတားအမှတ်(၂၈၁)ပေါ်၌ ရထားစမ်းသပ်မောင်းနှင်ရန် စီစဉ်ထားသော်လည်း ရေမျက်နှာပြင် မြင့်တက်လာသောကြောင့် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ရေအတက်အကျပေါ်မူတည်၍ LST အထိုင်အောက်တွင်ရှိသော ကျောက်များနှင့် ဇလီဖားများ စိတ်ချနိုင်သည့်အခြေအနေရောက်ရှိမှသာ လမ်းပိုင်းဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

မင်းဘူး-သရက် လမ်းပိုင်း၊ လက်ပံ-ကြာကန်ကြား မိုင် (၂၅၉/၁၂-၁၃) လမ်းပိုင်းပြုပြင်မှုများ ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၉ ရက် ည ၈ နာရီတွင် ပြန်လည် ဖွင့်လှစ်ပေးခဲ့သည်။

ပခုက္ကူ-ဆင်ဖြူကျွန်းလမ်းပိုင်း၊ တန့်ကြည်တောင်-ဒေါင်းသာကြား လမ်းပိုင်းကို တောင်ပြိုမြေများရှင်းလင်းပြီး ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ် ပြေးဆွဲပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

၂၀၁၅ ခုနှစ် ဩဂုတ် ၁၀ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | | စုဆောင်းပြီးမျိုး | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ဒေသတွင်း | | တိုင်းပြင်ပ | | ပေါင်း | |
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | ၁၅၀၀၀ | - | - | - | ၁၅၀၀၀ | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၃၁၂၃၄ | ၁၄၈၅၀ | ၁၀၀၉၅ | ၁၂၀၀ | ၁၇၅၀ | ၁၆၀၀ | - | - | ၁၇၅၀ | ၁၆၀၀ |
| ၃။ | ကယားပြည်နယ် | ၉၉ | ၉၉ | ၅၇ | ၃၆ | - | ၄၅၀၀ | - | - | - | ၄၅၀၀ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၁၀ | ၅၀၀ | - | - | - | ၅၀၀ | - |
| ၅။ | ချင်းပြည်နယ် | ၃၀၄၉ | ၂၆၅၅ | ၂၇၁၂ | ၁၂၈၆ | - | ၁၃၀ | - | - | - | ၁၃၀ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၆၈၅၀ | ၁၈၀၀၀၇ | ၁၃၆၃၄၈ | ၈၇၁၅၅ | ၅၇၅၈ | ၄၀၈၅၀ | - | - | ၆၆၀၀၀ | ၄၀၈၅၀ | ၆၆၀၀၀ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | - | ၁၀၀ | - | - | - | ၁၀၀ | - |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ၃၇၄၁၅၅ | ၂၅၇၂၈၄ | ၁၀၉၈၉၁ | ၃၅၅၁၂ | - | ၅၀၀၀၀ | ၂၅၀၀၀ | - | - | ၅၀၀၀၀ | ၂၅၀၀၀ |
| ၉။ | မကွေးတိုင်းဒေသကြီး | ၉၂၄၃၂ | ၈၄၁၁၅ | ၉၂၄၃၂ | ၆၁၄၄၄ | ၇ | ၆၄၉၀၀ | ၁၀၀၀၀ | ၁၀၁၀၀ | - | ၇၅၀၀၀ | ၁၀၀၀၀ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၄၄ | ၁၇ | ၅ | ၃၀၀၀၀ | - | - | - | ၃၀၀၀၀ | - |
| ၁၁။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၃၉၀ | - | - | ၁၆၃၂၀ | - | - | - | ၁၆၃၂၀ | - |
| ၁၂။ | ရခိုင်ပြည်နယ် | ၂၉၀၁၂၉ | ၂၉၀၁၂၉ | ၂၇၃၀၅၄ | ၁၁၄၂၅၉ | ၂၆၂၆၆ | ၁၂၇၂၄၆ | - | - | - | ၁၂၇၂၄၆ | - |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | ၈၉၈၇၉ | ၄၅၄၉၃ | ၁၂၅၆၇ | ၂၀၀၀ | ၃၀ | ၃၈၇၀၀ | - | - | - | ၃၈၇၀၀ | - |
| ၁၄။ | ရှမ်းပြည်နယ် | ၁၂၄၄၅ | ၁၁၅၈၁ | ၂၅၃၄ | ၁၃၇၇ | ၁၃၇ | ၁၄၀၀၀ | ၁၀၀၀၀ | - | - | ၁၄၀၀၀ | ၁၀၀၀၀ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | ၂၃၁၅၂၇ | ၈၆၆၁၉ | ၆၆၂၃၆ | ၄၇၉၈၈ | - | ၄၅၀၀၀၀ | - | - | - | ၄၅၀၀၀ | - |
| | စုစုပေါင်း | ၁၃၃၁၁၈၀ | ၁၀၀၈၀၀၄ | ၇၂၁၀၃၁ | ၄၆၁၂၄၃ | ၃၃၄၁၃ | ၉၄၃၉၉၆ | ၄၆၆၀၀ | ၁၀၁၀၀ | ၆၆၀၀၀ | ၉၅၄၀၉၆ | ၁၁၂၆၀၀ |

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၀ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၂၀၅၈၂၄ စုမှ လူဦးရေ ၉၁၇၃၁၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၀၀ သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၈၁၆၇၀၁၀၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၂၁၆၄၉၈၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၆၉၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၂၄၉၄၉၆၁၄၆ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၈၄၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၀၈၁၆၆၀၇၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ

၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၀- ၈ -၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၀ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၁၉၁၆၁ | ၁၄၇၃၅၆ | ၈ | ၃၂၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၄၀၄၇၉၀၀ | ၇၀၀၀၀၀ | ၆၉၀၃၀၆၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၀၃ | ၈၀၈ | ၇၅၀၆ | ၉ | - | - | - | ၁၇၅၉၅၄၆ | ၅၀၀၀၀၀ | ၂၂၅၉၅၄၆ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၄ | ၁၅၂၄၃ | ၁၁ | ၇၁၅၃၂၀၀ | ၁၆၂၀၀ | ၄၉၀၀၀၀၀ | ၁၇၇၅၅၈၀၈ | ၈၀၀၀၀၀ | ၃၀၆၂၅၂၀၈ | |
| ၅။ | ချင်းပြည်နယ် | ၁၉၅၂ | ၁၅၃၆ | ၇၆၇၈ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၃ | ၁၆၇၀၃ | ၈၆၀၀၄ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇။ | ကရင်ပြည်နယ် | - | ၇၈၁ | ၃၈၉၀ | - | ၅၂၃၀၂၀၀ | ၁၃၆၈၂၈၅၀ | - | - | - | ၁၈၉၁၃၀၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၁၁ | ၁၆၄၁၅ | ၆၂၃၉၂ | ၂ | - | - | - | ၂၈၈၂၉၈၂၀ | - | ၂၈၈၂၉၈၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂၇၁၀ | ၆၃၇၄၄ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၆၀၂၃၃၅၀ | - | ၁၆၁၇၈၃၃၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၂၀၁ | ၆၀၁၁၉ | ၂၄၃၂၂၈ | - | ၁၄၇၂၆၇၀၀ | - | - | ၈၆၇၂၁၃၀ | - | ၂၃၃၉၈၈၃၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၂၂၉၉ | ၈၃၆၆ | - | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **ပေါင်း** | **၁၅၆၁၃** | **၁၈၇၆၆၀** | **၉၀၂၄၀၄** | **၉၃** | **၇၈၁၂၂၇၅၀** | **၁၇၈၅၇၀၅၀** | **၁၀၆၆၅၀၀၀၀** | **၂၃၃၇၉၀၅၆၆** | **၇၇၀၀၀၀၀** | **၄၄၄၁၂၀၃၆၆** | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၁၆၀၁၈** | **၁၈၉၈၀၆** | **၉၁၇၃၁၅** | **၁၀၀** | **၈၁၆၇၀၁၀၀** | **၂၁၆၄၉၈၃၀** | **၁၄၆၉၅၀၀၀၀** | **၂၄၉၄၉၆၁၄၆** | **၈၄၀၀၀၀၀** | **၅၀၈၁၆၆၀၇၆** | |

## ကလေးမြို့ ကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

**ကလေး ဩဂုတ် ၁၀** ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများရေကြီးနစ်မြုပ်ခဲ့ရသည့်အတွက် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများရှိ ဒေသခံများအား လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကယ်ဆယ်ရေးစခန်းတိုင်းတွင် ဩဂုတ် ၃ ရက်ကစ၍ စာရင်းများကောက်ယူခြင်း၊ စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်ကတ်ပြားများ၊ အိမ်ထောင်စုဇယားများ နေ့ချင်းပြီး ထုတ်ပေးလျက်ရှိသည်။ **နေစု**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ထောက်ပံ့လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ တပ်မတော်နှင့် ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ထောက်ပံ့လျက်ရှိသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနသည် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းမှ ခေါက်ရေတစ်ခေါက်ဖြင့် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့်လူသုံးကုန်ပစ္စည်း၊ ရေသန့်ဆေး၊ ဆေးဝါးမျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ မုန့်မျိုးစုံ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ဆန်အိတ်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်၊ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေ ငါးခေါက်ဖြင့် ဆန်အိတ်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးမျိုးစုံ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် စားသောက်ကုန်များကိုလည်းကောင်း ပေးပို့လျက်ရှိသည်။

ထို့ပြင် ဩစတြေးလျနိုင်ငံအစိုးရမှ မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် Family Kits ၉၅၂ ထုပ်သည် ဩစတြေးလျလေတပ်မှ C-17 A လေယာဉ်ဖြင့် ရန်ကုန်လေဆိပ်သို့ ရောက်ရှိပြီး ရေဘေးသင့်ဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့များသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ရေဘေးသင့်အိမ်ထောင်စုများအတွက် ၉-၈-၂၀၁၅ ရက်နေ့အထိ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းမှု၊ ဖြန့်ဝေမှုနှင့်လက်ကျန်အခြေအနေ

| စဉ် | အလှူငွေနှင့်ပစ္စည်း | စစ်ကိုင်းတိုင်းဒေသကြီး | | | ပဲခူးတိုင်းဒေသကြီး | | |
|---|---|---|---|---|---|---|---|
| | | လက်ခံရရှိမှု | ဖြန့်ဝေပေးမှု | လက်ကျန် | လက်ခံရရှိမှု | ဖြန့်ဝေပေးမှု | လက်ကျန် |
| ၁ | ငွေသား(သိန်း) | ၁၅၈၇.၂၁၈ | ၄၀၆.၀၄၄ | ၁၁၈၁.၁၇၄ | ၄၁.၀၃၁ | ၄၁.၀၃၁ | - |
| ၂ | ဆန်(အိတ်) | ၉၃၇ | ၉၃၇ | - | ၁၈၁၃ | ၁၈၁၃ | - |
| ၃ | ပဲ(အိတ်) | ၃ | ၃ | - | - | - | - |
| ၄ | ရေသန့်(ဘူး) | ၄၃၆၈ | ၃၅၁၈ | ၈၅၀ | ၂၄၅၇ | ၂၄၅၇ | - |
| ၅ | အိမ်သုံးဆေး(ဖာ) | ၉၁ | ၉၀.၈၂ | ၀.၁၈ | - | - | - |
| ၆ | တီရှပ် | ၁၃၃၀၀ | ၁၁၇၉၉ | ၁၅၀၁ | - | - | - |
| ၇ | ကျားလုံချည် (အိတ်/ထည်) | ၂၅၀၀ | ၂၃၃၈ | ၁၆၂ | - | - | - |
| ၈ | မလုံချည်(အိတ်) | ၁၈၀၀ | ၁၅၀၀ | ၃၀၀ | - | - | - |
| ၉ | ခေါက်ဆွဲ(ဖာ/ထုပ်) | ၂၆၄၀ | ၁၉၀၅ | ၇၃၅ | ၁၄၉၂ | ၁၄၉၂ | - |
| ၁၀ | စောင်(ထည်) | ၉၄၆၂ | ၆၇၁၀ | ၂၇၅၂ | ၂၀၀ | ၂၀၀ | - |
| ၁၁ | ဘီစကွတ်(ဖာ) | ၄၂ | ၁၂ | ၃၀ | - | - | - |
| ၁၂ | ငါးသေတ္တာ(ဖာ) | ၄၈၉၇ | ၄၈၃၅ | ၆၂ | - | - | - |
| ၁၃ | ဓာတ်ဆား(ဖာ) | ၁၉ | ၁၉ | - | ၂၃၀ | ၂၃၀ | - |
| ၁၄ | စားသုံးဆီ(ပိဿာ/ပုံး/ဖာ) | ၁၆၂၀ | ၈၂၆ | ၇၉၄ | ၁၅၅၆.၅ | ၁၅၅၆.၅ | - |
| ၁၅ | ခြင်ထောင်(လုံး) | ၇၉၀ | ၇၉၀ | - | - | - | - |
| ၁၆ | ဆပ်ပြာ(ဖာ/ခဲ) | ၁၉၀၀ | ၉၅ | ၁၈၀၅ | - | | - |
| ၁၇ | ရေသန့်ဆေး(ဖာ/ကတ်) | ၂၅ | - | ၂၅ | - | - | - |
| ၁၈ | မိုးကာတဲ(လုံး) | ၅၉ | ၂၉ | ၃၀ | - | - | - |
| ၁၉ | ဖယောင်းတိုင် | ၂၈၀ | ၂၈၀ | - | - | - | - |
| ၂၀ | အဝတ်အထည်(ထုပ်) | ၂၈၅၀ | ၁၇၄၉ | ၁၁၀၁ | ၉၈၉၁ | ၉၈၉၁ | - |
| ၂၁ | ဆား (ပိဿာ) | - | - | - | ၆၂၅.၅ | ၆၂၅.၅ | - |

## ပွင့်ဖြူမြို့နယ် ရေဘေးသင့်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ဘွဲ့လွန်ကျောင်းသား ကျောင်းသူ ၁၉ ဦးသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သို့ ဩဂုတ် ၇ ရက်မှ ၉ ရက်အထိ ကွင်းဆင်း၍ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

ကွင်းဆင်းအဖွဲ့သည် ရေဘေးသင့်ကျန်းမာရေးဌာနများနှင့် ကျေးရွာများသို့ကွင်းဆင်း၍ ရွေ့လျားဆေးခန်းများဖွင့်လှစ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေတွင်းရေကန်များကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဖွဲ့အနေဖြင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူ ၁၈၀ အား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ၂၅၇ ဦးအား ကျန်းမာရေးပညာပေးခြင်း ရေတွင်းရေကန် ၈၇ တွင်းကို ကလိုရင်းဆေးခတ်ပေးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ရေဘေးသင့် ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ကူညီပေးခြင်းနှင့် ကျေးရွာများတွင် ယင်လုံအိမ်သာများ ဆောက်လုပ်နိုင်ရေးအတွက်လည်း စီစဉ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ရေဘေးသင့်အိမ်ထောင်စုများအတွက် ၉-၈-၂၀၁၅ ရက်နေ့အထိ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းမှု၊ ဖြန့်ဝေမှုနှင့် လက်ကျန်အခြေအနေ

| စဉ် | အလှူငွေနှင့်ပစ္စည်း | မန္တလေးတိုင်းဒေသကြီး | | | ရန်ကုန်တိုင်းဒေသကြီး | | | ဧရာဝတီတိုင်းဒေသကြီး | | |
|---|---|---|---|---|---|---|---|---|---|---|
| | | လက်ခံရရှိမှု | ဖြန့်ဝေပေးမှု | လက်ကျန် | လက်ခံရရှိမှု | ဖြန့်ဝေပေးမှု | လက်ကျန် | လက်ခံရရှိမှု | ဖြန့်ဝေပေးမှု | လက်ကျန် |
| ၁ | ငွေသား(သိန်း) | ၇၄.၄၉ | ၇၃.၉၅ | ၁ | မြန်မာငွေ-၂၂၁၈၉၇၅၀၀<br>ရင်းဂစ်-၂၀၀၀<br>အမေရိကန်ဒေါ်လာ-၁၆၃၀<br>ထိုင်းဘတ်-၁၀၀၀၀ | | မြန်မာငွေ-၂၂၁၈၉၇၅၀၀<br>ရင်းဂစ်-၂၀၀၀<br>အမေရိကန်ဒေါ်လာ-၁၆၃၀<br>ထိုင်းဘတ်-၁၀၀၀၀ | ၈၆၄.၂၉၅ | ၂၉၁.၁၆၅ | ၅၇၂.၄၃ |
| ၂ | ဆန်(အိတ်) | ၃၉၉ | ၃၀၀ | ၉၉ | ၇၅ | | ၇၅ | ၁၆၇၃၇.၈၈ | ၁၃၆၈၄.၃ | ၃၀၅၄ |
| ၃ | ပဲ(အိတ်) | ၄၀ | - | ၄၀ | - | - | - | ၅၀၅.၆၄ | ၅၀၅.၆၄ | - |
| ၄ | ရေသန့်(ဘူး) | - | - | - | ၁၂၇၉ | | ၁၂၇၉ | ၂၉၈၅၉၄ | ၂၈၆၉၁၆ | ၁၁၆၇၈ |
| ၅ | အိမ်သုံးဆေး(ဖာ) | ၁ | - | ၁ | ၆၀ | | ၆၀ | ၄၇၉၇ | ၄၇၈၁ | ၁၆ |
| ၆ | ခေါက်ဆွဲ(ဖာ/ထုပ်) | ၂၀ | - | ၂၀ | ၉၄ | - | ၉၄ | ၁၅၂၉၇ | ၁၄၆၃၉ | ၇၄၈ |
| ၇ | စောင်(ထည်) | - | - | - | - | - | - | ၁၈၇၇ | ၁၈၇၆ | ၁ |
| ၈ | ဘီစကွတ်(ဖာ) | - | - | - | ၁၇ | - | ၁၇ | ၁၃၉၉၈ | ၁၃၉၁၂ | ၈၆ |
| ၉ | ငါးသေတ္တာ(ဖာ) | - | - | - | ၁၀၃ | - | ၁၀၃ | ၁၆၉၅၃ | ၁၆၉၀၉ | ၄၄ |
| ၁၀ | ဓာတ်ဆား(ဖာ) | - | - | - | - | - | - | ၂၀၇၁၅ | ၁၈၆၆၃ | ၂၀၅၂ |
| ၁၁ | စားသုံးဆီ(ပိဿာ/ပုံး/ဖာ) | - | - | - | ၆ | - | ၆ | - | - | - |
| ၁၂ | ရေသန့်ဆေး(ဖာ/ကတ်) | - | - | - | ၉၅၀၈၀ | - | ၉၅၀၈၀ | | | |
| ၁၃ | သက်န်း(အိတ်/စုံ) | ၂ | - | ၂ | ၁၀ | - | ၁၀ | - | - | - |
| ၁၄ | ဖယောင်းတိုင် | | | | ၃၁ | - | ၃၁ | - | - | - |
| ၁၅ | အဝတ်အထည်(ထုပ်) | ၂၂ | - | ၂၂ | ၁၈၂ | - | ၁၈၂ | ၆၄၄၈၉ | ၆၁၁၈၆ | ၃၃၀၃ |

## စေတုတ္တရာမြို့နယ်တွင် ကျန်းမာရေးကူညီစောင့်ရှောက်

**မင်းဘူး ဩဂုတ် ၁၀**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်မှ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သော ကျေးရွာများသို့ သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးခန်းများ ဖွင့်လှစ်နေမှုကို ဇူလိုင် ၃၀ ရက်မှ ယနေ့အထိရေဘေးသင့်ပြည်သူများအား ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ရေကြီးနစ်မြုပ်သည့် ပန်းချက်ကျေးရွာတွင် ဩဂုတ် ၉ ရက်က ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးခန်းများ ဖွင့်လှစ်ခဲ့ပြီး အလားတူ ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့် ကျန်ရှိကျေးရွာများကိုလည်း ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးခန်းများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေး(မင်းဘူး)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ရေဘေးသင့်အိမ်ထောင်စုများအတွက် ၉-၈-၂၀၁၅ ရက်နေ့အထိ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းမှု၊ ဖြန့်ဝေမှုနှင့် လက်ကျန်အခြေအနေ

| စဉ် | အလှူငွေနှင့်ပစ္စည်း | ကချင်ပြည်နယ် | | | ချင်းပြည်နယ် | | | ရခိုင်ပြည်နယ် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | လက်ခံရရှိမှု | ဖြန့်ဝေပေးမှု | လက်ကျန် | လက်ခံရရှိမှု | ဖြန့်ဝေပေးမှု | လက်ကျန် | လက်ခံရရှိမှု | ဖြန့်ဝေပေးမှု | လက်ကျန် |
| ၁ | ငွေသား(သိန်း) | ၄၃၄.၄ | ၄၃၄.၄ | - | ၂၂၃၂.၀၄ | ၃၀၀ | ၁၉၃၂.၀၄ | ၇၇၀၅ | ၃၃၀၅ | ၄၄၀၀ |
| ၂ | ဆန်(အိတ်) | ၁၉၆၈ | ၁၉၆၈ | - | ၁၈၇၃ | ၅၃၆ | ၁၃၃၇ | ၆၈၇၀ | ၆၀၅၂ | ၈၁၈ |
| ၃ | ပဲ(အိတ်) | ၈၅ | ၈၅ | - | - | - | - | ၈၅၀ | ၄၈၈ | ၃၆၂ |
| ၄ | ရေသန့်(ဘူး) | ၁၅ | ၁၅ | - | - | - | - | - | - | - |
| ၅ | စောင်(ထည်) | - | - | - | - | - | - | ၃၅ | ၁၃ | ၂၂ |
| ၆ | ဓာတ်ဆား(ဖာ) | ၁၃ | ၁၃ | - | - | - | - | - | - | - |
| ၇ | စားသုံးဆီ(ပိဿာ/ပုံး/ဖာ) | ၁၃၇၂ | ၁၃၇၂ | - | - | - | - | ၂၀၇၇ | ၁၀၄၀ | ၁၀၃၇ |
| ၈ | Family Kit (ထုပ်) | - | - | - | - | - | - | ၂၀၀ | ၂၀၀ | - |
| ၉ | သွပ်(ချပ်) | - | - | - | - | - | - | ၉၀၀၀ | ၁၄၀၀ | ၇၆၀၀ |
| ၁၀ | ခြင်ထောင်(လုံး) | - | - | - | - | - | - | ၁၁ | ၂ | ၉ |
| ၁၁ | တာပေါ်လင်လိပ် | - | - | - | - | - | - | ၇၄ | ၅၀ | ၂၄ |
| ၁၂ | မိုးကာစ | ၇၅ | ၇၅ | - | - | - | - | - | - | - |
| ၁၃ | အဝတ်အထည်(ထုပ်) | - | - | - | - | - | - | ၃၇ | ၃၆ | ၁ |
| ၁၄ | အခြေခံစားကုန်(ဖာ) | ၆၅ | ၆၅ | - | - | - | - | - | - | - |
| ၁၅ | ဆား (ပိဿာ) | ၃၁၀ | ၃၁၀ | - | - | - | - | - | - | - |
| ၁၆ | ရေပုံး | - | - | - | - | - | - | ၅၀၀ | ၅၀၀ | - |

## ရေဘေးသင့်မြို့နယ်များ၌ ပြန်လည်ထူထောင်ရေးကူညီ

**နောင်ချို ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်မြို့နယ်များသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် စေတနာမွန်လူမှုကူညီရေးအသင်းမှ ဦးနေဦးသာနှင့် အသင်းသားများသည် စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းကြသောငွေကျပ်သိန်း ၅၀၀ ရှိ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လှူဒါန်းရန် ဩဂုတ် ၂ ရက်က မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားကြသည်။ ယခုအခါ ရေကျသွားသော အိမ်များကို ပြန်လည်ပြုပြင်ရေး လုပ်ဆောင်ရာတွင်လည်း စေတနာမွန် လူမှုကူညီရေးအသင်းသားများက ဝိုင်းဝန်းလုပ်အားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၆၁)**

# ကလေးမြို့တွင်း စာသင်ကျောင်းများ ခေတ္တပိတ်ထားရာမှ ပြန်လည်ဖွင့်

**ကလေး ဩဂုတ် ၁၀**

ကလေးမြို့နယ် အတွင်းရှိ ကျေးရွာများ ရေကြီးနစ်မြုပ်ခဲ့ရာ ကျေးရွာများနှင့် အနိမ့်ပိုင်း ရပ်ကွက်များတွင် ရေနစ်မြုပ်မှု ဖြစ်ပွား၍လည်းကောင်း၊ ကုန်းမြင့်ပိုင်းရှိ စာသင်ကျောင်းများ၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိ၍လည်းကောင်း စာသင်ကျောင်းများ ခေတ္တပိတ်ထားရသည်။

သို့ရာတွင် ယခုအခါ ရေပြန်လည် ကျသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသော အထက(၁)နှင့်(၅)တို့တွင် တက္ကသိုလ်ဝင်တန်းကို လည်းကောင်း၊ အထက(၂)၌ နံနက်ပိုင်းတွင် အလယ်တန်းနှင့် ညနေပိုင်းတွင် အထက်တန်းကိုလည်းကောင်း၊ အထက(၃)တွင် စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ လည်းကောင်း၊ အထက(ခွဲ)များဖြစ်သော ဆည်တော်ဦး၊ သာစည်၊ ရာဇဂြိုဟ်၊ ကြက်ဖနက်၊ အမက(၁၁) နန်းကျင်းဆောင်နှင့် အလက(ခွဲ)များဖြစ်သော ခုံသာ၊ နတ်မြောင်း၊ ဥယျာဉ်၊ ကင်မွန်းချို၊ ပေါက်တော၊ ကျီကုန်း၊ မြစိမ်း၊ ကံဦး၊ ကံကြီး၊ ဇင်းကလင်း၊ ရေလဲဦးစာသင်ကျောင်းတို့သည် ဩဂုတ် ၇ ရက်ကစ၍ ကျောင်းသားကျောင်းသူများကို ပြန်လည်၍ ပညာသင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

ရေနစ်မြုပ်သော ကျေးရွာများတွင် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် နန်းစောင်းပု၊ သဖန်းအိုင်နှင့် မော်လိုက်-ကလေး (ဟောင်း) အလယ်တန်းကျောင်းခွဲများကို ရေဘေးသင့်ပြည်သူများရောက်ရှိသည့် ကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်သော စာသင်ကျောင်းများတွင် ကျောင်းတက်ရောက်နိုင်ရေးအတွက် စီစဉ်ထားရှိကြောင်း သိရသည်။ **ချင်းတွင်းသား**

# စေတုတ္တရာမြို့တွင် ရေနစ်မြုပ်ရုံးများ သန့်ရှင်းရေး ဆောင်ရွက်

**မင်းဘူး ဩဂုတ် ၁၀**

မင်းဘူးခရိုင် စေတုတ္တရာမြို့ပေါ် ရပ်ကွက်များ၌ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့ရာ အစိုးရရုံးဌာနများလည်း ရေနစ်မြုပ်ခဲ့သည်။

အဆိုပါရုံးဌာနများကို လုပ်ငန်းများပုံမှန်ဆောင်ရွက်နိုင်ရန်အတွက် ဩဂုတ် ၉ ရက်ကစ၍ ဝန်ထမ်းများအားလုံး မိမိတို့ရုံးဌာနများတွင် သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဌေး(မင်းဘူး)**

## ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန

## ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် ပြန်လည်ပြုပြင်/တည်ဆောက်မည့် ကျောင်းများစာရင်း

(ကျပ်သန်း)

| စဉ် | ပြည်နယ် | မြို့နယ် | ကျောင်းအမည် | ပျက်စီးမှုအခြေအနေ | လုပ်ငန်းတန်ဖိုး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ချင်း | ဟားခါး | ပြည်နယ်ပညာရေးမှူးရုံး | ခြံစည်းရိုးပတ်လည်မြေပြို၍ မြေထိန်းနံရံပြုလုပ်ရန် | ၁၂၀. ၀၀၀ | |
| ၂ | ချင်း | ဟားခါး | အလက-မြို့ဟောင်း | (၁၉၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ်၊ (၁)ပေခန့် မြေကျွံ၍ ပြိုလဲရန် အခြေအနေကြောင့်(၁၄၀×၃၀)ပေ၊<br>သွပ်မိုး၊ အုတ်ညှပ်(၂)ထပ် အသစ်ဆောက်ရန် | ၁၂၆. ၀၀၀ | |
| ၃ | ချင်း | ဟားခါး | အလက-ဗိုခွား | (၁၃၂×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ် ကြမ်းခင်း အက်ကွဲ၍ ပြိုလဲရန် အခြေအနေကြောင့် (၁၃၀×၃၀)ပေ၊<br>သွပ်မိုး၊ အုတ်ညှပ်(၂)ထပ်အသစ်ဆောက်ရန် | ၁၁၇. ၀၀၀ | |
| ၄ | ချင်း | ဟားခါး | အမက-ဟိုင်တလန်း | (၉၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၁)ထပ် မြေပြို၍ ပြိုလဲရန် အခြေအနေကြောင့်<br>(၉၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် အသစ်ဆောက်ရန် | ၄၀. ၅၀၀ | |
| ၅ | ချင်း | ဟားခါး | အမက-မန်နူး | (၃၀×၂၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် ရေတိုက်စား၍ ပြိုလဲရန် အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၆ | ချင်း | ဟားခါး | အမက-ရွာဒဲအို | (၄၀×၂၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်ရေတိုက်စား၍ ပြိုလဲရန် အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၇ | ချင်း | ဟားခါး | အမက-လုံဟောက် | (၆၀×၂၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အောက်ခံမြေအက်၍ ပြိုလဲရန် အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၈ | ချင်း | ဟားခါး | အမက-ဘဲအိုသဲ | တစ်ရွာလုံးမြေပြို၍ (၅၄×၂၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်ကျောင်းမြေနေရာပြောင်းဆောက်ရန်အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၉ | ချင်း | ဟားခါး | အမက-ခွာဘဲ | တစ်ရွာလုံးမြေပြို၍ (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်ကျောင်း မြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၁၀ | ချင်း | ဟားခါး | အမက-လုံနှမ်း | (၅၀×၁၈)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အောက်ခံမြေအက်၍ ပြိုလဲရန် အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၁၁ | ချင်း | ဟားခါး | အထက(၃) | မြေအက်ကွဲ၍ ကျောင်းဆောင်ပြိုကျအစား (၁၄၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ် (၂)ထပ်အသစ်ဆောက်ရန် | ၁၂၆. ၀၀၀ | |
| ၁၂ | ချင်း | ဖလမ်း | အမက(၃)ဖလမ်း | (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ် အသစ်ဆောက်ရန် | ၅၄. ၀၀၀ | |
| ၁၃ | ချင်း | ဖလမ်း | အမက-ဇောလ်ပီး | (၃၆×၁၆)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်မြေပြို၍ ပျက်စီးအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၁၄ | ချင်း | ဖလမ်း | အမက-သီးလီ | (၅၀×၁၆)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၁)ထပ်မြေပြို၍ ပျက်စီးအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၁၅ | ချင်း | ဖလမ်း | အမက-တားလ် | တစ်ရွာလုံးမြေပြို၍ ကျောင်းမြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၁၆ | ချင်း | တီးတိန် | အလက-လိုင်ဘုန် | (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်(၂)ဆောင် အောက်ခံမြေအက်ကွဲ၍ ကျောင်းမြေနေရာပြောင်းဆောက်ရန် | ၇၉. ၂၀၀ | |
| ၁၇ | ချင်း | တီးတိန် | အမက-ဆွောင်းဒေါ့ | မြေပြို၍ ကျောင်းဆောင်ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၁၈ | ချင်း | တီးတိန် | အမက-ကဂင် | မြေပြို၍ ကျောင်းဆောင်ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၁၉ | ချင်း | တီးတိန် | အမက-မောင်လန် | မြေပြို၍ ကျောင်းဆောင်ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၂၀ | ချင်း | တွန်းဇန် | အမက-နတ်ဇန်(ဟ) | (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၁)ထပ်ရေလွှမ်းမိုး၍ ပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၂၁ | ချင်း | တွန်းဇန် | အမက-ခမ့်ဇန် | တစ်ရွာလုံးမြေပြို၍ ကျောင်းမြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၂၂ | ချင်း | တွန်းဇန် | အမက-တွီးဂဲလ် | တစ်ရွာလုံးမြေပြို၍ ကျောင်းမြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၂၃ | ချင်း | တွန်းဇန် | အမက-ဟားခါးလေး | တစ်ရွာလုံးမြေပြို၍ ကျောင်းမြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့်<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၂၄ | ချင်း | တွန်းဇန် | အလက(ခွဲ)တွီးခိန်းဇန် | (၁၂၀×၃၀)ပေနှင့် (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၁)ထပ်ဆောင် (၂)ဆောင် ရေလွှမ်းမိုး၍ ပျက်စီးခြင်းအစား<br>(၁၂၀×၃၀)ပေနှင့် (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၁)ထပ်ဆောင် (၂)ဆောင်အသစ်ဆောက်ရန် | ၅၉. ၄၀၀ | |
| ၂၅ | ချင်း | တွန်းဇန် | အမက-တွီးတန်ဇန် | (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်မြေပြိုပျက်စီးအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၂၆ | ချင်း | မင်းတပ် | အထက(ခွဲ)အောက်ချိုင် | (၁၀၀×၃၀)ပေနှင့် (၆၀×၂၄)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၁)ထပ်ဆောင် (၂)ဆောင် လေဒဏ်ကြောင့်အမိုးများပျက်စီးခြင်း | ၆. ၀၀၀ | |
| ၂၇ | ချင်း | မင်းတပ် | အမက-ခူးလျှူး | (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်မြေပြိုပျက်စီးအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၂၈ | ချင်း | မင်းတပ် | အလက-ရို | (၉၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ်မြေပြိုပျက်စီးအစား (၉၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၂၉. ၇၀၀ | |
| ၂၉ | ချင်း | မတူပီ | အထက(ခွဲ)ရှာတလိုင်း | (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ် ကြမ်းခင်းအက်၍ ပြိုလဲရန် အခြေအနေကြောင့်<br>(၁၂၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ် အသစ်ဆောက်ရန် | ၅၄. ၀၀၀ | |
| ၃၀ | ချင်း | မတူပီ | အမက-ကေလုံး | (၄၈×၁၈)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် မြေပြို၍ ပြိုလဲပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၃၁ | ချင်း | မတူပီ | အထက-လိုင်လဲင်းပီ | (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် လေဒဏ်ကြောင့် ပြိုလဲပျက်စီးခြင်းအစား<br>(၁၂၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(၁)ထပ် အသစ်ဆောက်ရန် | ၃၉. ၆၀၀ | |
| ၃၂ | ချင်း | မတူပီ | အထက-လိုင်လဲင်းပီ | (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ်ဆောင် (၃)ဆောင် လေဒဏ်ကြောင့် အမိုးများပျက်စီးခြင်းကို ပြုပြင်ရန် | ၈. ၀၀၀ | |
| ၃၃ | ချင်း | မတူပီ | အထက(၁)မတူပီ | (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ အုပ်ညှပ် (၁)ထပ်ဆောင် (၂)ဆောင် လေဒဏ်ကြောင့် အမိုးများပျက်စီးခြင်းကို ပြုပြင်ရန် | ၇. ၀၀၀ | |
| ၃၄ | ချင်း | မတူပီ | အမက-ကွီစား | (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် သစ်ပင်လဲ၍ ပျက်စီးခြင်းကို ပြင်ဆင်ရန် | ၄. ၀၀၀ | |
| ၃၅ | ချင်း | မတူပီ | အမက-လေား | (၉၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် နံရံနှင့် အခင်းများ ရေဒဏ်ကြောင့် ပျက်စီးခြင်းကို ပြုပြင်ရန် | ၄. ၀၀၀ | |
| ၃၆ | ချင်း | ကန်ပက်လက် | အမက-ပင်းလောင်း | (၅၀×၂၄)ပေ၊ သွပ်မိုး၊ ပျဉ်ခင်းပျဉ်ကာ (၁)ထပ် မြေပြို၍ ပြိုလဲပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၃၇ | ချင်း | ကန်ပက်လက် | အမက-အောက်ရင်း | (၆၀×၂၄)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ(၁)ထပ် မြေပြို၍ ပြိုလဲပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၃၈ | ချင်း | ကန်ပက်လက် | အမက-ရောင်တွီး | (၅၀×၂၄)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ(၁)ထပ် မြေပြို၍ ပြိုလဲပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၃၉ | ချင်း | ကန်ပက်လက် | အမက-ခေါက်ပုံကျင်း | (၃၀×၂၄)ပေ၊ သွပ်မိုး၊ ပျဉ်ခင်းပျဉ်ကာ(၁)ထပ် မြေပြို၍ ပြိုလဲပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၄၀ | ချင်း | ပလက်ဝ | အမက-ဝန်ချောင်းဝ | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် ရေမြုပ်၍ ပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၄၁ | ချင်း | ပလက်ဝ | အလက(ခွဲ)ဗုဒ္ဓဂါမ | (၉၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၂)ထပ် ရေမြုပ်၍ ပျက်စီးခြင်းအစား<br>(၉၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၂)ထပ် အသစ်ဆောက်ရန် | ၈၁. ၀၀၀ | |
| ၄၂ | ချင်း | ပလက်ဝ | အမက-ပုံဒေါ | (၄၅×၂၄)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် လေဒဏ်ကြောင့် ပြိုလဲပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၄၃ | ချင်း | ပလက်ဝ | အမက-ဆိုက်ဟား | (၄၅×၂၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ဝါးကာ (၁)ထပ် လေဒဏ်ကြောင့် ပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၄၄ | ချင်း | ပလက်ဝ | အမက-ဝက်ချောင်း | (၈၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် ရေမြုပ်၍ ပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၄၅ | ချင်း | ပလက်ဝ | မူလွန်-ရမ်ရီ | (၄၈×၂၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် လေဒဏ်ကြောင့် ပြိုလဲပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၄၆ | ချင်း | ပလက်ဝ | အမက-ဆင်အိုးဝ(၁) | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် လေဒဏ်ကြောင့် ပြိုလဲပျက်စီးခြင်းအစား<br>(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ | |
| ၄၇ | ချင်း | ပလက်ဝ | အလက(ခွဲ)ဆီးဖလောင်း | သစ်ပင်လဲ၍ ကျောင်းဆောင်နံရံ၊ ပြတင်းတံခါး ပျက်စီးခြင်းကို ပြုပြင်ရန် | ၄. ၅၀၀ | |
| ၄၈ | ချင်း | ပလက်ဝ | အမက-ကြွေသောင် | သစ်ပင်လဲ၍ ကျောင်းဆောင် အခင်းအကာ ပျက်စီးခြင်းကို ပြုပြင်ရန် | ၄. ၀၀၀ | |
| ၄၉ | ချင်း | ပလက်ဝ | မူလွန်-မြို့မ | ဝရန်တာတစ်လျှောက် အက်ကွဲခြင်းကို ပြုပြင်ရန် | ၅. ၀၀၀ | |
| ၅၀ | ချင်း | ပလက်ဝ | အလက(ခွဲ)အောက်သဲမဝ | (၉၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် (၁)ထပ် သစ်ပင်လဲ၍ အမိုးအကာ ပျက်စီးခြင်းကို ပြုပြင်ရန် | ၄. ၀၀၀ | |
| ၅၁ | ချင်း | ပလက်ဝ | အမက-ရွှေလိုက်ဝ | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် လေဒဏ်ကြောင့် ပျက်စီးခြင်းကို ပြုပြင်ရန် | ၄. ၀၀၀ | |
| ၅၂ | ချင်း | ပလက်ဝ | အမက-ပွီဝုန်း | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၁)ထပ် လေဒဏ်ကြောင့် အမိုးပျက်စီးခြင်းကို ပြုပြင်ရန် | ၃. ၀၀၀ | |
| ၅၃ | ချင်း | ပလက်ဝ | အမက-စိမ်းညှင်းဝ | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ (၂)ထပ် လေဒဏ်ကြောင့် အမိုးတစ်ဝက် ပျက်စီးခြင်းကို ပြုပြင်ရန် | ၃. ၀၀၀ | |
| | | ချင်းပြည်နယ် ပေါင်း | | | ၁၅၅၇.၁၀၀ | |



## ကျောင်းသန့်ရှင်းရေး ပြုလုပ်

ဩဂုတ် ၈ ရက်က မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရေပြန်ကျပြီးနောက် သမန်းရင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို တွေ့ရစဉ်။

(ပညာရေး)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် နေပြည်တော်အလှူခံဌာန၌ ငွေကျပ် ၄၁၀၀၀၀၊ အမေရိကန်ဒေါ်လာ ၁၅၀၃၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံရယူကာ ကျေးဇူးတင်စကားများပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ဩဂုတ် ၁၀ ရက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ အလှူငွေကျပ် ၁၄၅၇၆၀၀၀၊ ထိုင်းဘတ် ၂၅၀၀၀ နှင့် အလှူပစ္စည်းမျိုးစုံ လက်ခံရရှိသည်။ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌လည်း အလှူငွေကျပ် ၅၅၉၃၅၀နှင့် အလှူပစ္စည်းမျိုးစုံ၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၌လည်း အလှူငွေကျပ် ၁၁၂၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၌ အလှူငွေကျပ် ၁၀၀၀၀၀ နှင့် အလှူပစ္စည်း မျိုးစုံတို့ကို စေတနာရှင် ပြည်သူများက လာရောက်လှူဒါန်းခဲ့ရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၅၄၅၅၇၈၁၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၅၆၈၅၀၊ ထိုင်းဘတ် ၇၅၂၀၀၊ မလေးရှားရင်းဂစ် ၂၀၀၀ တို့ဖြစ်၍ ကယားပြည်နယ်ဦးစီးမှူးရုံး၌ လက်ခံရရှိထားသည့် ငွေကျပ် ၁၄၆၅၀၀၀ (ကျပ်တစ်ဆယ့်လေးသိန်း ခြောက်သောင်း ငါးထောင်တိတိ)ကို ကယားပြည်နယ်အစိုးရအဖွဲ့တွင် ထိန်းသိမ်းထားရှိသည်။ သို့ဖြစ်ပါ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတွင် အသားတင်ရငွေမှာ ၅၄၄၃၁၃၁၀၀ နှင့် အမေရိကန်ဒေါ်လာ ၆၈၅၀၊ ထိုင်းဘတ် ၇၅၂၀၀၊ မလေးရှားရင်းဂစ် ၂၀၀၀ လက်ခံရရှိသောအလှူငွေနှင့် ပစ္စည်းများ ကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# ဟသ်ာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့နယ်များ၌ ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**


ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ် စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်ကစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း မြို့အလိုက် သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

**(သတင်းစဉ်)**


ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ငဝန်မြစ်၏ နေ့အလိုက်ရေမှတ်များ



# သဘာဝဘေးဒဏ်ကျရောက်မှုကြောင့် ဆေးရုံ၊ ဆေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများ ပျက်စီးဆုံးရှုံးမှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၁၀

**မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှု၊ လေပြင်းတိုက်ခတ်မှုနှင့် မြေပြိုမှု စသည့်သဘာဝဘေးဒဏ်ကျရောက်မှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှဆေးရုံ၊ ဆေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများရှိ အဆောက်အအုံများ၊ ပရိဘောဂများ၊ စက်ကိရိယာများ၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။**

ထိုသို့ ဖြစ်ပွားခဲ့ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်ရှိ အိုင်တောင်ကင်း၊ အုမ္မကျေးလက်ကျန်းမာရေးဌာနခွဲများ၌ ပရိဘောဂများ၊ ဒိုင်နမို၊ မီးစက်နှင့် မော်တာများ၊ ကလေးမြို့နယ်ရှိ ကြီးကုန်းကျေးလက်ကျန်းမာရေးဌာနခွဲမှ အဆောက်အအုံနှင့် ပေါက်တော၊ ကင်ပွန်းခြံ၊ အင်းဒင်၊ ဥယျာဉ်၊ ဇင်ကလယ်၊ တူးမာ၊ အင်တိုင်းကြီး ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆေးနှင့် ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ကောလင်းမြို့နယ် မြောင်းကြီးနှင့် ငွေးတောက်တော ကျေးလက်ကျန်းမာရေးဌာနခွဲများသည် ပျက်စီးဆုံးရှုံးမှု စိစစ်ဆဲဖြစ်ကြောင်း၊ တမူးမြို့နယ်တွင် အလှော်၊ မင်းသမီးနှင့် ပွတ်သာ ကျေးလက်ကျန်းမာရေးဌာနခွဲများသည် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မင်းကင်းမြို့နယ် ပေါက်အိုင်ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဘိလပ်မြေ ၁၅ အိတ်၊ ပေါင်းတည်၊ နန္ဒင်းကျောင်း၊ ကုန်းရင်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ကြွေကျေးလက်ကျန်းမာရေးဌာနခွဲ၌ မီးစက်ပျက်စီးခဲ့ကြောင်း၊ အင်းတော်မြို့နယ်ရှိ အင်းတော်တိုက်နယ်ဆေးရုံ၌ ဆေးရုံအုတ်နံရံ ပြိုကျခဲ့ပြီး ECG စက်တစ်လုံးနှင့် ဓာတ်မှန်စက်တစ်လုံး ပျက်စီးခဲ့ကြောင်း။

ပဲခူးတိုင်းဒေသကြီးရှိ ပန်းတောင်းမြို့နယ်ဆေးရုံ၌ အဲကွန်းတစ်လုံးနှင့် ရေစုပ်စက်နှစ်လုံး၊ ရွာသာယာ၊ ကျွန်းမှီ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် အဆောက်အအုံများပျက်စီးခဲ့ကြောင်း၊ မင်းလှမြို့နယ်၌ ရွှေလောင်း ကျေးလက်ကျန်းမာရေးဌာနမှ ဆေးခန်းတံခါးပျက်စီးခဲ့ကြောင်း၊ ရွှေတောင်မြို့နယ် ကြီးသဲတိုက်နယ်ဆေးရုံ၌ အုတ်တံတိုင်းပြိုကျပြီး ပရိဘောဂများနှင့် ဆေးဝါးများ၊ ကြီးသဲကျေးလက်ကျန်းမာရေးဌာန၌ ပရိဘောဂများ၊ ဒိုင်နမိုနှင့် မော်တာ၊ မြို့မ၊ လက်ပံပု၊ သောင်ပြင်ကုန်း ကျေးလက်ကျန်းမာရေးဌာနများတွင် အဆောက်အအုံ၊ အိမ်သာနှင့် ရေတွင်းများ ပျက်စီးခဲ့ကြောင်း၊ လက်ပံတန်းမြို့နယ် ခမုံကျေးလက်ကျန်းမာရေးဌာနတွင် ပရိဘောဂများ ပျက်စီးခဲ့ကြောင်း။

မကွေးတိုင်းဒေသကြီးစေတုတ္တရာမြို့နယ်ရှိ ဘဘွင်တိုက်နယ်ဆေးရုံ၊ သံဆယ်၊ မုံညင်း၊ ညောင်ကုန်း၊ မြေနီကုန်း၊ ကြောင်သိုက်၊ ချီ၊ ချင်ပြစ်ကိုင်းနှင့် ဘူးကျေးလက်ကျန်းမာရေးဌာနခွဲများ၌ အဆောက်အအုံနှင့် ဆေးဝါးများ ပျက်စီးခဲ့ကြောင်း၊ ပွင့်ဖြူမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ အုတ်တံတိုင်းပြိုကျပြီး ဓာတ်မှန်စက်၊ မီးစက်၊ အအေးသေတ္တာများနှင့် ဆေးဝါးများ၊ မုန်းစလဲ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အဆောက်အအုံ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ကုန်းဇောင်းတိုက်နယ်ကျန်းမာရေးဌာန၌ ပရိဘောဂများ၊ မီးစက်နှင့် အဲကွန်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ သရက်တောနှင့် မင်းဇီကျေးလက်ကျန်း မာရေးဌာနများတွင် ဝန်ထမ်းနေအိမ်နှင့် အိမ်သာများပျက်စီးခဲ့ကြောင်း၊ ဥယျာဉ်ကျစ်၊ မင်းမြေ၊ မလဲတော၊ ပေါက်ကုန်း၊ သာစည်၊ လက်ပံနွယ် ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ ပျက်စီးဆုံးရှုံးမှု စိစစ်ဆဲဖြစ်ကြောင်း၊ ရေချမ်းစင်၊ ဆည်းမုန်း၊ ရွှေလှေနှင့် ပေတောကျေးလက်ကျန်းမာရေးဌာနခွဲများ၌ ဆေးရုံအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများနှင့် ဆေးဝါးများ ပျက်စီးခဲ့ကြောင်း၊ ရေစကြိုမြို့နယ်၌ သဌေးကုန်းတိုက်နယ်ဆေးရုံ၌ ဆေးရုံပင်မဆောင်၊ ဆေးစတိုနှင့် ဓာတ်မှန်ခန်း၊ အုတ်ရေကန်များ ကွဲအက်ပျက်စီးခဲ့ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေမြင်တင် ကျေးလက်ကျန်းမာရေးဌာန၊ သာပေါင်းမြို့နယ်ရှိ ဥသျှစ်၊ စေနံ၊ ကွင်းပေါက် ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ညောင်တုန်းမြို့နယ်ရှိ ပေစိ၊ ရှမ်းစု၊ ကျုံတမာ၊ ကုက္ကိုဝ၊ အန္တြခနာ၊ သဇင်ရေကျော်၊ ပန်းဆိပ်၊ တပေကုလား၊ ကြင်ဖော်၊ ရွာသာညွန့်၊ ရွာသာကြီး၊ ကျွန်သာဝနှင့် ရွှေဟသ်ာကျွန်း ကျေးလက်ကျန်းမာရေးဌာနခွဲများ ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစိစစ်ဆဲဖြစ်ကြောင်း။

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ မကြာအိမ်နူး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအမိုးနှင့် ဆေးဝါး၊ ဆေးပစ္စည်းများ၊ တီးတိန်မြို့နယ်ရှိ ဂဂင်ကျေးလက်ကျန်းမာရေးဌာနခွဲ၌ အဆောက်အအုံနေရာ မြေပြိုခဲ့ပြီး ပလက်ဝမြို့နယ်ရှိ ပိန္နဲတပင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ အမိုး၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ အပေါက်ဝတိုက်နယ်ဆေးရုံအမိုး၊ လမ်းမတော် ကျေးလက်ကျန်းမာရေးဌာန အိမ်သာနှင့် ခြံစည်းရိုး၊ ဘူးသီးတောင်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ရုံးနှင့် နေအိမ်၊ ဓာတ်ခွဲ၊ ဓာတ်မှန်ဆောင်၊ တီဘီဌာနနှင့် ဝန်ထမ်းနေအိမ်များ၊ တောင်ဘဇာတိုက်နယ်ဆေးရုံ၊ ကျောင်းတောင်ပင်မ၊ ဂုပ္ပိ၊ တင်းမေ၊ ကျွန်းပေါက်၊ ပဒဂါး၊ ညောင်ချောင်း၊ စက်ခေါ်၊ သပိတ်တောင်၊ သပြေတော၊ မင်းလှကိုင်း၊ အင်ကြင်းမြိုင်၊ ဂန္ဓမာ၊ စိမ်းညှင်းပြားနှင့် ကြာညိုပြင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ပျက်စီးခဲ့ပြီး ဆုံးရှုံးမှု စိစစ်ဆဲဖြစ်ကြောင်း၊ မင်းပြားမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၊ မင်းရွာ၊ ပန်းမြောင်၊ ကုလားတောင်၊ ဒုံးသား၊ ကိုင်းကြီး၊ ကျောက်မော်၊ မင်းဖူး၊ ရွှေကျန်၊ ပြားချောင်း၊ ဝင်းခား၊ ထောင့်ရှည်၊ ခြိတ်တောင်နှင့် ကြမ်းတိုက်ကျေးလက်ကျန်းမာရေးဌာနခွဲများ ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစိစစ်ဆဲဖြစ်ကြောင်း၊ မောင်တောမြို့နယ်၌ မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်သစ်၊ ရုံးနှင့်နေအိမ်၊ အဆုတ်ရောဂါကုဌာနနှင့် ဝန်ထမ်းနေအိမ်များ၊ အလယ်သံကျော် တိုက်နယ်ဆေးရုံတွင် တိုးချဲ့ဆောင်အမိုးနှင့် ဝန်ထမ်းနေအိမ်များ၊ သရေကုန်တောင်၊ သံဒါ၊ ပညောင်ပင်ကြီး၊ ဘဂုံနား၊ ဝေသာလီပင်၊ ဖားဝပ်ချောင်း၊ ရွက်ညိုတောင်၊ သရက်အုပ်၊ မင်္ဂလာကြီး၊ မြင်းလွတ်နှင့် ကျောင်းတောင် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံများ၏ အမိုးများပျက်စီးခဲ့ကြောင်း၊ မြောက်ဦးမြို့နယ်၌ မြောင်းဘွေဆေးရုံ၊ ဆင်အိုးချေ၊ တိမ်ညို၊ ကန်စောက်၊ လောင်ကြက်၊ ကျွဲတဲ၊ ပြိုင်းချ၊ သင်းပန်းကိုင်း၊ မင်္ဂလာချေ၊ ကျောင်းတောင်၊ မြက်ရိတ်၊ ပျားတဲ၊ နတ်ချောင်း၊ ဗလိပြင်၊ ငမဲပြင်နှင့် ကတိုးကျေးလက်ကျန်းမာရေးဌာနခွဲများ ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစိစစ်ဆဲဖြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်၌ ရေမျက်၊ အုတ်ဖိုနှင့် သဇင်မြိုင်ကျေးလက်ကျန်းမာရေးဌာနခွဲများ၏ အမိုးများ ပျက်စီးခဲ့ကြောင်း၊ အမ်းမြို့နယ်၌ ဒါးလက်ဆေးရုံ၊ တပ်တောင်တိုက်နယ်ဆေးရုံ၊ စခန်းမော်၊ ဒါးလက် ကျေးလက်ကျန်းမာရေးဌာနများ၊ လုံးကျေး၊ ဂယ်လောင်း၊ ဒိုင်၊ တိုက်မော်၊ ကစူးကိုင်း၊ ဇရပ်ကွင်း၊ ကွေ့ရှည်၊ နန်းရာကုန်းနှင့် ဒုက္ကံ ကျေးလက်ကျန်းမာရေးဌာနခွဲများ ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစိစစ်ဆဲဖြစ်ကြောင်း။

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်ရှိ မိုင်းပါလျှိုး ကျေးလက်ကျန်းမာရေးဌာန ပျက်စီးခဲ့ရာဆုံးရှုံးမှု စိစစ်ဆဲဖြစ်ကြောင်းနှင့် အဆိုပါ ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် ပြန်လည်ပြုပြင်ဆောက်လုပ်ရန်နှင့် ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲမှာ အမျိုးသမီးတွေပါဝင်လာဖို့အတွက် ရွေးကောက်ပွဲနှင့် အမျိုးသမီးကဏ္ဍအားဆောင်ရွက်နေသူ ရောင်ခြည်သစ်၏ ဒါရိုက်တာနှင့် တွေ့ဆုံ

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ-အောင်သူရ**

ရောင်ခြည်သစ်အဖွဲ့မှ အမျိုးသမီးသင်တန်းသူများအား မြန်မာနိုင်ငံသို့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ်အဖြစ် ပထမဆုံးအကြိမ် လာရောက်ခဲ့သည့် မစ္စ အင်ဂျလီနာ ဂျိုလီပစ်သည် ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ရန်ကုန်မြို့ရှိ YMCA အဆောက်အအုံတွင် လာရောက်တွေ့ဆုံခဲ့သည်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ မြို့ကြီး ၁၇ မြို့တွင် သင်တန်းသူ ၅၀၄ ဦးအား ရွေးကောက်ပွဲဆိုင်ရာအသိပညာများကို သင်ကြားပို့ချပေးခဲ့ပြီးဖြစ်သည့် ရောင်ခြည်သစ်အဖွဲ့မှ ဒါရိုက်တာဖြစ်သူ ဒေါ်ခင်လှအား မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ တွေ့ဆုံမေးမြန်းခဲ့သည်။



ဒေါ်ခင်လှ
(ဒါရိုက်တာ)
ရောင်ခြည်သစ်အဖွဲ့

**ဒေါ်ခင်လှ (ဒါရိုက်တာ)**
**ရောင်ခြည်သစ်အဖွဲ့**

**မေး။ ။ ရောင်ခြည်သစ်အဖွဲ့ကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဘယ်အချိန်က စတင်ဖွဲ့စည်းခဲ့တယ်ဆိုတာကို သိလိုပါတယ်။**

ဖြေ။ ။ ဒီအဖွဲ့ကို ၂၀၀၉ ခုနှစ်မှာ စတင်ဖွဲ့စည်းတဲ့အခါမှာ အစီအစဉ်သုံးခုကို ကျွန်မတို့ အဓိကလုပ်ဆောင်တယ်။ လူငယ်နဲ့ စွမ်းအားမြင့်တင်ရေး၊ နောက် အမျိုးသမီးနဲ့ပတ်သက်ပြီး ကဏ္ဍနှစ်ခုပေါ့။ လူငယ်နဲ့ စွမ်းအားမြှင့်သင်တန်းမှာ ဝင်ငွေရရှိတဲ့လုပ်ငန်းတွေကို သင်တန်းပေးတယ်။ နောက် Resource Center လို့ အမည်ပေးပြီး ကွန်ပျူတာနဲ့ အင်္ဂလိပ်စာသင်ပေးတာ၊ စာကြည့်တိုက်ဖွင့်လှစ်တာတွေ လုပ်တယ်။ ကျောင်းတက်ဖို့ အခက်ခဲရှိတဲ့ ကလေးတွေကို ပညာသင်ဆုပေးဖို့ ကူညီဆောင်ရွက်ပေးတာတွေလုပ်တယ်။ ဒါတွေကို ရခိုင်ပြည်နယ်မှာ အဓိကထား လုပ်ကိုင်နေတယ်။ ဒါပေမယ့် Capacity Building နဲ့ သက်ဆိုင်တာကိုတော့ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးတို့မှာ လုပ်ဖြစ်တယ်။ အမျိုးသမီးခေါင်းဆောင်မှုနဲ့ ရွေးကောက်ပွဲသင်တန်းကိုတော့ မြန်မာတစ်နိုင်ငံလုံးမှာ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို အမျိုးသမီးတွေအတွက်ပဲရည်ရွယ်ပြီး လုပ်ဆောင်ဖြစ်တာက ဘာကြောင့်ပါလဲ။**

ဖြေ။ ။ ရွေးကောက်ပွဲနဲ့ ဆိုင်တဲ့သင်တန်းတွေ မပေးခင် အရင်တုန်းက Civic Education သင်တန်းတွေပေးတယ်။ မြန်မာနိုင်ငံမှာကျင့်သုံးတဲ့ ရွေးကောက်ပွဲစနစ်အကြောင်းတွေကို အဲဒီတုန်းက ထည့်သင်ပေးတယ်။ အခု IFES (International Foundation for Electoral Systems)က ကျွန်မတို့ကို ငွေကြေးထောက်ပံ့ပေးတယ်။ အမျိုးသမီးတွေအတွက်ပဲ အဓိက သီးသန့်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ အများဆုံးပါတယ်။ ရွေးကောက်ပွဲဆိုင်ရာ သီးသန့်ချည်းပဲလည်း မဟုတ်ဘူး။ အပိုင်း(၂)ပိုင်းပါတယ်။ အမျိုးသမီးတွေအတွက် ခေါင်းဆောင်မှုစွမ်းရည်က တစ်ပိုင်း၊ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးခြင်းက တစ်ပိုင်းပါ။

**မေး။ ။ ဒါဆိုရင် ဒီသင်တန်းတွေမှာ ဘယ်လိုသင်ခန်းစာတွေကို သင်ကြားပို့ချပါသလဲ။**

ဖြေ။ ။ မော်ကျူးသုံးခုခွဲခြားပြီး သင်ကြားတယ်။ မော်ကျူး(၁)နဲ့ (၂) ရွေးကောက်ပွဲဖြစ်စဉ်စက်ဝိုင်းရဲ့ ပထမပိုင်းနဲ့ ဒုတိယပိုင်းဖြစ်တဲ့ ရွေးကောက်ပွဲအကြိုကာလနဲ့ ရွေးကောက်ပွဲကာလတွေမှာပါတဲ့ လုပ်ငန်းစဉ်တွေကို လေ့လာကြမှာဖြစ်တယ်။ မော်ကျူး (၃) ကတော့ ရွေးကောက်ပွဲအလွန် ကာလကအပိုင်းတွေကို လေ့လာကြမှာဖြစ်တယ်။

မော်ကျူး(၁) မှာ အဓိကအားဖြင့် ခေါင်းဆောင်မှုဆိုင်ရာစွမ်းရည်တွေကို သင်တယ်။ Leadership Skills တွေ၊ နောက်လူတွေကို ဘယ်လိုစည်းရုံးကြမလဲ၊ လူတွေနဲ့ ဘယ်လို စကားပြောကြမလဲ စတာတွေကို သင်တယ်။ ရွေးကောက်ပွဲဆိုတာ လူတိုင်းပါဝင်ဖို့၊ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ ဘာတွေလိုမလဲဆိုတာကို သင်ကြားတယ်။ နောက်ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့ လူတွေအကြောင်းကို လေ့လာကြတယ်။ အဓိက ကတော့ မဲစာရင်းသွားရောက်စစ်ဆေးဖို့အကြောင်းကို လေ့လာတယ်။

မော်ကျူး (၁) အပြီးမှာ လက်တွေ့ကွင်းဆင်းတဲ့အနေနဲ့ သင်တန်းသူတွေက လူတွေအား မဲစာရင်းစစ်ဖို့နဲ့ လူတွေအနေနဲ့ မဲစာရင်းမှာ ပြင်ဆင်ဖြည့်စွက်ဖို့အတွက် အခက်အခဲရှိရင် လိုအပ်တဲ့ပုံစံတွေကို ဖြည့်တဲ့နေရာမှာ ကူညီပေးဖို့ လှုံ့ဆော်ပေးဖို့ သင်တန်းသူတွေကို လက်တွေ့လုပ်ဆောင်ခိုင်းတယ်။ တစ်နိုင်ငံလုံး ၁၇ နေရာမှာ ပို့ချခဲ့ပါတယ်။ သင်တန်းသူ စုစုပေါင်း ၅၀၄ ဦးကို သင်ကြားပေးပြီးသွားပြီ။ သင်တန်းပြီးသွားတဲ့ အမျိုးသမီးတော်တော်များများဟာ သူ့ဒေသမှာ မဲစာရင်းစစ်ဖို့ လှုံ့ဆော်ကြတယ်။ နောက် ကိုယ့်ဝန်းကျင်မှာရှိတဲ့ ဘာသာရေးအဆောက်အအုံလို နေရာမျိုးမှာ သူတို့သင်တန်းမှာ သင်ကြားခဲ့ရတာတွေကို ပြန်ပြီး ဖြန့်ဝေတာမျိုးလုပ်တယ်။

**မေး။ ။ ရောင်ခြည်သစ်အနေနဲ့ အခြေခံမဲဆန္ဒရှင်စာရင်းကပ်ထားရာမှာ သင်တန်းသားတွေနဲ့ လက်တွေ့ကွင်းဆင်းရာမှာ ဘယ်လိုအတွေ့အကြုံတွေ ရရှိပါလဲ။**

ဖြေ။ ။ တချို့ကတော့ မဲစာရင်းမပါတာ၊ မှားတာတွေရှိတယ်။ UEC ကတော့ မဲစာရင်းမှားယွင်းပေမယ့် မဲစာရင်းမှာ နာမည်ပါရင် ပေးလို့ရတယ် ပြောတယ်။ အခုလက်ရှိတွေ့နေရတာက အမည်မပါတာတွေ၊ မှတ်ပုံတင်တွေတူနေကြတာ။ နောက်ရွှေ့ပြောင်းနေထိုင်သူတွေ အလွန်များတယ်။ အဲ့ဒါထက် အရေးကြီးတာက လူတွေက အလွန်ခက်တယ်။ မဲစာရင်းမှာ နာမည်ပါမပါ သွားစစ်ဖို့ကို မသွားချင်ကြဘူး။ သင်တန်းသူတွေက ပြန်ပြောကြတယ်။ မဲစာရင်းသွားကြည့်ဖို့ လူတွေကိုစည်းရုံးရတာ ပိုခက်ခဲပါတယ်။

**မေး။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) တို့၊ အခြားရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့အဖွဲ့အစည်းတွေနဲ့ ပူးတွဲလုပ်ဆောင်တာမျိုးတွေ ရှိပါသလား။**

ဖြေ။ ။ နည်းပညာပိုင်းနဲ့ သင်ရိုးညွှန်းတမ်း ရေးဆွဲတာကိုတော့ IFES ရဲ့ ပညာရှင်တစ်ယောက်က ကူညီတယ်။ သူက အင်ဒိုနီးရှားနဲ့ ကမ္ဘောဒီးယားတို့မှာ ဒီလိုသင်ရိုးညွှန်းတမ်းရေးဆွဲတဲ့ နိုင်ငံတကာအတွေ့အကြုံရှိတယ်။ UEC ကထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေနဲ့တော့ ပြန်ချိန်ညှိရတယ်။ သူစီစဉ်ပေးတဲ့ သင်ရိုးညွှန်းတမ်းတွေက ကျွန်မတို့အတွက် အလွန်အဆင်ပြေတယ်။

မော်ကျူး(၁)ကို သင်ကြားတဲ့အခါမှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်ရှိသူတွေက UEC ရဲ့ မဟာဗျူဟာအကြောင်းနဲ့ မဲစာရင်းကို ဘယ်လိုပြုစုသလဲဆိုတာတွေကို သင်တန်းသူတွေကို ရှင်းပြပေးတယ်။ နောက် UEC က သူတို့ရဲ့ ဝက်ဘ်ဆိုက်နဲ့ MERIN (Myanmar Electoral Resource and Information Network) ဝက်ဘ်ဆိုက်တွေမှာ သတင်းအချက်အလက်တွေ ရယူနိုင်ကြောင်း ညွှန်းတယ်။ နောက် UEC ရဲ့ နည်းဥပဒေတွေ၊ ဥပဒေတွေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို ကျွန်မတို့ကို ဆော့ဖ်ကော်ပီ ပေးပါတယ်။ ကျွန်မတို့ကဒါတွေကို သင်တန်းဆရာတွေကို မျှဝေပြီး သင်တန်းသူတွေကို တော့ လေ့လာဖို့ လိုအပ်တာလောက်ကို ပြန်ဝေမျှပေးပါတယ်။

**မေး။ ။ ဟုတ်ကဲ့။ ကျန်တဲ့ မော်ကျူးသင်ကြားတဲ့အပိုင်းကရော။**

ဖြေ။ ။ မော်ကျူး(၂) က မဲပေးတဲ့အခါမှာ မဲရုံမှာ မနက် ၆ နာရီကနေ ညနေ ၄ နာရီအထိ လုပ်ဆောင်တဲ့ လုပ်ငန်းစဉ်တွေကို Video တွေနဲ့လေ့လာပြီး သူတို့ကိုယ်တိုင်ပါဝင်တဲ့ လက်တွေ့လုပ်ငန်းတွေကို ဆောင်ရွက်ရပါတယ်။ နောက်တစ်နိုင်ငံလုံး မဲစာရင်းကလာမယ့် ဩဂုတ်လမှာ ကပ်မှာဖြစ်တဲ့အတွက် မဲစာရင်းစစ်ဖို့ အရေးကြီးတယ်ဆိုတာကို သင်တန်းသူတွေကို သတိပေးတဲ့အနေနဲ့ မော်ကျူး(၂) မှာ ထည့်သွင်းထားတယ်။ မော်ကျူး(၂) ကိုတော့ ရန်ကုန်မှာ ဇူလိုင် ၂၂ ရက်ကနေ ၂၄ ရက်အထိဖွင့်လှစ်ခဲ့ပြီး စစ်ကိုင်း၊ နေပြည်တော်နဲ့ မန္တလေးမှာ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့တယ်။ မော်ကျူး(၂) အတွက် တစ်နိုင်ငံလုံး သင်တန်းတွေဟာ အောက်တိုဘာလ ဒုတိယပတ် သို့မဟုတ် တတိယပတ်မှာ ပြီးဆုံးမယ်။

မော်ကျူး(၃) ကိုတော့ ရွေးကောက်ပွဲပြီးမယ့် ဒီဇင်ဘာ၊ ဇန်နဝါရီလတွေမှာ သင်ကြားမယ်။ သင်တန်းသူတွေကို ပြောင်းလဲမှုတစ်ခုဖြစ်နိုင်ဖို့ တွန်းအားပေးတဲ့အပိုင်းတွေပါတယ်။ နောက်ရွေးကောက်ပွဲအပြီးမှာ ဖြစ်လာမယ့် အငြင်းပွားမှုတွေကို ဖြေရှင်းတဲ့အကြောင်းတွေပါမယ်။ အဓိကကတော့ သူတို့ကို ရွေးကောက်ပွဲစက်ဝန်းအပိုင်း (၃)ပိုင်းမှာ အမျိုးသမီးတွေက ဘယ်ကဏ္ဍတွေမှာ ပါဝင်နိုင်မလဲဆိုတာကို စဉ်းစားခိုင်းတယ်။ နောက်ကျင်းပမယ့် ရွေးကောက်ပွဲတွေမှာ အမျိုးသမီးတွေ ပါဝင်လာအောင် ဘယ်လိုလှုံ့ဆော်ကြမလဲ။ ဘယ်သူတွေကို ပညာပေးကြမလဲ ဆိုတာတွေကို မော်ကျူး(၃) မှာ ပြန်လေ့လာသုံးသပ်ကြမယ်။

**မေး။ ။ မစ္စ အင်ဂျလီနာ ဂျိုလီပစ်နဲ့ ရောင်ခြည်သစ် တွေ့ဆုံကြတော့ ဘာတွေကို အဓိကဆွေးနွေးခဲ့ကြပါသလဲ။**

ဖြေ။ ။ ကျွန်မတို့နိုင်ငံမှာ ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့ ကဏ္ဍတွေမှာ အမျိုးသမီးတွေ ပါလာဖို့ပေါ့။ အမျိုးသမီးခေါင်းဆောင်မှုနဲ့ ရွေးကောက်ပွဲအသိပညာပေးသင်တန်း ဆိုတော့ ကျွန်မတို့ အစီအစဉ် ဘယ်လောက်ထိ ထိထိရောက်ရောက်လုပ်နိုင်လဲဆိုတာကို လာပြီးတော့ ဆွေးနွေးတာပါ။ သူကျွန်မတို့ကို အကြံပြုတာက မြန်မာနိုင်ငံမှာ အမျိုးသမီးတွေက နိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ရှိပြီး မဲဆန္ဒရှင်စာရင်းမှာလည်း ထက်ဝက်ကျော်တယ်။ အမျိုးသမီးထက်ဝက်ကျော်ရဲ့အားကို ဒီရွေးကောက်ပွဲမှာ ပါလာဖို့အတွက်ရယ်၊ နောက်မဲပေးနိုင်တဲ့ လူတိုင်းလည်း မဲပေးခွင့်မဆုံးရှုံးစေဖို့ကို တွန်းအားပေးပြောသွားတယ်။ ဒါဟာ မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ ရွေးကောက်ပွဲဖြစ်တယ်။ နိုင်ငံတကာကလည်း စောင့်ကြည့်နေတယ်။ သူတို့ကိုယ်တိုင်လည်း ဒါကို စောင့်ကြည့်လေ့လာနေတယ်။ ဒီဟာအတွက်ကို ကျွန်မတို့ သင်တန်းအနေနဲ့ လူတွေကို သတင်းအချက်အလက် များများစားစားရစေဖို့ လုပ်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်လို့ သူပြောသွားပါတယ်။

**မေး။ ။ မစ္စ အင်ဂျလီနာ ဂျိုလီပစ်အနေနဲ့ မြန်မာနိုင်ငံမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ ဘယ်အချက်တွေကို စိတ်ဝင်စားတာ တွေ့ရလဲ။**

ဖြေ။ ။ အဓိကက မဲစာရင်းစစ်တဲ့ကိစ္စကို သူစိတ်ဝင်တစားရှိတယ်။ ဘယ်လောက်အထိ လွယ်လွယ်ကူကူ မဲစာရင်းကို စစ်နိုင်လဲဆိုတာကို စိတ်ဝင်စားတယ်။ ကျွန်မတို့နဲ့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ရဲ့ မဲစာရင်းစစ်ဆေးလို့ ရနိုင်တဲ့ဝက်ဘ်ဆိုက်မှာ လက်တွေ့မဲစာရင်း စစ်ကြည့်ကြတယ်။ဒါက တစ်နိုင်ငံလုံးက လူတွေအတွက် လက်တွေ့ကျကျ လုပ်လို့ရနိုင်သလားလို့ မေးခွန်းထုတ်တယ်။ ပြီးတော့ လူတွေ လက်တွေ့ကျကျ မဲစာရင်းစစ်နိုင်ဖို့၊ သတင်းအချက်အလက် ရနိုင်ဖို့ ဘာက အဓိကအထောက်အကူပြုမလဲ။ သတင်းစာလား၊ ရေဒီယိုလား၊ တီဗွီလား။ လူတွေကို ပိုပြီး သတင်းအချက်အလက် ရောက်နိုင်တဲ့နေရာတွေကို ပံ့ပိုးပေးဖို့ အလှူရှင်တွေကို သူ့အနေနဲ့ တွန်းအားပေးမယ့်အကြောင်းပြောတယ်။ ရွေးကောက်ပွဲမှာ မဲပေးနိုင်တဲ့သူတွေ မဲပေးနိုင်ဖို့ ကျွန်မတို့လို ပညာပေးလုပ်ငန်းဆောင်ရွက်နေသူတွေ ထိထိရောက်ရောက် လုပ်ဆောင်ပေးဖို့ တိုက်တွန်းတယ်။ နောက်သူသိချင်တာက မြန်မာနိုင်ငံက ကျောင်းတွေမှာ အခြားနိုင်ငံတွေလို မဲပညာပေးလုပ်ငန်းတွေ ဆောင်ရွက်တာမျိုးရှိလားလို့ မေးတယ်။ (ကျေးဇူးတင်ပါတယ်။)

ရောင်ခြည်သစ်အဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများအား ၂၀၁၅ ခုနှစ် မတ်လမှစတင်ကာ "အမျိုးသမီးများခေါင်းဆောင်မှုနှင့် ရွေးကောက်ပွဲအသိပညာပေးသင်တန်း" များ ပို့ချလျက်ရှိသည်။ ရောင်ခြည်သစ်မှဖွင့်လှစ်သည့် သင်တန်းများတွင် ရွေးကောက်ပွဲဖြစ်စဉ်စက်ဝိုင်းတွင်ပါဝင်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလ လုပ်ငန်းစဉ်များကိုသင်ကြားကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို လက်တွေ့လုပ်ဆောင်လျက်ရှိသည်။

# လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ တင်သွင်းလွှာကို ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားသွားမည်

**နေပြည်တော် ဩဂုတ် ၁၀**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၄ ရက်အထိ လည်းကောင်း၊ အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းခြင်းကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက် နောက်ဆုံးထား၍လည်းကောင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများသို့ တင်သွင်းနိုင်ကြောင်း ကော်မရှင်က သတ်မှတ်ကြေညာထားပြီးဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်မဲဆန္ဒနယ်တစ်ခုတွင် အမည်စာရင်းတင်သွင်းထားပြီး ထိုမဲဆန္ဒနယ်မှ အမည်စာရင်းကို မရုပ်သိမ်းဘဲ အခြားလွှတ်တော် မဲဆန္ဒနယ်တစ်ခုတွင် အမည်စာရင်း ထပ်မံတင်သွင်းထားပါက သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂၃ အရ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းမည်ဖြစ်သည်။

အမည်စာရင်းတင်သွင်းပြီးပါက တင်သွင်းထားသော အမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းလိုလျှင် ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက် နောက်ဆုံးထား၍ ကော်မရှင်အဖွဲ့ခွဲထံ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မိမိအမည်စာရင်း တင်သွင်းထားပြီးဖြစ်သည့် မဲဆန္ဒနယ်တွင် ဝင်ရောင်ယှဉ်ပြိုင်လိုခြင်းမရှိဘဲ အခြားမဲဆန္ဒနယ်တစ်ခုတွင် ပြောင်းလဲယှဉ်ပြိုင်ရန် အကြောင်းပေါ်ပေါက်လာပါက ပြဋ္ဌာန်းချက်နှင့် ငြိစွန်းခြင်းမရှိစေရေးအတွက် ၂၀၁၅ ခုနှစ် ဩဂုတ် ၁၄ ရက်မတိုင်မီ ရုပ်သိမ်းလွှာ တင်သွင်းကြရမည် ဖြစ်သည်။

သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းကြောင်း လက်ခံပြီးပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ၃၄ နှင့်အညီ ကိုယ်စားလှယ်လောင်းအဖြစ်မှ ရုပ်သိမ်းကြောင်း ကြေညာချက်ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ထုတ်ပြန်ပြီးစီးပါက အခြားမဲဆန္ဒနယ်သို့ ပြောင်းလဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းလိုပါက ကော်မရှင်က သတ်မှတ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံသို့ အမည်စာရင်း ထပ်မံတင်သွင်းနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၇ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၃၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၆၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၅. ၁၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၃၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၂. ၂၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၃၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၉၀' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၁. ၁၀' |
| ၁၀။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၃၀' |
| ၁၁။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၃. ၂၀' |
| ၁၂။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၄၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၅၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၃၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၁၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၃၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၈၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၃၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၃၃' |
| ၂၂။ | စဥ့်ကူးချောင်း ဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၇၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၆၀' |
| ၂၅။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၀' |
| ၂၆။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၀. ၂၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၃၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၆. ၂၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၆. ၄၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၁၀' |
| ၃၂။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၃၃။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၄။ | ဘန့်ဘွေးကုန်း ရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၅။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၅၃' |
| ၃၆။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၆၀' |
| ၃၇။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၉၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ(ဧကပေ) | လက်ရှိ ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၅၈ | ၁. ၉၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၃၃ | ၁. ၇၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၂၅၀ | ၂၆. ၁၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၉၀၀ | ၂၇. ၅၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၄၅၃၇ | ၆. ၃၄' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၃၁၂၃ | ၉. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၅ | ၆. ၆၃' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၃၈၁ | ၉. ၃၀' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၃၂၅ | ၂၀. ၂၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၀၂၉ | ၅. ၂၅' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၃၇၄ | ၁. ၆၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၇၃၁၆၂၅ | ၁. ၂၅' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၈၇၀၄၇ | ၃၃. ၀၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၀၅၆၁ | ၁၃. ၁၈' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၅၃၇၇ | ၂၀. ၉၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၈၁၆၀ | ၁၂. ၁၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၃၃၈၀ | ၄. ၁၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၈၉၂၄ | ၈၇. ၇၈' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၄၉၀၀ | ၅၉. ၀၀' |
| ၂၂။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၇၀၈၇၈ | ၀. ၄၀' |
| ၂၃။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၃၉၇၄၇ | ၁. ၅၀' |

(သတင်းစဉ်)

# မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားနည်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ (မိုး/ဇလ)

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးကြီးနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၁၁ ရက်တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)


## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/ 4111၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ပြည်နယ်ရုံး (ဘားအံ)

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈E၊ မြေကွက်အမှတ် ၁၁၄/၁၄အီး၊ မြေကွက်တည်နေရာအမှတ် ၂၆၅၊ ပြည်လမ်း၊ ကျွန်းတောင်ရပ်ကွက်၊ စမ်းချောင်း (ဦးမောင်မောင်) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ဦးမောင်မောင်ကွယ်လွန်၍ဇနီးဖြစ်သူ ဒေါ်သန်းရီက ပိုင်ဆိုင်စာချုပ်အမှတ် ၁၉၂/ ၃-၄-၈၄ ဖြင့် ပိုင်ဆိုင်ခဲ့ပြီး နောက်မြေကွက်၏မခွဲမစိတ်ရသေးသော မြေကွက်၏တစ်ဝက် ၀ဒသမ ၀၅၇ဧကကို ဦးကြီးမောင်၊ ဒေါ်ခင်မိသို့ ပေးကမ်းစာချုပ် ၄၀၈/၉၅ဖြင့် ပေးကမ်းခဲ့ပြီး ဦးကြီးမောင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်မိက ၀ဒသမ၀၅၇ဧက (မြေကွက်၏အစိတ်အပိုင်း)ကို ပိုင်ဆိုင်စာချုပ် ၆၃၁၇၊၁၄ ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ယခုကျန်အစိတ်အပိုင်း ၀ဒသမ ၀၅၇ဧကကို ဒေါ်သန်းရီ ကွယ်လွန်သဖြင့် သားသမီး၊ ချွေးမများဖြစ်ကြသော ဦးအောင်ခင် ၁၂/ကမတ(နိုင်)၀၄၇၈၉၀၊ ဒေါ်ခင်ထွေးမြင့် ၁၂/ကမတ(နိုင်)၀၃၂၁၅၈၊ ဒေါ်ငြိမ်းတင် ၁၂/လမန(နိုင်)၀၀၉၅၀၃တို့က သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## သဘာဝအန္တရာယ် ပြန်လည်ထူထောင်ရေး အလှူငွေထည့်ဝင်ရန် အသိပေးနှိုးဆော်ခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၀)မှ ရေဘေးသင့် မိဘပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့နိုင်ရန်အတွက် ရည်ရွယ်၍ ကူညီထောက်ပံ့ရေးရန်ပုံငွေအား ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲ(၂)တွင် ငွေစာရင်းအမှတ်(233-301- 02703226101) ဖြင့် ငွေစုစာအုပ်ပြုလုပ်ထားရှိပြီး အလှူငွေကောက်ခံလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ရရှိသောအလှူငွေများအား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ရက်တွင် စာရင်းပိတ်ပြီး ကော်မတီအဖွဲ့မှ ကိုယ်တိုင်သွားရောက်၍ ထိရောက်စွာ လှူဒါန်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အလှူငွေကောက်ခံရေးကော်မတီ
ဖုန်း-၀၉-၄၉၂၀၇၃၄၄၊ ၀၉-၉၇၃၆၂၇၁၃၉၊ ၀၉-၄၃၀၃၆၀၃၀

## ဗန်းမော်အသင်း (ရန်ကုန်) ဂါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ဗန်းမော်ခရိုင်မှ ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဆရာတော် သံဃာတော် (၁၁) ပါးအား "ဂါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ" ကို (၁၆-၈-၂၀၁၅) ရက်နေ့ တနင်္ဂနွေနေ့ နံနက် (၉း၀၀) နာရီတွင် ရွှေတိဂုံဘုရားတောင်ဖက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ဗန်းမော်ခရိုင်သူ/သားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၅၄၂၈၊ Toyota Hilux Vigo,P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၁၃/တကန(နိုင်)၁၂၂၀၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့

## ရေဘေးသင့်ဒေသရှိ ပြည်သူများအား မြွေကိုက်ခံရပါက ကုသနိုင်ရန်အတွက် လိုအပ်သည့် မြွေဆိပ်ဖြေဆေးများကို ရန်ကုန်မြို့ရှိ ဆေးဝါးစက်ရုံ (အင်းစိန်)တွင် လွတ်လပ်စွာ ဝယ်ယူရရှိနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ဝယ်ယူရန် ဖုန်းနံပါတ်များ**

**၀၁-၆၄၆၂၆၈၊ ၀၆၇- ၄၀၈၁၄၉၊**

**၀၉-၄၉၂၃၀၅၂၃၊ ၀၉-၄၀၂၆၇၇၇၅၄**

**စက်မှုဝန်ကြီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/4037, ISUZU NKR81E VAN(4x2)R ယာဉ်လက်ဝယ်ရှိသူ GOOD FATHER Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကြည်စိုး ၁၂/မရက (နိုင်) ၀၅၄၀၉၂၏ ပတ်စ်ပို့ (နံပါတ်မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၂၈၅၉၅

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ တော်ဝင်သူကုမ္ပဏီမှ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်း/စက်(၀၂/၂၀၁၃-၂၀၁၄)အိတ်ဖွင့်လေလံတွင် အောင်မြင်ခဲ့သော ကျွန်းပယ်သစ်လုံး ၁၇၆၅ လုံး၊ (၅၂၁ ဒသမ ၇၃၂)တန်၏ငွေသွင်းပြေစာ၊ ၁၀၈၇၃/၅၄၃၆၄၆မှ ၅၄၃၆၅၀(၅) စောင်၊ ၁၀၈၇၄/၅၄၃၆၅၁မှ ၅၄၃၆၅၆(၆)စောင်နှင့်အတူ သစ်လုံးအတိုင်း စာရင်း(မူရင်း)များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးအေးနောင်
ဖုန်း-၀၁-၅၃၆၆၅၈

## ဖခင်အမည်မှန်

ပြည်မြို့၊ အမှတ်(၅)အထက၊ တက္ကသိုလ်ဝင်တန်း(ဈ)မှ မပြည့်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွေး ၇/ပမန(နိုင်) ၁၃၃၆၂၃ ဖြစ်ပါကြောင်း။

ဦးမြင့်ထွေး

# ပေါက်ချောင်းအတွင်း အမြန်ယာဉ်တစ်စီးနစ်မြုပ်



**ပေါက် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ပေါက်ချောင်းရေကြီး မှုများဖြစ်ပေါ်လျက်ရှိရာ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ ခရီးသွားလာမှုနှောင့်နှေးခဲ့သည်။

ယခုအခါ ချောင်းရေပြန်ကျချိန်တွင် မော်တော်ယာဉ်များစတင်ဖြတ်သန်းလျက်ရှိရာ ယာဉ်လမ်းကြောင်းအပြောင်းအလဲဖြစ်ကာ ဩဂုတ် ၉ ရက် ည ၁၂ နာရီက ရွှေယောမန်းခရီးသည်တင်မှန်လုံအမြန်ယာဉ်တစ်စီး သဲနွံအတွင်းနစ်မြုပ်ခဲ့သည်။

အဆိုပါ ကားနစ်မြုပ်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပေါက်ချောင်းအနီးတစ်ဝိုက်ရှိ အလုပ်သမားများက စက်ကြီးများဖြင့် အဆိုပါယာဉ်နစ်မြုပ်မှုကို အချိန်မီပြန်လည်ရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

# ရန်ကုန်-လားရှိုး ခရီးသည်တင်အမြန်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား



**ရန်ကုန်-လားရှိုး ခရီးသည်တင်အမြန်ယာဉ် တစ်စီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ တိမ်းမှောက်စဉ်။** (ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့)

**နေပြည်တော် ဩဂုတ် ၁၀**

ရန်ကုန်-လားရှိုး ခရီးသည်တင်အမြန်ယာဉ်တစ်စီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ တိမ်းမှောက်မှု ယနေ့ညနေပိုင်းက ဖြစ်ပွားရာ သေကျေဒဏ်ရာရရှိမှုများပြားကြောင်း သိရသည်။

ရန်ကုန်မှ လားရှိုးသို့ ထွက်ခွာသည့် ရွှေလီဦးခရီးသည်တင်အမြန်ယာဉ် 4D/-----သည် ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် အမြန်လမ်း မိုင်တိုင် ၁၀၅/၂ အနီး၌ အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါသူ ခရီးသည် ၃၆ ဦးအနက် ခုနစ်ဦးသေဆုံးကြောင်း၊ ဒဏ်ရာရသူ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦးကို ဖြူးဆေးရုံကြီးသို့ အမြန်လမ်းရဲတပ်ဖွဲ့က ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြူးဆေးရုံကြီးသို့ ရောက်ရှိသောလူနာများအနက် နှစ်ဦးမှာ စိုးရိမ်ရပြီး နောက်နှစ်ဦးမှာ အလွန်စိုးရိမ်ရသော အခြေအနေရှိကြောင်း၊ ည ၉ နာရီခန့်အချိန်ထိ ကားအပျက်အစီးထဲတွင် ပိတ်မိနေသူများကို ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသူများထံမှ ငွေနှင့်ပစ္စည်းများ ခိုးယူသူအားဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၁၀**

ပလွေးအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ မိုင်တိုင်အမှတ် (၁၉၇/၆) အနီးဝန်းကျင် လမ်းဘေးဝဲ/ယာတစ်လျှောက် အဖွဲ့များခွဲ၍ ပိတ်ဆို့ရှာဖွေစဉ် မိုင်တိုင်အမှတ် (၁၉၉/၅) အနီး အမြန်လမ်းမပေါ်၌ ခရီးဆောင်အိတ်တစ်လုံးနှင့် မသင်္ကာဖွယ်လူတစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းမှာ ရခိုင်ပြည်နယ် သံတွဲမြို့ ဗိုလ်ထွန်းစံရပ်ကွက်နေ စောအယ်လင်း(ခ) အောင်အောင် (၂၉ နှစ်)ဖြစ်ပြီး ၎င်း၏ခရီးဆောင်အိတ်အတွင်းမှ တွေ့ရှိသည့်ငွေကျပ် ၂၉၂၅၀၀၊ HONOR လက်ကိုင်ဖုန်းတစ်လုံး၊ VIVO လက်ကိုင်ဖုန်းတစ်လုံးနှင့် မဟူရာကျောက်နှစ်လုံးတို့အနက် ငွေကျပ် ၂၈၀၀၀၀ နှင့် HONOR လက်ကိုင်ဖုန်းတစ်လုံးတို့မှာ ယာဉ်အတူစီးနင်းလိုက်ပါလာသည့် မချိုဇင်လတ်၏ လက်ကိုင်အိတ်အတွင်းမှ လည်းကောင်း၊ ငွေကျပ် ၁၂၅၀၀၊ VIVO လက်ကိုင်ဖုန်း တစ်လုံးနှင့် မဟူရာကျောက်နှစ်လုံးတို့အား မချိုဇင်လတ်၏ နံဘေးထိုင်ခုံတွင် လိုက်ပါလာသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ မအေးအေးနွယ်၏ အိတ်အတွင်းမှ လည်းကောင်း ခိုးယူခဲ့ကြောင်း သိရှိရသဖြင့် တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူလျက်ရှိသည်။

အဆိုပါ သတင်းအား မွန်ပြည်နယ် ကျိုက်ထိုမြို့နေ မချိုဇင်လတ်က ၎င်းစီးနင်းလိုက်ပါလာသည့် 6I/---- မန်းရွှေမြို့တော် ခရီးသည်တင်မှန်လုံယာဉ်ဖြင့် မော်လမြိုင်မှ ပြင်ဦးလွင်သို့ လိုက်ပါစီးနင်းလာစဉ် ၎င်း၏လက်ကိုင်အိတ်အတွင်း ထားရှိသည့် ငွေကျပ် ၂၈၀၀၀၀ နှင့် HONOR အမျိုးအစားလက်ကိုင်ဖုန်းဟန်းဆက်တစ်လုံးတို့ ခိုးယူခံရကြောင်း၊ မသင်္ကာဖွယ်လူတစ်ဦးမှာ မိုင်တိုင်အမှတ် (၁၉၇/၆)အနီးတွင် ယာဉ်ပေါ်မှ ဆင်းသွားခဲ့ကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ်(၂၀၁/၆)အနီးရှိ ပလွေးအမြန်လမ်းမကြီးရဲစခန်းသို့ လာရောက်တိုင်ကြားချက်အရ အမြန်လမ်းမကြီး တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

## သမီးလေး ထက်မှူးသံလွင်(ခ)ကေရှင်းသန့်စံအတွက်
## မွေးနေ့ဆုတောင်း

ဩဂုတ်လ ၁၁ရက်တွင် ကျရောက်သော သမီးလေး **ထက်မှူးသံလွင် (ခ) ကေရှင်းသန့်စံ** (Primary-IIB, ILBC Naypyitaw)၏ ခုနစ်နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာဖြင့် အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်နိုင်ပြီး တိုင်းကျိုးပြည်ကျိုးကို ထူးထူးချွန်ချွန် ထမ်းရွက် သယ်ပိုးနိုင်သော သမီးကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

**ဖေဖေ ဦးဇော်ဌေး၊ မေမေ ဒေါ်ကေခိုင်ဦး**
**နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား**

## CLAIMS DAY NOTICE
## M.V MAKASSAR HIGHWAY VOY : NO(156A)

Consignees of cargo carried by M.V MAKASSAR HIGHWAY VOY : NO (156A) are here by notified that the vessel will arrive on about 12-8-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် DD/ 7187, Toyota Caldina ET 196 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်း ၁၂/သကတ(နိုင်) ဝ၆၇၅၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**



# စကားပြေအလေ့အလာ (၅)

**မောင်ခင်မင်(ဓနုဖြူ)**

"တက္ကသိုလ်တွေ၊ ကျောင်းတွေမှာ စကားပြေကို အကြောင်းအရာပဲ အဓိကထားပြီး သင်တာ၊ စကားသုံးပုံ၊ ဝါကျဖွဲ့ပုံ၊ အချက်အလက်စီစဉ်ပုံဆိုတဲ့ အရေးအသားပိုင်းကိုအာရုံမပြုတာ ဆရာတို့ကျောင်းသားဘဝ၊ ဆရာငယ်ဘဝအထိ တွေ့ကြုံရတဲ့အကြောင်း ဆရာပြောခဲ့တာ သားတို့သမီးတို့ မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါတယ်ဆရာ"

"အဲ. . . . ၁၉၆၅ ခုနှစ်ကျတော့ စနစ်သစ်ပညာရေးနဲ့အတူ စကားပြေ သင်ကြားရေးလည်း စပြီး ပြောင်းလဲလာတယ်ကွဲ့"

"ဆရာ၊ စနစ်သစ်ပညာရေးဆိုတာ ဘာပါလဲ ဆရာ။ သမီးတို့မသိလို့ပါ"

"သြော်. . . . . ဟုတ်သားပဲ၊ စနစ်သစ်ပညာရေးဆိုတာ လွန်ခဲ့တဲ့နှစ် ၅၀ ကစတာဆိုတော့၊ သားတို့သမီးတို့ ဘယ်မွေးဦးမှာလဲ။ အဲဒီကာလမတိုင်ခင်က တက္ကသိုလ်မှာ ပညာသင်ကြားတဲ့စနစ်က ဘာသာတွဲစနစ်လေ။ မြန်မာစာနဲ့အင်္ဂလိပ်စာက မယူမနေရ ဘာသာတွေ။ ပြီးတော့ ကြိုက်ရာသုံးဘာသာတွဲပြီး ယူရတယ်"

"သြော်. . . . ဟုတ်ကဲ့ပါ"

"ဆရာတို့လည်း ဘာသာတွဲစနစ်နဲ့ သင်ခဲ့ရတာပေါ့။ ၁၉၆၅ ခုနှစ်မှာ စနစ်သစ် ပညာရေးစတယ်၊ အရင်တုန်းက မြန်မာနိုင်ငံမှာ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်၊ အဲဒီတက္ကသိုလ် နှစ်ခုပဲရှိတယ်။ ဆေးပညာတို့၊ ပညာရေးတို့၊ စက်မှုတို့၊ သစ်တောတို့၊ စိုက်ပျိုးရေးတို့၊ တိရစ္ဆာန်ဆေးကုတို့၊ အဲဒီဘာသာရပ်ဌာနတွေက အဲဒီတက္ကသိုလ်နှစ်ခုအောက်က မဟာဌာနတွေပေါ့၊ စနစ်သစ် ပညာရေးစတော့ အဲဒီမဟာဌာနတွေက သီးခြားတက္ကသိုလ်တွေဖြစ်လာတယ်၊ ခုလိုမျိုးပေါ့။ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်တွေကိုလည်း ဘာသာတွဲစနစ်ကနေပြီး အဓိကဘာသာစနစ်ကို ပြောင်းလိုက်တယ်။ တစ်ဘာသာတည်း အထူးပြု သင်ကြားရတယ်။ နောက်တော့ အထူးပြုဘာသာစနစ်လို့ခေါ်တယ်။ ခုသားတို့၊ သမီးတို့ သင်ရတဲ့စနစ်ပါပဲ"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ အဲဒီတုန်းက တက္ကသိုလ်ပညာရပ်တွေအားလုံးကို မြန်မာလိုသင်ဖို့ သတ်မှတ်ထားတယ်။ ဒီတော့ ဘာသာရပ်အားလုံးကို မြန်မာလိုသင်နိုင်ဖို့အတွက် စကားပြေကို ထိထိရောက်ရောက် အသုံးပြုနိုင်ဖို့လိုတာပေါ့။ ဒါကြောင့် တက္ကသိုလ်ပထမနှစ်မှာ စကားပြေကို အလေးထားသင်ဖို့ ဖြစ်လာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'တက္ကသိုလ်မြန်မာစကားပြေကောက်နုတ်ချက်' ဆိုပြီး စာအုပ်တစ်အုပ် ပြုစုတယ်။ ခေတ်အဆက်ဆက်ကကောင်းနိုးရာရာ စကားပြေတွေပါတယ်။ ပြီးတော့ **စကားပြေသင်တဲ့ ရည်မှန်းချက်ကိုလည်း သေသေချာချာ သတ်မှတ်ဖော်ပြထားတယ်ကွဲ့"**

**"ဘယ်လိုပါလဲဆရာ"**

**"စကားပြေကိုတိတိကျကျ၊ ရှင်းရှင်းလင်းလင်း၊ သိပ်သိပ်သည်းသည်း၊ မှန်မှန်ကန်ကန် ရေးနိုင်စွမ်းရှိခြင်း'လို့ ရည်မှန်းချက်ကို သတ်မှတ်တာလေ"**

"ဒါဆိုရင် အကြောင်းအရာသက်သက်မဟုတ်ဘဲ အရေးအသားကိုလည်း အာရုံပြုလာတာပေ့ါနော်ဆရာ"

"ဟုတ်ပါတယ်။ အဲဒီတက္ကသိုလ်မြန်မာစကားပြေကောက်နုတ်ချက်မှာ 'စကားပြေအကြောင်းအမှာစာ' ဆိုပြီး စကားပြေရဲ့သဘာဝကို ရှင်းပြ ထားတယ်။ အဲဒီအမှာစာကို စကားပြေသင်နည်း၊ စကားပြေလေ့လာနည်းလို့လည်း ခေါ်နိုင်တာပေ့ါ"

"တစ်ခုမေးပါရစေဆရာ၊ အဲဒီစကားပြေကောက်နုတ်ချက်တို့၊ စကားပြေ အကြောင်း အမှာစာတို့ကို ဘယ်ဆရာကြီးတွေပြုစုတာပါလဲဆရာ"

"ဟင်. . . . အရင်တုန်းကတော့ စာအုပ်ပြုစုရင် ဆရာကြီး ဦးဖေမောင်တင်တို့၊ ဆရာကြီး ဦးကြီးမောင်တို့လိုဆရာကြီးတွေ တစ်ဦးချင်းပြုစုတာလေ။ အခုပြောတဲ့ စာအုပ်တွေကျတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဆိုတော့ တစ်ဦးချင်း မဟုတ်ဘဲ အဖွဲ့အစည်းနဲ့ ပြုစုတာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ဆရာသိသလောက် အဲဒီတုန်းက မြန်မာစာ သင်ရိုးအဖွဲ့ဥက္ကဋ္ဌက ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မြန်မာစာ ပါမောက္ခ ဆရာကြီး ဦးမောင်မောင်ကြီးဆိုတော့ ဆရာကြီးက အဓိကတာဝန်ယူပြီးပြုစုတယ်လို့ သိရတယ်။ စကားပြေအကြောင်း အမှာစာကတော့ ဆရာဇော်ဂျီလို့ ထင်ရှားတဲ့ ဆရာကြီး ဦးသိန်းဟန်ရေးတာပါ"

**"စကားပြေအကြောင်းအမှာစာမှာ စကားပြေလေ့လာနည်းကို ဘယ်လိုလမ်းညွှန်ထားပါသလဲဆရာ"**

**"အချုပ်ပြောရင် ရေးထားတဲ့အကြောင်းအရာရယ်၊ အဲဒီစာကိုရေးတဲ့ စာရေးသူရဲ့ ရည်ရွယ်ချက်ရယ်၊ အဲဒီရည်ရွယ်ချက်နဲ့အညီ စာတစ်ပုဒ်ဖြစ်လာအောင် စကား၊ ဝါကျ၊ အပိုဒ်၊ စာတစ်ပုဒ်လုံးဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့် စည်းရုံးပုံရယ်၊ အဲဒီလိုရေးလိုက်လို့ ပုံပေါ်လာတဲ့ စကားပြေအရေးအဖွဲ့ရယ်၊ အဲဒါတွေကိုလေ့လာပြီး စာရေးတဲ့သူရဲ့ ရည်ရွယ်ချက်ရောက်အောင် ဘယ်လိုစည်းရုံး ရေးသားထားတယ်ဆိုတာရယ်၊ အဲဒီလိုရေးပုံ၊ သားပုံနည်းနာတွေကို ဖော်ပြထားပြီး အဲဒီနည်းနာတွေနဲ့ အညီစိစစ်လေ့လာဖို့လမ်းညွှန်ထားတာပါပဲ"**

"ဟုတ်ကဲ့ပါ။ အဲဒီလိုလေ့လာဖို့လမ်းညွှန်ထားတာဆိုတော့ စကားပြေ သင်ရာမှာလည်း အဲဒီလမ်းညွှန်ချက်အပေါ် သင်ကြားမှာပေ့ါနော်"

"ပြောရဦးမယ်။ အဲဒီတုန်းက ဆရာတို့လည်း ပထမနှစ်ကျောင်းသားတွေကို စကားပြေသင်ရတော့ အဲဒီအမှာစာကို အခြေခံပြီးသင်ပါတယ်။ ဒီတော့ အကြောင်းအရာသက်သက် ပြောပြတာမျိုးမဟုတ်တော့ဘဲ စကားပြေရေးပုံသားပုံကို ကျောင်းသားတွေ သတိပြုမိလာတာပေ့ါ။ စိတ်လည်းဝင်စားကြပါတယ်"

"စကားပြေရေးပုံသားပုံနဲ့ ပတ်သက်ပြီး သာဓကလေးတစ်ခုလောက် ပြောပြပါဆရာ"

"အင်း. . . အဲဒီတက္ကသိုလ် မြန်မာစကားပြေကောက်နုတ်ချက်ထဲမှာ 'မိခင်သောက' ဆိုတဲ့ ကောက်နုတ်ချက်တစ်ခုပါတယ်။ သားတို့သမီးတို့ သိမှာပေ့ါ"

"အခု ဆယ်တန်းမြန်မာစာမှာ သင်တဲ့ ကောက်နုတ်ချက်ပါလား ဆရာ"

"ဟုတ်ပါတယ်။ အဲဒီတုန်းကတော့ ဆယ်တန်းမှာ မသင်သေးဘူးလေ။

ဦးဩဘာသရဲ့ "ဝေဿန္တရာ ဝတ္ထုထဲမှာ သား နဲ့ သမီးကို ဝေဿန္တရာမင်းကြီးက ဇူဇကာပုဏ္ဏားကိုလှူလိုက်လို့ မဒ္ဒီဒေဝီသစ်သီးရှာပြီး ပြန်လာတဲ့အခါ သားနဲ့သမီးကို မတွေ့ရတဲ့အတွက် သောကရောက်ပုံကို ဖွဲ့ထားတဲ့ စကားပြေပေါ့"

"ဟုတ်ကဲ့ပါ။ သိပ်ကောင်းတဲ့အရေးအသားပဲနော် ဆရာ"

"ကောင်းပါတယ်။ အကြောင်းအရာ သက်သက်လေ့လာရင်တော့ မဒ္ဒီဒေဝီ သောက ရောက်ပြီးငိုယိုပူဆွေးနေတဲ့အကြောင်းပဲ ချဲ့ပြောရမှာပေ့ါ။ အဲ. . . အရေးအသားကိုလေ့လာရင်တော့ ဘယ်လိုရေးဖွဲ့ထားတယ်ဆိုတာ ပြောရမှာပေ့ါကွယ်"

"ဘယ်လိုရေးဖွဲ့ထားပါသလဲဆရာ"

"ဒီအရေးအဖွဲ့မှာ မဒ္ဒီဒေဝီသောကရောက်ပုံကို ဘေးလူဖြစ်တဲ့ စာရေးဆရာက ဝင်ပြောတာမျိုးမဟုတ်ဘဲ ကာယကံရှင် ကိုယ်တိုင်ငိုကြွေးမြည်တမ်းနေပုံကို ဖွဲ့ထားတာမို့ စာဖတ်သူက အဲဒီအသံကိုကြားယောင်လာနိုင်တဲ့အတွက် ရေးဖွဲ့ပုံအသက်ဝင်တာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

" ပြီးတော့ သားနဲ့သမီးကို မတွေ့တဲ့အကြောင်း 'ယခုမမြင်ရခဲ့တကား' ဆိုတဲ့ စကားကိုထပ်ကာထပ်ကာ သုံးထားတာမို့ သောကရောက်ပြီး အကြိမ်ကြိမ်မြည်းတမ်းနေပုံ ပေါ်လွင်လာတာပေ့ါ။ ပြီးတော့ အခုသားနဲ့သမီးကို မမြင်ရတဲ့အကြောင်းပြောတိုင်း သားသမီးနဲ့အတူရှိစဉ်က ပျော်ရွှင်ခဲ့ရတဲ့အကြောင်းတွေနဲ့ နှိုင်းနှိုင်းပြီးပြောထားတယ်။ အခုသောကရောက်ပုံကို အရင်က ပျော်ခဲ့ရပုံနဲ့ ယှဉ်ပြထားတာမို့ အဖြူနဲ့အမည်း ယှဉ်ပြသလို အခုသောကရောက်ပုံပိုပြီး ထင်ရှားလာတာပေ့ါကွယ်"

"ဟုတ်ပါတယ် ဆရာ"

**"အဲဒီ မဒ္ဒီဒေဝီရဲ့စကားထဲမှာ ယှဉ်ပြထားတဲ့ ဥပမာနှစ်ခုဟာလည်း အင်မတန်ပေါ်လွင်ပြီး ထိမိတယ်။ သားသမီးနဲ့အတူတူ နေရတုန်းက ဒီကျောင်းသင်္ခမ်းက ပျော်စရာကောင်းပုံကို 'ပွဲသဘင်ကဲ့သို့' လို့ ဥပမာပေးတယ်။ အခုသားသမီးနဲ့ ကွေကွင်းရလို့ သောက ရောက်နေတဲ့အချိန်မှာ ဒီကျောင်းသင်္ခမ်း ခြောက်ခြောက် ကပ်ကပ်ဖြစ်နေပုံကိုတော့ 'သုသာန်တစပြင်ကဲ့သို့'လို့ ဥပမာပေးတယ်။ ပတ်ဝန်းကျင်တစ်ခုတည်းဟာ ခံယူသူရဲ့ စိတ်အခြေအနေကိုလိုက်ပြီး ပျော်စရာပတ်ဝန်းကျင်ဖြစ်လိုက်၊ ခြောက်ကပ်နေတဲ့ ပတ်ဝန်းကျင်ဖြစ်လိုက် စိတ်ထဲမှာ ပြောင်းနေပုံကို နှိုင်းယှဉ်ဖွဲ့တာ ဘယ်လောက် သဘာဝကျသလဲကွယ်"**

"ဟုတ်ပါတယ် ဆရာ"

"ဒါက မိခင်သောကဆိုတဲ့စကားပြေ စီစဉ်ရေးဖွဲ့ပုံကို သာဓကဆောင်တာပါ"

"နောက်ပြီး ကလေးတွေကို မတွေ့လို့ မဒ္ဒီဒေဝီက ဝေဿန္တရာမင်းကြီးကို လျှောက်ထားတဲ့ စကားတွေကိုကြည့်။ ခုခေတ်စကားနဲ့ပြောရင် "အရှင်မင်းကြီး ဘာကြောင့် ဆိတ်ဆိတ်နေတာလဲ၊ ကလေးတွေ သေကုန်ပြီလား၊ ခြင်္သေ့တွေ၊ ကျားတွေ စားသွားပြီလား၊ ကလေးတွေကို ဘယ်သူခေါ်သွားသလဲ၊ ဘိုးတော်မင်းကြီးဆီလွှတ်လိုက်သလား၊ ဒါမှမဟုတ် ကျောင်းသင်္ခမ်းထဲမှာ အိပ်ပျော်နေသလား၊ အပြင်ထွက်ကစားနေသလား၊ ငှက်ဆင်ကြီးပဲ ချီသွားလေသလား"ဆိုတဲ့ အဓိပ္ပာယ်ပဲလေ။ အဲဒီစကားတွေမှာ ထူးခြားတာ ဘာသတိပြုမိကြသလဲ"

"ဟုတ်ကဲ့၊ မေးခွန်းတွေချည်းဆက်တိုက်မေးနေတာ ထူးခြားပါတယ် ဆရာ"

"ဟုတ်တယ်။ ကလေးတွေအတွက် စိတ်ပူလွန်းလို့ မင်းကြီးရဲ့အဖြေတောင် မစောင့်နိုင်ဘဲ အသက်မရှူတမ်းဆက်တိုက်မေးနေတဲ့ အသံပေါ်မလာဘူးလား။ မေးခွန်းဝါကျတွေ ဆက်တိုက်သုံးပြီး မဒ္ဒီဒေဝီရဲ့သောကကို ပေါ်လွင်အောင်ရေးဖွဲ့ ပြလိုက်တာပဲလေ။ စကားပြေကို ဘယ်လိုရေးဖွဲ့ထားသလဲဆိုတာ သိမြင်လာပြီး အရသာပိုပေါ်လာတာပေ့ါကွယ်။ ကဲ. . . နောက်ဆက်သေးတာပေ့ါ"

"ဟုတ်ကဲ့ပါ ဆရာ"

**"စနစ်သစ်ပညာရေးဆိုတာ လွန်ခဲ့တဲ့နှစ် ၅၀ က စတာဆိုတော့ သားတို့သမီးတို့ ဘယ်မွေးဦးမှာလဲ။ အဲဒီကာလမတိုင်ခင်က တက္ကသိုလ်မှာ ပညာသင်ကြားတဲ့စနစ်က ဘာသာတွဲစနစ်လေ။ မြန်မာစာနဲ့အင်္ဂလိပ်စာက မယူမနေရ ဘာသာတွေ။ ပြီးတော့ ကြိုက်ရာသုံး ဘာသာတွဲပြီးယူရတယ်"**

## ရေဘေးသင့်ပြည်သူများထံသို့ လှူဒါန်းရန် ဖြူးမြို့မှ ပရဟိတယာဉ်တန်းထွက်ခွာ

**ဖြူး ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများထံသို့ လှူဒါန်းရန် ဖြူးမြို့ရှိ ဆရာတော်သံဃာတော်များ ဦးဆောင်၍ မြို့သူမြို့သားများ၊ ဝါဆိုဦးလူငယ်လေးများ ပရဟိတအဖွဲ့နှင့် ဟိန္ဒူမိသားစုဝင်များ စုပေါင်းလှူဒါန်းသော ငွေသားနှင့်ပစ္စည်းမျိုးစုံတို့ကို မိမိတို့စရိတ်ဖြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူ များထံသို့ ကုန်တင်ယာဉ်ကြီး ကိုးစီး၊ လူစီးယာဉ်ငယ် ၁၀ စီးတို့ဖြင့် သွားရောက်လှူဒါန်းရန် ဩဂုတ် ၉ ရက်က ထွက်ခွာသွားကြောင်း သိရသည်။

ဖြူးမြို့ ဆရာတော် သံဃာတော်များနှင့် မြို့သူမြို့သားများ၏ စုပေါင်းအလှူငွေသားနှင့် ပစ္စည်းတန်ဖိုး ကျပ်သိန်း ၄၂၂၅၅၄၁၀၊ ဖြူးမြို့ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့မှ စုပေါင်းလှူဒါန်းမှု ငွေသားနှင့် ပစ္စည်းတန်ဖိုးကျပ်သိန်း ၃၁၃၅၆၀၀၀၊ ဖြူးမြို့ ဝါဆိုဦးလူငယ်လေးများ ပရဟိတအဖွဲ့မှစုပေါင်းလှူဒါန်းမှု ငွေသားနှင့် ပစ္စည်း တန်ဖိုးကျပ်သိန်း ၈၀၀၀၀၀၀၊ ဖြူးမြို့ဟိန္ဒူမိသားစုဝင်များက စုပေါင်းလှူဒါန်းမှု ငွေသားနှင့် ပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၂၁၈၉၈၆၅ စုစုပေါင်း ငွေသားနှင့် ပစ္စည်းမျိုးစုံတန်ဖိုး ငွေကျပ်သိန်းပေါင်း ၈၃၈၀၁၂၇၅ ကို မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား မော်တော်ယာဉ်များဖြင့် သွားရောက်၍ လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

## ဖလမ်း၌ လျှပ်စစ်မီးပြန်လည်ရရှိရေး စုပေါင်းလုပ်အားပေး

**ဖလမ်း ဩဂုတ် ၁၀**

ချင်းပြည်နယ် ဖလမ်းမြို့ပေါ်နှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ပုံမှန်ဖြန့်ဖြူးပေးသည့် ငစစ်ဗားရှိ အသေးစား ရေအားလျှပ်စစ်စက်ရုံသည် မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် မြေစာများ၊ ကျောက်များနှင့် သဲများ ပိတ်ဆို့ခဲ့ရာမှ ဩဂုတ်လပထမပတ်က ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၁၅၀ ခန့် စုပေါင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ရေအားလျှပ်စစ်စက်ရုံက ဖလမ်းမြို့ပေါ်နှင့် ကျေးရွာ ၁၁ ရွာတို့ကို လျှပ်စစ်ဓာတ်အားပုံမှန်ဖြန့်ဝေပေးပြီး မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် မြေစာများနှင့် ကျောက်တုံးများသည် ရေကန်နှင့်ပိုက်လိုင်းများတွင် ပိတ်ဆို့ခဲ့သဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ယာယီရပ်ဆိုင်းခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် တံတား ၉၈ စင်းရှိပြီး ပျက်စီးမှုတန်ဖိုးအားဖြင့် ၂ ဒသမ ၉ ဘီလီယံနီးပါးရှိ

သတင်း-ဟန်နီဝင်း၊ ဓာတ်ပုံ-ကျော်ရဲဆွေ

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံဖြစ်ပေါ်မှုကြောင့် လမ်း ၄၄ လမ်းနှင့် တံတား ၉၈ စင်း ပျက်စီးခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

လမ်းနှင့် တံတားပျက်စီးမှုများအား ပြန်လည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက "ပျက်စီးခဲ့တဲ့လမ်းတွေ ပြင်ဆင်ပြီးစီးမှုအနေနဲ့ ၇၀ ရာခိုင်နှုန်းလောက် ပြင်ဆင်ပြီးတော့ သွားလာနိုင်နေပါပြီ။ ကျန်တဲ့ ရာခိုင်နှုန်းအပိုင်းတွေကိုလည်း ပြင်ဆင်လျက်ရှိပါတယ်။ တံတားအနေနဲ့လည်း ၉၈ စင်း ပျက်စီးခဲ့တာမှာ ၅၆ စင်း ပြင်ဆင်ပြီးစီးသွားပါပြီ။ ၄၂ စင်းကတော့ ဆက်လက်ပြုပြင်နေဆဲ ဖြစ်ပါတယ်။ တံတားပြင်ဆင်မှုကို ရာခိုင်နှုန်းအားဖြင့် ပြောမယ်ဆိုရင် ၆၀ ရာခိုင်နှုန်းလောက် ပြင်ဆင်ပြီးစီးသွားပါပြီ" ဟု ပြောကြားသည်။

ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ပျက်စီးမှုအများဆုံးဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဖြစ်ကြောင်းသိရှိရပြီး အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေအပေါ် "စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသကပျက်စီးတဲ့နေရာတွေပြင်ဆင်ဖို့ တချို့နေရာတွေမှာ လမ်းပြတ်တောက်သွားတာဖြစ်တဲ့အတွက် ဒီနေရာတွေကို ပြင်ဆင်ဖို့ စက်ယာဉ်ယန္တရား ပို့ဆောင်



ဦးဝင်းဖေ
လမ်းဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်



ဦးစောဝင်းနိုင်
လမ်းဦးစီးဌာန
အင်ဂျင်နီယာချုပ်



ဦးခင်မောင်ဆွေ
တံတားဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်

နိုင်ဖို့ကို ကြိုးစားလုပ်ဆောင်ခဲ့ရပါတယ်။ ချင်းပြည်နယ်ကိုသွားဖို့ ဂန့်ဂေါ-ဟားခါးလမ်းနဲ့ ကလေး- ဟားခါးလမ်း နှစ်လမ်းပဲရှိပြီးတော့ ဒီလမ်းနှစ်လမ်းလုံးမှာ ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ပထမအနေနဲ့ ဂန့်ဂေါ-ဟားခါးလမ်းက ပြင်ဆင်ဖို့ လုပ်ဆောင်ရာမှာ ရေတွေထွက်နေသေးလို့ လမ်းဖောက်လို့မရတဲ့ အခြေအနေမို့ ဒုတိယအနေနဲ့ ကလေး-ဟားခါးလမ်းကို ပြင်ဆင်ဖို့ လုပ်ဆောင်ပြီး လမ်းပွင့်အောင် လုပ်ဆောင်ခဲ့ပါတယ်။

နောက်ပြီး ကလေး-ဟားခါးလမ်းပွင့်သွားတဲ့အတွက် ကလေးဘက်မှာလည်း ကလေး-ဂန့်ဂေါလမ်းနဲ့ ကလေး-ကလေးဝလမ်းအတွက် ဆောင်ရွက်ရပါတယ်။ အခု ကလေး-ကလေးဝလမ်းက ရေကျသွားတော့ အသုံးပြုလို့ရပါပြီ။ ကလေး-ဂန့်ဂေါလမ်းကတော့ ကမ်းပါးနီတံတားပျက်စီးမှုရှိနေတော့ ဒီတံတားပြင်ဆင်မှုကို ဆောင်ရွက်နေပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

"အခု ရေကြီးရေလျှံဖြစ်ပေါ်ခဲ့တဲ့ ဒေသတွေထဲက တချို့နေရာတွေမှာ လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်ခဲ့ပါတယ်။ အခုတော့ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နဲ့ မကွေးတိုင်းဒေသကြီးတွေမှာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိတော့ပါဘူး။ စစ်ကိုင်းဒေသကြီးက တမူးကို သွားမယ်ဆိုရင် ကလေး-ဂန့်ဂေါလမ်းက အသုံးပြုသွားလာလို့မရပေမယ့် မုံရွာ-ရေဦးဘက်က သွားလို့ရပါပြီ။ ချင်းပြည်နယ် မြောက်ပိုင်းမှာဆိုရင်လည်း ကလေး-ဖလမ်း-ဟားခါးဘက်က တစ်ဆင့် သွားလို့ရပါတယ်။ ချင်းပြည်နယ် တောင်ပိုင်းကတော့ မင်းတပ်-မတူပီဘက်ကတော့ လမ်းပန်းဆက်သွယ်ရေး အခုချိန်မှာ အခက်အခဲရှိပေမယ့် လကုန်ရက်မှာ သွားလာနိုင်အောင် ဆောင်ရွက်နေပါတယ်" ဟု လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးစောဝင်းနိုင်က ပြောကြားခဲ့သည်။

တံတားပျက်စီးမှုများအား ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပြီး ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် တံတားများသည် ပေ ၃၀၊ ပေ ၄၀ ရှိသည့် တံတားငယ်များဖြစ်ကြောင်း၊ ပြင်ဆင်ဆောင်ရွက်မှုအပိုင်းကို ယခုလ လကုန်ရက်ပိုင်းတွင် အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

"အခု ပျက်စီးခဲ့တဲ့ တံတား ၉၈ စင်း ပျက်စီးခဲ့တာမှာ ၅၆ စင်းက ပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ ၄၂ စင်းက ပြင်ဆင် ဆောင်ရွက်ဆဲဖြစ်ပြီးတော့ ဒီလိုပြင်ဆင်ဆောင်ရွက်တာကို အခုလ ၃၁ ရက်နောက်ဆုံးထားပြီး ပြင်ဆင်သွားပါ့မယ်။ တချို့တံတားတွေက ၃၁ ရက်မတိုင်ခင် ပြင်ဆင်ပြီးစီးမှာဖြစ်ပါတယ်။ အခု ပျက်စီးခဲ့တဲ့ တံတားတွေဟာ ပေ ၃၀၊ ပေ ၄၀ စတဲ့ တံတားငယ်လေးတွေပါ။ ဒီတံတားတွေဟာလည်း ရေများတဲ့အခါ ရေလမ်းကြောင်းပိတ်ပြီး အောက်ခြေလှိုက်စားပြီး ချဉ်းကပ်တံတားတွေ ကမ်းကပ်ခုံတွေ ပျက်စီးမှုဖြစ်ပေါ်တာ တွေ့ရပါတယ်။

တံတားပျက်စီးမှုတန်ဖိုးအားဖြင့် ၂ ဒသမ ၉ ဘီလီယံ နီးပါးရှိပါတယ်။ ဒီတံတားတွေ ယာယီပြင်ဆင်မှုတန်ဖိုးကတော့ ၂ ဒသမ ၅ ဘီလီယံဖြစ်ပြီး အမြဲတမ်းတည်ဆောက်မှုအတွက် ၇ ဒသမ ၂ ဘီလီယံ ဖြစ်ပါတယ်" ဟု တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ပြောကြားခဲ့သည်။



## ရထားသံလမ်း တောင်ပြိုမြေပုံးလွှမ်းမှုများ ဆက်လက်ပြုပြင်

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာ့မီးရထား၊ တိုင်းအမှတ်(၄) ရွှေညောင်-တောင်ကြီးလမ်းပိုင်း၊ ရွှေညောင်နှင့် ထီသိမ်ကြား၊ မိုင် (၄၁၇/၃-၄)တွင် အလျား ပေ ၈၀၊ အနံ ၁၅ပေ၊ အမြင့် လေးပေရှိ တောင်ပြိုမြေများ သံလမ်းပေါ်သို့ ဖုံးလွှမ်းနေခြင်းကြောင့် အဆိုပါ ရထားလမ်းပိုင်းကို ဩဂုတ် ၇ ရက် ရက် ည ၉နာရီတွင် ပိတ်ထားခဲ့ရသည်။

ဖြစ်ပွားရာသို့ အင်ဂျင်နီယာ (သံလမ်း/ရွှေညောင်)အဖွဲ့မှ ဖယ်ရှားရှင်းလင်း ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထို့နည်းတူစွာ မြန်မာ့မီးရထား၊ တိုင်းအမှတ် (၆) လက်ပန်တန်း - သာရဝေါ လမ်းပိုင်း၊ ညောင်ဝိုင်း - ခမုံဆိပ်ကြား၊ မိုင် (၈၅/၈-၉) ရှိ ဂါဒါ ပေ (၄၀) (၃)ခုဆက် တံတားအမှတ် (A) ၏ ခမုံဆိပ်ဘက်၊ ချဉ်းကပ်လမ်းကို ရေတိုက်စားပြီး (၄၅'×၃၇'×၉') ခန့် ပွဲ့ပါသွားသဖြင့် ရထားလမ်းမှာ ပတ္တလားပုံ ဖြစ်နေခြင်းကြောင့် အဆိုပါလမ်းပိုင်းကို ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ပိတ်ထားခဲ့ရပြီး ၎င်းနေရာသို့ တိုင်းအမှတ်(၆) တာဝန်ခံနှင့် အင်ဂျင်နီယာမှူး (မြို့ပြ) ဦးစီးအပါအဝင် အင်ဂျင်နီယာလေးဦး၊ လုပ်သား ၁၅ ဦး၊ ခမုံဆိပ်ရွာမှ ဝိုင်းဝန်းကူညီသူ လုပ်အားပေး လုပ်သား ၇၀ တို့ဖြင့် သဲအိတ်ဖို့ခြင်း၊ ကျောက်ကြီးချခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့မီးရထား တိုင်းအမှတ် (၂)၊ ဘုတလင်-အလုံ လမ်းပိုင်း မိုင် (၄၆၄/၁၇ မှ ၄၆၅/၂၃) အထိ သံလမ်းတွင် ရေပြန်ကျသွားသဖြင့် အင်ဂျင်နီယာ (သံလမ်း/မုံရွာ)နှင့် အဖွဲ့မှ လိုအပ်သည့် ပြုပြင်မှုများ ဆောင်ရွက်ပြီး အဆိုပါလမ်းပိုင်းကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် ပြန်လည်ဖွင့်လှစ်ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝေနံတာတမံကာကွယ်ရေးဆောင်ရွက် ရေဘေးကယ်ဆယ်ရေးစခန်း ရှစ်ခုဖွင့်

**ရေကြည် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ဝေနံမြစ်ရေ အခြေအနေမှာ ဩဂုတ် ၇ ရက် ည ၈နာရီတိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေအမှတ် ၃၀ ဒသမ ၉၅ သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပေးနှိုးဆော်မှုကြောင့် ရေဘေးအန္တရာယ်ကြုံတွေ့လာနိုင်သော မြစ်ကမ်းနှင့်နီးသောဒေသများမှ ပြည်သူ ၁၉၇၈ ဦးတို့ကို ရေဘေးကယ်ဆယ်ရေးစခန်း ရှစ်ခုတွင် နေထိုင်နိုင်ရေး စီစဉ်ထားရှိသည်။

ယင်းရေဘေး ကယ်ဆယ်ရေးစခန်းရှစ်ခုမှာ ငါးသိုင်းချောင်းမြို့ဝေနံရပ်ကွက်အတွင်းရှိ ရှမ်းတန်းဓမ္မာရုံ၊ ကျွန်းဦးဘုန်းကြီးကျောင်း၊ ဇောတိကကျောင်းနှင့် ရွှေဆောင်ရပ်ကွက်ရှိ ကျွန်းဦးဇရပ်၊ ဇီးကုန်းနှင့် ရေကြည်မြို့၌ အမကရုံးကွက်သစ်ကျောင်း၊ ကွင်း သုံးဆင့်သစ်ငုတ္တထောင်တို့တွင် ရေဘေးကယ်ဆယ်ရေး စခန်းများ ထားရှိပြီး ရေဘေးသင့်ပြည်သူများ ရေဘေးရှောင်လျက်ရှိပြီး နောက်ရက်အတွင်း ရေနစ်မြုပ်လာပါက ရေဘေးကာကွယ်ရေးစခန်းသို့ ရောက်ရှိနေထိုင်ရန် လူဦးရေ ၂၀၂၂ ဦးရှိကြောင်း သိရသည်။

ရေဘေးကာကွယ်ရေး စခန်းတွင် စားသောက်ရေးကို ပြည်သူလူထုနှင့် ဘုန်းတော်ကြီးကျောင်းများက ကျွေးမွေးစောင့်ရှောက်လျက်ရှိသည်။ ဝေနံတာတမံအခြေအနေကတော့ ဝေနံတာယိုစိမ့်မှုပေါင်း ၆၀ ခန့်ရှိပြီး ယင်းယိုစိမ့်မှုများကို ဆည်မြောင်းဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူငယ်များ၊ ပြည်သူများက စုပေါင်း၍ ကာကွယ်လုပ်ဆောင်မှုကြောင့် တာယိုစိမ့်မှုများကို အချိန်မီ ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ပြီး ရေကြည်မြို့နယ်တွင် ဝေနံတာမိုင် (၂၂) မိုင်၊ ရေကင်း(၂၆) ကင်း၊ ပန်းတာ(၁၁)ခုရှိပြီး တာတမံကြံ့ခိုင်ရေးနှင့် ကာကွယ်ရေးအတွက် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အုပ်ချုပ်ရေးမှူးများက နေ့ညမပြတ် လှည့်ကင်းများဖြင့် ဝေနံရေတာတမံကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **မင်းဇော်ဦး(ရေကြည်)**

## ဂန့်ဂေါ-ကလေးမီးရထားလမ်းပိုင်း ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဂန့်ဂေါ ဩဂုတ် ၁၀**

ဂန့်ဂေါ-ကလေးမီးရထားလမ်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်၊ ချောင်းများ ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ လမ်း၊ တံတားများရေတိုက်စား၍ ပျက်စီးခဲ့သောကြောင့် ဂန့်ဂေါ-ကလေးမီးရထား အစုန်၊ အဆန် ခရီးစဉ်များကို ဇူလိုင် ၂၉ ရက်မှ စတင်လျက် ယာယီရပ်ဆိုင်းထားခဲ့ရာမှ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရန် လမ်း၊ တံတားပြန်လည်ပြုပြင်တည်ဆောက်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ဂန့်ဂေါ- ကလေးမီးရထားလမ်းပိုင်းရဲ့ ကလေးမြို့နယ်ဘက်အပိုင်းမှာ အပျက်အစီးပိုများခဲ့ပါတယ်။ ကမ်းပါးနီနဲ့ မြောင်းချောင်းတံတားတွေအပါအဝင် ထင်ရှားတဲ့တံတား ၁၀ စင်းလောက် ပျက်စီးခဲ့တာပါ။ လမ်းတာပေါင်တွေ ရေတိုက်စားလို့ ပျက်စီးခဲ့တဲ့နေရာတွေလည်း ရှိပါတယ်။ ယခုရထားခရီးစဉ်တွေ အမြန်ဆုံး ပြန်လည်ပြေးဆွဲနိုင်ဖို့ လမ်း၊ တံတားပြန်လည်ပြုပြင်တည်ဆောက်မှုတွေ စတင်နေပြီဖြစ်ပါတယ်" ဟု ဂန့်ဂေါဘူတာရုံပိုင်ကြီး ဦးကျော်မြင့်ထွန်းက ပြောသည်။

ယခု ဂန့်ဂေါ-ကလေးမီးရထားလမ်းပိုင်း ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းကို ဒုတိယအထွေထွေ မန်နေဂျာ (မြို့ပြ/လုပ်ငန်း) နေပြည်တော် ဦးတင်ဝင်းက ကြီးကြပ်လျက် လမ်းနှင့်တံတားလုပ်သား ၆၀ ကျော်ဖြင့် ဩဂုတ် ၃ ရက်က စတင်ကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

**အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**



# မုန်းချောင်းတစ်လျှောက်ကျေးရွာများသို့ အလှူရှင်များဆက်လက်ရောက်ရှိ

**ပွင့်ဖြူ ဩဂုတ် ၁၀**

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးထောက်ပံ့မှုများ မရောက်ရှိသေးသည့် မုန်းချောင်းတစ်လျှောက်ရှိ ရွှေလှေအုပ်စု၊ မင်းမြေအုပ်စု၊ ဆည်မုန်း အုပ်စုများမှ ကျေးရွာ ၁၇ ရွာတို့ကို အလှူရှင်များ ဆက်လက်ရောက်ရှိလျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာများသို့ ကူညီထောက်ပံ့ရန် သီတဂူဆရာတော်ကြီးကလည်း ငွေကျပ်သိန်းတစ်ရာနှင့် ဆန်အိတ် ၁၀၀ တို့ကို လှူဒါန်းကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မဟာဝိသုတရာမကျောင်းတိုက် ဆရာတော်ဦးသာသန ဦးဆောင်မှုဖြင့် မကွေးမြို့ ကရုဏာရှင် နာရေးကူညီမှုအသင်းတို့ကလည်း မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများကို ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ စားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်းများကို ဩဂုတ် ၃ ရက်က ရေလမ်းခရီးမှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဩဂုတ် ၄ ရက်တွင်လည်း ဆရာတော်ဦးသာသနက ကမ္မကထ ပြုလုပ်ပြီး မန္တလေးကိုရှမ်းလေးအဖွဲ့က ဆန်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ မုန့်မျိုးစုံ၊ ဓာတ်ဆား၊ ရေသန့်၊ ဆေး၊ မိုးကာ၊ အဝတ်အထည်နှင့် အခြားပစ္စည်းများကို လာရောက်လှူဒါန်းသွားခဲ့သည်။

ထို့အပြင် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် အဆိုပါနေရာများမှာ အခက်အခဲဖြစ်နေသည်ဟုသိရ၍ မြစ်ငယ်အဖွဲ့မှ အလှူရှင်များက ငွေကျပ်သိန်း ၂၀ ခန့်တန်ဖိုးရှိ ဆန်နှင့် အခြားပစ္စည်းများ၊ ပျဉ်းမနားရေဘေးကူညီမှုအဖွဲ့ အလှူရှင်များက ငွေကျပ်သိန်း ၇၀ ကျော်၊ တောင်တွင်းရေဘေးကူညီမှုအဖွဲ့မှ အလှူရှင်များက ဆန်၊ အဝတ်အထည်၊ ရေသန့်ဘူးနှင့် အခြားပစ္စည်းများ၊ OKI Co.Ltd. (ရန်ကုန်-မကွေး) မိသားစုမှ အလှူရှင်များက ငွေကျပ် သိန်း ၁၀၀ ခန့် စသည်ဖြင့် လာရောက်လှူဒါန်းသွားကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ့မော်တော်ယာဉ် ပရဟိတဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၄၅၀ ကျော်ခန့် ဆန်၊ ဆီ၊ အဝတ်အထည် အပါအဝင် အခြားပစ္စည်းမျိုးစုံတို့ကို လာရောက်လှူဒါန်းခဲ့သည်။ ဩဂုတ် ၇ ရက်တွင် မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်းတို့မှ ကုမ္ပဏီအသင်းအဖွဲ့များကလည်း ငွေကျပ်သိန်း ၄၀၀ကျော်ဖိုးခန့်ကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"မြင်တွေ့နေရတာတွေက တော်တော်စိတ်မကောင်းစရာပါ။ လူမှုကွန်ရက်ကနေပြီး ဒီဘက်နယ်တွေမှာ တော်တော်ဒုက္ခခံနေရတယ်လို့သိရတဲ့အတွက် ဆက်သွယ်မေးမြန်းပြီး ရောက်လာရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ပျဉ်းမနားမင်္ဂလာရပ်ကွက်က လာရောက်လှူဒါန်းတာပါ။ နောက်တစ်ခေါက်ကို စေတုတ္တရာနယ်ဘက် ဆက်သွားမယ်။ ဒီကပြီးရင် ရခိုင်ဘက်ကို ဆက်လက်လှူဒါန်းသွားဖို့ရှိပါတယ်" ဟု အလှူရှင်အဖွဲ့မှ ဦးသန့်ဇင်က ပြောသည်။

ပွင့်ဖြူမြို့နယ် အောက်ပိုင်းရှိ မင်းမြေအုပ်စု၊ ရွှေလှေအုပ်စု၊ ထနှောင်းကုန်းအုပ်စု အတွင်းရှိ ကျေးရွာ ၅၀ ကျော်သည် ဩဂုတ် ၆ ရက်အထိ ရေများပြန်လည်ကျဆင်းလာပြီဖြစ်၍ ဒေသခံများနှင့် သက်ဆိုင်ရာအဖွဲ့များက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိရာ အလှူရှင်များကလည်း ဆက်လက်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်း - ငွေလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မိုးဒေဝါ**

# လယ်ယာသုံး စက်ကိရိယာများ အခမဲ့ပြင်ဆင်ပေး

**ရန်ကုန် ဩဂုတ် ၁၀**

ဇူလိုင်လအတွင်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့်အတွက် သီးနှံစိုက်ခင်းများနှင့် နေအိမ်များနစ်မြုပ်မှုဖြစ်ပွားသည့်အတွက် တောင်သူဦးကြီးတို့၏ လယ်ယာသုံးစက်ကိရိယာများပါ ပျက်စီးယိုယွင်းခဲ့သည်။

ထိုပျက်စီးယိုယွင်းသည့်အတွက် လယ်ယာသုံးစက်ပစ္စည်းမျိုးစုံတို့ကို ပြန်လည်ပြုပြင်ပေးရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာ ဦးစီးဌာနအမှတ်(၁) လယ်ယာသုံးစက်ကိရိယာ သုတေသနအလုပ်ရုံ ကျိုက္ကလို့မှ ဝန်ထမ်း ၁၀ ဦးနှင့် အမှတ်(၁) ပင်မစက်ပြင်အလုပ်ရုံ ကျိုက္ကလို့မှ ဝန်ထမ်းငါးဦး စုစုပေါင်းဝန်ထမ်း ၁၅ဦးတို့သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ တောင်သူဦးကြီးတို့၏ လယ်ယာသုံး စက်ကိရိယာများကို အခမဲ့ပြုပြင်ပေးရန်အတွက် အပိုပစ္စည်းများနှင့် ပြင်ဆင်ရန် စက်ကိရိယာတို့ကို တင်ဆောင်၍ ဩဂုတ် ၅ ရက်တွင် ရန်ကုန်မှ ပွင့်ဖြူမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**မျိုးသန့်(အင်းစိန်)**

# ညောင်ဦးရှိ ရေဘေးသင့်ပြည်သူများအား လာရောက်လှူဒါန်းမှုများပြား

**ညောင်ဦး ဩဂုတ် ၁၀**

ညောင်ဦး၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်သည့် မြစ်လယ်ကျွန်းကျေးရွာများနှင့် မြစ်ကမ်းနံဘေးရှိ ရပ်ကွက်/ကျေးရွာများမှ ရေဘေးရှောင်ပြည်သူများအား ရေဝင်ရွှေ့ပြောင်း ယာယီနားခိုစခန်းများ ဖွင့်လှစ်၍ ရွှေ့ပြောင်းနေရာချထားပြီးဖြစ်သည်။

အဆိုပါ ရေဝင်ရွှေ့ပြောင်းယာယီနားခိုစခန်းများသို့ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဒေသတွင်းနှင့် အနယ်နယ်အရပ်ရပ်မှ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက ကယ်ဆယ်ရေးပစ္စည်းမျိုးစုံနှင့် ဆေးဝါးများ၊ အဝတ်အထည်များကို လာရောက်လှူဒါန်းလျက်ရှိသည်ကို ကြည်နူးဖွယ်နေ့စဉ်မြင်တွေ့နေရသည်။ ညောင်ဦးမြို့နယ်အတွင်းရှိ ရေဝင်ရွှေ့ပြောင်းယာယီနားခိုစခန်းများ ရေဘေးရှောင်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းမျိုးစုံ၊ ဆေးဝါး၊ အဝတ်အထည်များ လှူဒါန်းမှုတန်ဖိုးမှာ ဇူလိုင်လ ၃၁ ရက်မှ ဩဂုတ် ၃ရက်အထိ ငွေကျပ် ၁၃၄၇၀၃၀၂၊ ဩဂုတ် ၄ ရက်က ငွေကျပ် ၃၅၁၇၀၀၀၊ ဩဂုတ် ၅ ရက်က ငွေကျပ် ၁၄၇၉၅၀၀၊ ဩဂုတ် ၆ ရက်က ငွေကျပ် ၂၆၀၃၆၅၀၊ ဩဂုတ် ၇ ရက်က ငွေကျပ် ၇၃၅၆၁၆၀၊ ဩဂုတ် ၈ ရက်က ငွေကျပ် ၆၇၃၀၀၈၀၀ ဖြစ်ပြီး စုစုပေါင်းပစ္စည်းမျိုးစုံ၏ တန်ဖိုးငွေကျပ် ၉၅၇၂၇၄၃၀ ခန့် အလှူခံရရှိခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ပွင့်ဖြူမြို့ရှိ ရေဘေးသင့် ဌာနဆိုင်ရာများနှင့် ပရဟိတကျောင်းအား အဝတ်အထည်နှင့် ကျောင်းသုံးပစ္စည်းများထောက်ပံ့

**ပွင့်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဝတ်အထည်နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ဩဂုတ် ၈ ရက်နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက စိုက်သိပ္ပံကျောင်းအတွက် အမျိုးသား၊ အမျိုးသမီး အဝတ်အထည် ၅၉၅ ထည်၊ မြို့ပေါ်ဝန်ထမ်းအားလုံးအတွက် အမျိုးသား အမျိုးသမီး အဝတ်အထည် ၅၀၄ ထည်နှင့် ပရဟိတကျောင်းမှ အမျိုးသား၊ အမျိုးသမီးအဝတ်အထည်၊ စောင်၊ ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းလွယ်အိတ်နှင့် ကျောင်းဝတ်စုံ ၄၆၅ ထည်တို့ကို သက်ဆိုင်ရာများထံသို့ ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှဝင်း(ပြန်/ဆက်)**

**ပတ်ဝန်းကျင် ထိန်းသိမ်းဖို့ သစ်တောသစ်ပင်စိုက်ပျိုးစို့**

# ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး နယ်လှည့်သစ္စာဓိဋ္ဌာန်စတုဒီသာ နတ်စင်တစ်ရာကျောင်း အထူးသာသနာပြုဆရာတော် ဘဒ္ဒန္တပညာတေဇနှင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးခင်မောင်မြင့်တို့၏ ဦးဆောင်မတည်လှူဒါန်းမှုဖြင့် စတုဒိသာနှစ်တစ်ရာပြည့်အကြိုအထိမ်းအမှတ် စစ်ကိုင်းမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၈ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနား၌ မြို့နယ်အတွင်း ရေဘေးသင့်အိမ်ထောင်စု ၄၀၀၀ ကျော်အတွက် တစ်အိမ်ထောင်လျှင် ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ ပိုက်ဖျာ၊ တမူးစောင်၊ စတီးလ်ချိုင့်၊ ခေါင်းအုံး၊ စတီးလ်ဇလုံ၊ ရေသန့်များ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၅၈၀ ခန့်ကို နယ်မြေတာဝန်ခံများက ရေဝင်ကျေးရွာများသို့ အရောက် ကားများနှင့် သွားရောက်ထောက်ပံ့လှူဒါန်းနေကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**



# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**ရွှေကျင် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်မာလာသန်း ဦးဆောင်သောအဖွဲ့သည် ဩဂုတ်ပထမပတ်က ဂန့်ဂေါ်ဝိုင်းရပ်ကွက် ရေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများကို အမျိုးသား၊ အမျိုးသမီးလုံချည်၊ မျက်နှာသုတ်ပဝါ၊ ခေါက်ဆွဲခြောက်၊ ဆီ၊ ဆန်များကို ဝေငှခဲ့သည်။ အဆိုပါစခန်း၌ ရေဘေးသင့် လူဦးရေ ၂၂၃ ဦးရှိကြောင်း သိရသည်။

**သိန်းညွှန့်(ပိန်းဇလုပ်)**

# ရေဘေးသင့်ပြည်သူများအတွက် ဖျာပုံခရိုင်အတွင်းရှိ ဆန်စက်ပိုင်ရှင်များက ဆန်များ စုပေါင်းလှူဒါန်းမည်

**ဖျာပုံ ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များမှ ဆန်စက်ပိုင်ရှင်များက ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် မိမိတို့ဆန်စက်များမှ ဆန်စက်တစ်စက်လျှင် ဆန် ၁၀ အိတ်နှုန်းဖြင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့နယ်အပါအဝင် ခရိုင်အတွင်းရှိ မြို့နယ်တွေမှာ ဆန်စက်ပေါင်း ၁၀၀ ကျော်ရှိပါတယ်။ ဆန်စက်ပိုင်ရှင်တွေက ဆန် ၁၀ အိတ်နှုန်းနဲ့ စုပေါင်းလှူဒါန်းဖို့ လုပ်နေတာပါ။ အမှန်တကယ် လိုအပ်နေတဲ့ ရေဘေးသင့်မြို့နယ်အတွင်းရှိ ကျေးရွာတွေအရောက် လှူဒါန်းသွားပါ့မယ်။ ဒါ့အပြင် ဆန်တစ်ခုတည်းမဟုတ်ဘဲ အခြားလိုအပ်နေတဲ့ စားသောက်ဖွယ်ရာတွေကိုလည်း လှူဒါန်းဖို့ ရည်ရွယ်ထားပါတယ်။ သက်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းတွေနဲ့ချိတ်ဆက်ပြီး ရေနစ်မြုပ်နေတဲ့ ကျေးရွာတွေက ပြည်သူတွေလက်ထဲကို ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းမှာပါ" ဟု မြို့မိမြို့ဖ ဆန်စက်ပိုင်ရှင် ဦးအုန်းဟန်က ပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ လက်ရှိဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်ခံစားနေရသည့် မြို့နယ်များအတွင်းရှိ ပြည်သူများအတွက် ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များက ဆန်အပြင်အခြားလိုအပ်နေသော အသုံးအဆောင်ပစ္စည်းများကို ထပ်မံစုဆောင်း၍ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ပြီး ယခုသွားရောက်လှူဒါန်းသည့် ဆန်နှင့်စားသောက်ဖွယ်ရာများကို ဩဂုတ် ၁၅ ရက်အတွင်း သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဒေးဒရဲမြို့နယ်ဆန်စက်ပိုင်ရှင် ဦးရဲအောင်ထံမှ သိရသည်။

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များသည် နာဂစ်သဘာဝဘေးဒဏ်ခံစားခဲ့ရစဉ်က မြန်မာနိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းခဲ့သည့် စားနပ်ရိက္ခာများ လူ့အသုံးအဆောင်ပစ္စည်းများအတွက် ဝမ်းမြောက်ဝမ်းသာ ခံစားခဲ့ရသည်ကို သတိရစွာဖြင့် ယခုလို ရေဘေးသင့်ပြည်သူများကို သွားရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။

**(ဝ၇၁)**

# စာနာထောက်ထားအနုပညာရှင်များအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

**ဟားခါး ဩဂုတ် ၁၀**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းနှင့် ဒါရိုက်တာဦးဇင်ဝိုင်းဦးဆောင်၍ အဖွဲ့ဝင် ၂၅ ဦးပါဝင်သော စာနာထောက်ထား အနုပညာရှင်များအဖွဲ့နှင့် ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း)တို့ပူးပေါင်း၍ ဟားခါးမြို့ရှိ သဘာဝဘေးဒဏ်သင့်ဒေသများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ဩဂုတ် ၆ ရက်က သွားရောက်၍ ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

အနုပညာရှင်များအဖွဲ့နှင့် ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းတို့ကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ပြည်နယ်၌ မိုးများအဆက်မပြတ်သည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် အခြေအနေ၊ လမ်း၊ တံတားများနှင့် လူနေအိမ်များ ပြိုကျပျက်စီးမှုအခြေအနေ၊ ကယ်ဆယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး စာနာထောက်ထားအနုပညာရှင်များအဖွဲ့က အဖွဲ့အနေဖြင့် ကူညီထောက်ပံ့ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အနုပညာရှင်များအဖွဲ့သည် ဟားခါးမြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကြပြီး နှစ်သိမ့်အားပေးစကားများ ပြောကြားကြကာ ဟားခါးမြို့ရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)မှ ဦးအောင်ကိုဝင်းကလည်း ပြည်နယ်ရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် အခြားထောက်ပံ့ပစ္စည်းများကို သယ်ယူပို့ဆောင်ရေးအတွက် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် တာဝန်ယူကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်မှ သဘာဝဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးပို့လှူဒါန်းလိုပါက ပြည်နယ် သဘာဝဘေးကူညီထောက်ပံ့နိုင်ရေး ရန်ပုံငွေရှာဖွေရေးအဖွဲ့ အတွင်းရေးမှူးဦးစိုးညွန့်၊ ဖုန်း-၀၇၀-၂၁၀၆၁၊ ၀၉-၅၀၆၁၆၁၀ သို့လည်းကောင်း၊ ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ်အကောင့်နံပါတ် CF-000942 သို့လည်းကောင်း၊ ဟားခါးမြို့ CB ဘဏ် အကောင့်နံပါတ် ၀၀၅၄၆၀၀၁၀၀၀၂၂၂၁၇ သို့လည်းကောင်း၊ ချင်းပြည်နယ် သဘာဝဘေးကူညီထောက်ပံ့နိုင်ရေး ရန်ပုံငွေနှင့် ပစ္စည်းများလက်ခံရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်ဇမုန်၊ ဖုန်း-၀၇၃-၂၁၀၄၃ သို့လည်းကောင်း၊ အတွင်းရေးမှူး ဦးတမ်အောင်၊ ဖုန်း-၀၉-၂၄၅၀၁၇၇ သို့လည်းကောင်း၊ ဦးကျော်ထိန်(အဖွဲ့ဝင်) ဖုန်း-၀၉-၄၇၁၇၂၁၅၇ သို့လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်များအတွင်းက ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ချင်းပြည်နယ်အတွင်း အိမ်ထောင် ၁၄၆၆ စုမှ လူဦးရေ ၇၂၀၀ ကျော် ရေဘေးကြုံတွေ့ခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပြင်ဦးလွင် ဩဂုတ် ၁၀**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၌ ဩဂုတ် ၇ ရက်က ကျင်းပခဲ့သည်။



ဆွေးနွေးပွဲသို့ ပြင်ဦးလွင်မြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းပပထွန်းနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မြတ်ငွေက ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးအချက်အလက်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကျောင်းသန့်ရှင်းရေးအတွက် အသုံးပြုရန် လိုအပ်သောပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမိုးထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီးမှ ဒေါက်တာဇော်ဝင်းထွန်းက ကျန်းမာရေးဆိုင်ရာသိကောင်းစရာအကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ပြီး ပျိုရွယ်သူ ကျန်းမာရေးဆိုင်ရာ ခေါင်းစဉ်များဖြင့် ဆွေးနွေးပွဲ တက်ရောက်လာသူများက အုပ်စုအလိုက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(၄၃၂)**

# အာဆီယံ နှစ်ပတ်လည်နေ့အထိမ်းအမှတ် တံဆိပ်ခေါင်းသစ်ထုတ်ဝေ ခေတ်အဆက်ဆက်တံဆိပ်ခေါင်းများ ခင်းကျင်းပြသ

**ရန်ကုန် ဩဂုတ် ၁၀**

ဩဂုတ် ၈ ရက်တွင်ကျရောက်သော (၄၈)ကြိမ်မြောက် အာဆီယံ နှစ်ပတ်လည်နေ့ Joint Stamp Issue of ASEAN Community အထိမ်းအမှတ်အဖြစ် စာပို့တံဆိပ်ခေါင်းသစ်ကို ဩဂုတ် ၈ ရက်တွင် စတင်ထုတ်ဝေရောင်းချပြီး တံဆိပ်ခေါင်းသစ်ထုတ်ဝေရောင်းချခြင်းနှင့်အတူ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တံဆိပ်ခေါင်းများပြပွဲကိုလည်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းဝါသနာရှင်များအသင်းတို့ ပူးပေါင်း၍ ရန်ကုန်မြို့ ရန်ကုန်စာတိုက်ကြီး၌ ဩဂုတ် ၈ ရက်က ခင်းကျင်းပြသခဲ့သည်။

ပြပွဲသို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက တံဆိပ်ခေါင်းများရောင်းချနေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကာ မြန်မာ့စာတိုက်လုပ်ငန်းတိုးတက်အောင်မြင်စေရေးနှင့် ပြည်သူများအား ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လုပ်ကိုင်ရေးအတွက် မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ တံဆိပ်ခေါင်းဝါသနာရှင်အသင်း အမှုဆောင်အဖွဲ့ဝင်များနှင့် မြန်မာ့စာတိုက်လုပ်ငန်းမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ မြန်မာ့စာတိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တံဆိပ်ခေါင်း စုဆောင်းသည့် အလေ့အထ တိုးတက်လာစေရေးအတွက် မှာကြားခဲ့သည်။

ထုတ်ဝေသည့်တံဆိပ်ခေါင်းသစ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စာတိုက်လုပ်ငန်းများနှင့် အာဆီယံစီးပွားရေးပူးပေါင်းမှုအဖွဲ့ (AEC- ASEAN Economic Community)တို့ပူးပေါင်း၍ Joint Stamp Issue of ASEAN Community စာပို့တံဆိပ်ခေါင်းသစ်ကို အာဆီယံနိုင်ငံများအားလုံးတွင် ယခုတံဆိပ်ခေါင်းပါဒီဇိုင်းဖြင့် တစ်ပြိုင်တည်း ထုတ်ဝေရောင်းချခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကျပ် ၁၀၀တန်နှင့် ကျပ် ၅၀၀တန်စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုးကိုသာ ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စာတိုက်များတွင် တစ်ပြိုင်တည်း ရောင်းချထားကြောင်း သိရသည်။

အထူးအစီအစဉ်တစ်ရပ်နေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင်ဝယ်ယူသော အထိမ်းအမှတ်စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးကြောင်း သိရသည်။ ပြပွဲကို တံဆိပ်ခေါင်းစုဆောင်းသူဝါသနာရှင်များ၏ တောင်းဆိုချက်အရ ဩဂုတ် ၉ ရက်အထိ ဆက်လက်ပြသခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ပြီးသဖြင့် မိုးစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလာ

၂၀၀၆ ခုနှစ်ခန့်က စတင်တိမ်ကောလာခဲ့သော ပန်းလှိုင်မြစ်ကြောင်းသည် ၂၀၁၄ ခုနှစ်အထိ တိမ်ကောနေခဲ့ခြင်းကြောင့် မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ဒေသခံတောင်သူများ၏ စပါးစိုက်ပျိုးရေးအတွက် အခက်အခဲကြုံတွေ့ခဲ့ရသည်။ ယခုအခါ ပြီးခဲ့သည့် ဖွန်လ တတိယပတ်အတွင်း စတင်ဆောင်ရွက်ခဲ့သော ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးစီမံကိန်း ပြီးစီးသွားပြီဖြစ်သဖြင့် ဒေသခံတောင်သူများအနေဖြင့် မိုးစပါးများကို အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာမှ စိုက်ပျိုးမြေ ဧကအများဆုံးပိုင်ဆိုင်သော ဦးသိန်းတင်က "ကျွန်တော့်မှာ မြေဧက ၅၀ ရှိပါတယ်။ ဘိုးစဉ်ဘောင်ဆက် စပါးစိုက်ပျိုးခဲ့တာပါ၊ ဒီပန်းလှိုင်မြစ်ကြီး ပြန်မတူးဖော်ခင်ကဆို တွံတေးနဲ့ ထန်းတပင်ကတောင်သူတွေအားလုံးရဲ့ စိုက်ပျိုးမြေနေရာတွေမှာ ဒီအချိန်ဆို ရေတွေက သုံးပေလောက် မြင့်တက်နေတယ်။ စပါးတွေ အကုန်ပျက်စီးခဲ့ရတယ်။ ကျွန်တော်ဆို စပါးစိုက်ခင်းတွေ လုံးလုံးလျားလျားပျက်စီးမှုဒဏ်ကို ခုနစ်နှစ်လောက် ခံစားခဲ့ရပြီး နွေစပါးနဲ့တင် ရပ်တည်ခဲ့ရတာပါ" ဟု မြစ်ကြောင်းတိမ်ကောနေစဉ်က အခက်အခဲ ကြုံတွေ့ခဲ့ရပုံကို ပြောပြသည်။

ပန်းလှိုင်မြစ်ကြီး တိမ်ကောခဲ့ရခြင်းမှာ ပင်လယ်မှတက်သည့် နုန်းရေများ လွန်စွာထိုးတက်ခြင်းနှင့် အထက်ပိုင်းရှိ ညောင်တုန်းမြစ်မှဝင်ရောက်သော အညာရေမှာလည်း စီးဆင်းမှုနည်းပါးခြင်းကြောင့် နုန်းမြေများ မြစ်အတွင်း အနည်ထိုင်ရခြင်းဖြစ်ကြောင်း၊ ပိုက်ချငါးဖမ်းခြင်းလုပ်ငန်းများကြောင့်လည်း မြစ်တိမ်ကောမှုများ ပို၍ဖြစ်ပေါ်လာရကြောင်း ဒေသခံအချို့ထံမှ သိရသည်။

တွံတေးမြို့နယ် ကသဘောင်းကျေးရွာမှ တောင်သူဦးဝင်းကြိုင်က "ကျွန်တော့်မှာ လယ်မြေ ခုနစ်ဧကရှိပါတယ်။ မြစ်ကြီးတူးဖော်ပြီး လောလောဆယ် ရေကြီးရေလျှံတာ မရှိတော့ပါဘူး။ အရင်တုန်းကဆို ကျွန်တော်တို့မှာ စပါးစိုက်ချိန်တန်လို့ မစိုက်ခဲ့ရတာတွေရှိခဲ့ပါတယ်။ ပန်းလှိုင်မြစ်ကြီးတူးဖော်ပြီး မိုးစပါးစိုက်ပျိုးထားတာ အခုဆို နှစ်လသားရှိနေပြီဆိုတော့ နတ်တော်လမှာ စပါးရိတ်သိမ်းမှာပါ။ အခုအတိုင်းဆို နွေစပါးလည်း ရနိုင်မယ်လို့ ထင်ပါတယ်။ အလှူအတန်းလည်း ပိုလုပ်လို့ ရတော့မှာပေါ့"ဟု မြစ်ကြောင်းပြန်လည်တူးဖော်ပြီးနောက် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေလာပုံကို ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံချွန်က "ဒေသခံများအတွက် ပန်းလှိုင်မြစ်ပေါ်မှာ ထန်းတပင်နဲ့ တွံတေးမြို့နယ်များကို ဆက်သွယ်ပေးတဲ့ ကျေးရွာချင်းဆက်တံတား ခုနစ်စင်းကို ထိုးပေးထားပါတယ်။ မဲဇလီဘက်မှာ ရေတံခါးအသစ်ထပ်ဆောက်ဖို့ စီစဉ်ထားပါသေးတယ်။ ရည်ရွယ်ချက်ကတော့ ကုက္ကိုဝမြစ်ဘက်ကလာတဲ့ မြစ်ရေကို ကာကွယ်ထားမယ်။ ပြီးရင် နွေရာသီမှာ ဒီထဲကို ရေချိုရအောင် ပြန်သွင်းချင်လို့ပါ။ အဓိကတော့ မြစ်မတိမ်ကောအောင်နဲ့ နုန်းမြေမဝင်ရောက်အောင် ပန်းလှိုင်မြစ်ပိတ်တမံဆိုပြီး ဂေါက်ကွင်းနားကို ဖြတ်ပိတ်ထားပါတယ်။ နွေရာသီကျရင်တော့ နည်းပညာတက္ကသိုလ်နောက်ကျောနားကို မြစ်ပိတ်တမံပိတ်မှာပါ၊ ပြီးတော့ ဒီမြစ်တူးဖော်ပြီးနောက်ပိုင်း ဒေသခံရွာသားများကလည်း ကျားပိုက်ထောင်တာကို သတိထားကြစေချင်ပါတယ်။ ဒီလိုကျားပိုက်ထောင်ပြီဆိုရင် ရေစီးကိုနှေးစေပြီး နုန်းမြေကျမှုများ ဖြစ်ပေါ်စေပါတယ်။ နုန်းမြေက ထွက်ရမယ့်နေရာကို မထွက်တော့ဘဲ အထက်မှာသွားအစ်နေတာပေါ့။ ပန်းလှိုင်မြစ်နဲ့ပတ်သက်ပြီး အကြောင်းကိစ္စတစ်ခုခု ပေါ်ပေါက်ခဲ့လို့ လိုအပ်ရင် ဒေသခံများကလည်း ကျွန်တော်တို့ဆီ ဆက်သွယ်ကြစေချင်ပါတယ်။ မြစ်အတွင်း ကျွန်တော်တို့ ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာ ဆောင်ရွက်ပေးသွားမှာပါ"ဟု ပြောကြားသည်။

ပန်းလှိုင်မြစ် မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ မိုးစပါးစိုက်လယ်မြေများသည် ပန်းလှိုင်မြစ်မတိမ်ကောမီက စပါးထွက်အားကောင်းမွန်ခဲ့ပြီး အနည်းဆုံး တစ်ဧက တင်း ၈၀ ခန့် ထွက်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ပန်းလှိုင်မြစ်ကြီး စတင်တိမ်ကောလာခဲ့ပြီးနောက် နှစ်စဉ်ရေကြီးရေလျှံခဲ့ခြင်းကြောင့် စပါးထွက်နှုန်းမှာ တစ်ဧက တင်း ၃၀ ခန့်သာ ရတော့သဖြင့် တောင်သူများ၏ စီးပွားရေးမှာလည်း နိမ့်ကျခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နေသော်လည်း မြစ်ကြီးကို ပြန်လည်တူးဖော်ထားသဖြင့် ရေကြီးရေလျှံမှုများမဖြစ်တော့ကြောင်း ထန်းတပင်မြို့နယ် ရေစိုကျေးရွာမှ ဒေသခံ ဦးသန်းအောင်က ပြောသည်။

မြစ်ကြောင်းပြန်လည် တူးဖော်ပြီးနောက် စိုက်ပျိုးမြေများလည်း ယခင်ထက် တန်ဖိုးတက်လာကြောင်း သိရသည်။ ထန်းတပင်မြို့နယ် မြခဲကျေးရွာအုပ်စု ခနောင်ပေါ်ကျေးရွာမှ ဦးပေါ်ထွန်းက "ဟိုတုန်းက ဈေးနှုန်းမရှိခဲ့တဲ့ ကျွန်တော်တို့ရွာက လယ်မြေတွေဟာ ပန်းလှိုင်မြစ်ကြီး ပြန်လည်တူးဖော်ပေးလိုက်တဲ့အတွက် ရွာကလယ်တွေက တစ်ဧကကို ကျပ် ၁၀ သိန်းကျော် ပေါက်နေပါပြီ" ဟု ပြောသည်။

ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက်တွင် ဆက်စပ်နေသောကျေးရွာများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးရွာအုပ်စု ၃၉ အုပ်စုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာအုပ်စု လေးအုပ်စုရှိသည်။ အဆိုပါကျေးရွာအုပ်စုများ၌ လူဦးရေ တစ်သိန်းတစ်သောင်းခန့် နေထိုင်လျက်ရှိကာ လယ်ဧက တစ်သိန်းကျော်ခန့် ရှိသည်။ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးစီမံကိန်းကြောင့် မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှာ နှစ်စဉ်ကြုံတွေ့နေရသော ရေကြီးရေလျှံမှုများကင်းဝေးကာ စိုက်ပျိုးရေးလုပ်ငန်းများလည်း အောင်မြင်လာတော့မည်ဖြစ်သည်။

**သတင်းဆောင်းပါး–စိုးဝင်း(SP)**
**ဓာတ်ပုံ–တင်လှမောင်**



ပြန်လည်တူးဖော်ပြီးသော ပန်းလှိုင်မြစ်။

# စပိန်စူပါကိုပါဖလား ဘာစီလိုနာတို့ ဆွတ်ခူးနိုင်ပါ့မလား

စပိန်စူပါကိုပါဖလား ပထမအကျော့ ပွဲစဉ်အဖြစ် ဘီလ်ဘာအိုနဲ့ ဘာစီလိုနာတို့ ဩဂုတ် ၁၅ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့ကစားရမယ့် ဒီပြိုင်ပွဲမှာတော့ ပွဲပန်းနေတဲ့ ဘာစီလိုနာတို့ အခြေအနေဟန်နိုင်ပါ့မလားဆိုတာ တွေးပူစရာဖြစ်သလို ၁၀ ရက်လောက် အနားရထားပြီး ကြံ့ခိုင်မှုပြည့်ဝနေတဲ့ ဘီလ်ဘာအိုတို့ပဲ မမျှော်လင့်တဲ့ရလဒ်ကို ပုံဖော်ထုဆစ်သွားမလားဆိုတာ အဖြေညှိစရာဖြစ်နေပါတယ်။

စပိန်စူပါဖလားသမိုင်းမှာ အောင်မြင်မှုမှတ်တမ်းကိုကြည့်ရင်တော့ ဘာစီလိုနာတို့က စုစုပေါင်းချန်ပီယံ ၁၁ ကြိမ်ဖြစ်ခဲ့ပြီး ဒုတိယနဲ့ကျေနပ်ခဲ့ရတာကတော့ ရှစ်ကြိမ်ရှိခဲ့ပါတယ်။ နောက်ဆုံးချန်ပီယံဖြစ်ခဲ့တဲ့နှစ်က ၂၀၁၂ ခုနှစ်ဖြစ်ပြီး အဲဒီနောက်မှာ အက်သလက်တီကိုအသင်းကို ရှုံးနိမ့်ခဲ့ကာ ဖလားလက်လွှတ်ခဲ့ရတာဖြစ်ပါတယ်။

ဘီလ်ဘာအိုတို့ကတော့ ၁၉၈၄ ခုနှစ်မှာ စပိန်စူပါဖလားကိုတစ်ကြိမ်ရရှိခဲ့ဖူးပြီး ဒုတိယနှစ်ကြိမ်ဖြစ်ခဲ့ဖူးပါတယ်။ စပိန်စူပါကိုပါဖလားသမိုင်းမှာ ဘာစီလိုနာတို့က စပိန်ကလပ်တွေမှာ အောင်မြင်မှုအရှိဆုံးအသင်း ဖြစ်ပါတယ်။ လက်ရှိစပိန်စူပါကိုပါဖလား ပိုင်ရှင်ကတော့ အက်သလက်တီကိုအသင်းဖြစ်ပြီး ဒီနှစ်မှာတော့ ဗိုလ်စွဲဖို့ ဘာစီလိုနာတို့ ရေပန်းစားနေတာ အမှန်ပါပဲ။

ဘာစီလိုနာအသင်းဟာ ဩဂုတ် ၁၂ ရက်မှာ ဥရောပစူပါဖလားကို ဆီဗီလာအသင်းနဲ့နွဲရတာမို့ ပွဲပန်းနေမှာ သေချာပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမူကတော့ ဒီနှစ်ဘောလုံးရာသီမှာ ဖလားခြောက်လုံးရယူဖို့ ထုတ်ဖော်ပြောကြားနေတာမို့ အခုပွဲမှာလည်း ဘာစီလိုနာတို့ အမာခံကစားသမားတွေ အစုံအလင်နဲ့ ပွဲထွက်လာပါလိမ့်မယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက ခြေစမ်းပွဲအဖြစ် ရိုးမားနဲ့ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ ဘာစီလိုနာတို့က သုံးဂိုးပြတ်နိုင်ပွဲရခဲ့ပါတယ်။ ဘာစီလိုနာဟာ ဒီနှစ်အပြောင်းအရွှေ့ကာလမှာ အက်သလက်တီကိုအသင်းမှ တူရန်၊ ဆီဗီလာမှ ဗီဒယ်တို့ကို ခေါ်ယူအားဖြည့်ထားတာမို့ အင်အားတောင့်တင်းနေပါတယ်။ လက်ရှိကစားသမားအင်အားနဲ့ ခြေစွမ်းပိုင်းအရ ပြီးခဲ့တဲ့ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီကလို ဖလားခြောက်လုံးရယူနိုင်ရေး ဘာစီလိုနာတို့ အစွမ်းကုန်ကြိုးစားဖို့စတင်နေပြီဖြစ်ပါတယ်။

ဒါပေမယ့် ဘာစီလိုနာတို့ဟာ ဖီအိုရင်တီးနားကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့သလို မန်ယူကိုလည်း ရှုံးပွဲကြုံထားတာမို့ လတ်တလောပွဲပန်းနေတဲ့ ဘာစီလိုနာကို ယုံကြည်မှုအပြည့်အဝထားဖို့တော့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အရန်ကစားသမား အလုံအလောက်ရှိနေတဲ့ ဘာစီလိုနာတို့က သူတို့ရဲ့ ဖလားခြောက်လုံးအိပ်မက်ကို အကောင်အထည်ဖော်နိုင်ဖို့ ဒီပွဲကို အဝေးကွင်းဆိုပေမယ့် အနိုင်ရအောင် ကစားပါလိမ့်မယ်။

ဘီလ်ဘာအိုတို့က နားချိန်အပြည့်အဝရရှိထားပြီး နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ရှုံးပွဲတစ်ပွဲရှိခဲ့ပါတယ်။ ကစားအားကောင်းပြီး အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို ပြင်းပြင်းထန်ထန်တုံ့ပြန်တတ်တဲ့ ဘီလ်ဘာအိုရဲ့ ခြေစွမ်းကို လျှော့တွက်လို့တော့ မရပါဘူး။

ဘာစီလိုနာနဲ့ ဘီလ်ဘာအိုတို့ စုစုပေါင်းတွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် ဘီလ်ဘာအိုက ၂၇ ပွဲနိုင်ပြီး ဘာစီလိုနာက ၄၂ ပွဲနိုင်ကာ သရေပွဲ ၃၁ ပွဲဖြစ်ထားခဲ့ပါတယ်။ ဘာစီလိုနာတို့ဟာ ဘီလ်ဘာအိုအသင်းကို အများဆုံး ၁၂ ဂိုး-တစ်ဂိုးအထိ သွင်းယူအနိုင်ယူခဲ့ဖူးတာမို့ အခုပွဲမှာ ဘီလ်ဘာအိုရဲ့ ခုခံတွန်းလှန်မှု ဘယ်လောက်အထိ ရှိလာနိုင်မယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဒါပေမယ့် တစ်ဦးချင်းရော၊ အသင်းလိုက်ပါ စွမ်းဆောင်မှုပိုကောင်းတဲ့ ဘာစီလိုနာတို့ပဲ နိုင်ပွဲကိုရယူသွားပါလိမ့်မယ်။ ။ **မိုးမြင့်လင်းလက်**



## မန်စီးတီးအတွက် အကောင်းဆုံး ဖြစ်လာလိမ့်မယ်ဆိုတဲ့ ကွန်ပါနီ

မန်စီးတီးအသင်းရဲ့ အသင်းခေါင်းဆောင်ကွန်ပါနီဟာ ဒီနှစ်ပရီမီယာလိဂ်မှာလည်း အသင်းအတွက် အကောင်းဆုံး ကစားပေးနိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အကြောင်း နည်းပြ ပယ်လီဂရင်းနီက ပြောဆိုလိုက်ပါတယ်။ သူဟာ မန်စီးတီး အတွက် အကောင်းဆုံး ခြေစွမ်းပြကစားမယ့်သူဖြစ်ပါတယ်လို့ နည်းပြက ဆိုပါတယ်။ ပြီးခဲ့တဲ့ ရာသီက မန်စီးတီးကို ဒုတိယနေရာရအောင်ကြိုးစားပေးခဲ့ရာမှာ ကွန်ပါနီအနေနဲ့ အဓိကဖြစ်ခဲ့ပါတယ်။ ရာသီအကြိုပြိုင်ပွဲအဖြစ် ရီးရဲမက်ဒရစ်ကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် နောက်တန်းခံစစ်အတွက် သံသယဖြစ်စရာ မလိုဘူးလို့ နည်းပြပယ်လီဂရင်းနီက ဆိုပါတယ်။

ကျွန်တော်တို့မှာ အကောင်းဆုံးခံစစ်မှူးတွေရှိပြီးသားပါ။ ကွန်ပါနီဟာ အဝေးကွင်းပြိုင်ပွဲတွေမှာ ခံစစ်ကို အကောင်းဆုံး ကစားလိမ့်လို့ဆိုပါတယ်။ အဓိက ခံစစ်ကိုကာကွယ်နိုင်ဖို့ဆိုတာ အလွတ်တည်ကန်ဘောတွေနဲ့ ထောင့်ကန်ဘောတွေကို မလွတ်တန်းကာကွယ်ပေးနိုင်ဖို့လိုတယ်လို့ နည်းပြက ဆိုပါတယ်။ ဒီအတောအတွင်းမှာပဲ နည်းပြ ပယ်လီဂရင်းနီကို မန်စီးတီးက နှစ်နှစ်ထပ်မံစာချုပ်ခဲ့တဲ့အတွက် ၂၀၁၇ ခုနှစ်အထိအသင်းကို ကိုင်တွယ်ရမှာဖြစ်ပါတယ်။

## ကော်စတာနဲ့တူတယ်ဆိုတဲ့ နယူးကာဆယ်တိုက်စစ်မှူး

နယူးကာဆယ်အသင်းသို့ မကြာမီက ခေါ်ယူထားတဲ့ တိုက်စစ်မှူး အလက်ဇန္ဒားမီထရိုဗစ်ဟာ ဒီယေဂိုကော်စတာနဲ့တူတဲ့ တိုက်စစ်မှူးလို့ နည်းပြစတိဗ်မက္ကလာရင်က ချီးကျူးပြောဆိုလိုက်ပါတယ်။ ပရီမီယာလိဂ် နောက်တန်းကစားသမားများအနေနဲ့ နယူးကာဆယ်က အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူး မီထရိုဗစ်ကို သတိထားကြဖို့ ပြောဆိုလိုက်ပါတယ်။ သူက လျှပ်တစ်ပြက်ဂိုးသွင်းတဲ့နေရာမှာ အလွန်တော်တဲ့ တိုက်စစ်မှူးပါ။ ကော်စတာလို ခြေမြန်တဲ့ တိုက်စစ်မှူးပါပဲ။ ပရီမီယာလိဂ်နောက်တန်းကစားသမားတွေ သတိထားရမယ့် တိုက်စစ်မှူးပါပဲလို့ မက္ကလာရင်က ချီးကျူးပြောဆိုလိုက်ပါတယ်။ မီထရိုဗစ်ကို မကြာသေးမီက အန်ဒါလက်ချ်အသင်းမှ ပေါင် ၁၂ ဒသမ ၅ သန်းနဲ့ခေါ်ယူ ခဲ့ခြင်းဖြစ်ပါတယ်။ အသက် ၂၀ အရွယ်သာရှိသေးတဲ့ ဆားဘီးယားလက်ရွေးစင် တိုက်စစ်မှူး မီထရိုဗစ်ဟာ ပြီးခဲ့တဲ့ရာသီက ၂၈ ဂိုးအထိ သွင်းယူခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ မီထရိုဗစ်ဟာ ပရီမီယာလိဂ်မှာ အောင်မြင်တဲ့ တိုက်စစ်မှူးဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်ထားတယ်လို့ နည်းပြ မက္ကလာရင်က ဆိုပါတယ်။





## ၁၂ နှစ်အတွင်းမှာ ပထမဆုံးပရီမီယာလိဂ်ဖလား ရယူမယ်ဆိုတဲ့ အာစင်ဝင်းဂါး

ရာသီအကြိုပြိုင်ပွဲဖြစ်တဲ့ ကွန်မြူနတီဒိုင်းလုပွဲမှာ ချယ်လ်ဆီးကို အနိုင်ရလိုက်ပြီးနောက် အာဆင်နယ်အသင်းအနေနဲ့ ၁၂ နှစ်အတွင်းမှာ ပရီမီယာလိဂ်ဖလားရယူသွားမယ်လို့ နည်းပြအာစင်ဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ ပရီမီယာလိဂ်ဖလားရဖို့ဆိုရင် ရာသီအစပြိုင်ပွဲတွေအားလုံးအနိုင်ရဖို့ ကြိုးစားရမယ်လို့ နည်းပြဝင်းဂါးက ဆိုပါတယ်။ အာဆင်နယ်အသင်းဟာ အာရှဖလားနဲ့ အမ်းမရိတ်ဖလားတွေကိုပါ ဆွတ်ခူးနိုင်ခဲ့တဲ့အပြင် ချယ်လ်ဆီးကိုနိုင်ပြီး ၁၄ ကြိမ်မြောက် ကွန်မြူနတီဒိုင်းကိုလည်း ဆွတ်ခူးထားတဲ့အသင်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အာဆင်နယ်အသင်းအနေနဲ့ တစ်သင်းလုံးတောင့်တင်းနေတဲ့ အနေအထားရှိပါတယ်။ တိုက်စစ်၊ ခံစစ်အားလုံးကောင်းနေပါတယ်။ ဂိုးသမားကလည်း အတွေ့အကြုံရင့်ကျက်တဲ့ ပီတာဆက်ချ်ဖြစ်တဲ့အတွက် အတော်လေး အဆင်ပြေနေတဲ့ အနေအထားရှိပါတယ်။ နည်းပြဝင်းဂါးအနေနဲ့ အကောင်းဆုံးအသင်းအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ရာသီအကြိုပြိုင်ပွဲတွေမှာ ဖလားတွေ ဆွတ်ခူးနိုင်အောင် ကစားခဲ့သလို ဒီနှစ်မှာ ပရီမီယာလိဂ် ချန်ပီယံဖြစ်ဖို့ မျှော်လင့်ထားတဲ့အသင်းဖြစ်ပါတယ်။ ဖလားဆွတ်ခူးနိုင်ဖို့ ရာသီအစပြိုင်ပွဲတွေ အနိုင်ကစားသွားမယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ ➢ ➢ စုစည်းသည်။**

# ဇင်းကျိုက်ရေတံခွန်ကြီးမှာ အန္တရာယ်ကင်းစွာအပန်းဖြေဖို့ အသိတရားနဲ့ဝိုင်းဝန်းကူညီကြပါစို့

မွန်ပြည်နယ် ပေါင်မြို့နယ်မှာရှိတဲ့ ဇင်းကျိုက်ရေတံခွန်ကြီး နှစ်စဉ် လူစားနေတယ်လို့ သတင်းတွေပြန့်နေတာကို အခုတလော နားမဆံ့အောင် ကြားနေရပါတယ်။ အင်တာနက်မှာလည်း ရင်နင့်စရာ ဓာတ်ပုံတွေနဲ့ သတင်းတွေကို ဖတ်လိုက်ရပါတယ်။ ဇင်းကျိုက်ရေတံခွန်ကြီးမှာ လူစားတယ်လို့ သတင်းထွက်နေတဲ့အတိုင်း နှစ်စဉ်နှစ်တိုင်း တစ်ဦးသို့မဟုတ် နှစ်ဦးသေဆုံးလေ့ရှိပါတယ်။ ဒီနှစ် ဒုတိယဝါဆိုလပြည့်နေ့(ဇူလိုင်လ ၃၁ရက်)မှာတော့ ဇင်းကျိုက်ရေတံခွန်ကြီးမှာ လူကြီးတစ်ဦးနဲ့ လူငယ်လေးဦး သေဆုံးခဲ့လို့ အမြင့်ဆုံးစံချိန်တင်ခဲ့ပါတယ်။

မွန်ပြည်နယ်မှာရှိတဲ့ ဇင်းကျိုက်ရေတံခွန်ဟာ အခုမှ ပေါ်လာတာမဟုတ်ပါဘူး။ ကျောက်တုံးကျောက်ဆောင်တွေနဲ့ ရေတံခွန်ကြီးက ပန်းချီကားချပ်သဖွယ် လှပပြီး အပန်းဖြေသူတွေ လာချင်အောင် ဆွဲဆောင်နိုင်ခဲ့ပါတယ်။ နွေမှာဆိုရင် ခြောက်သွေ့ကာ ကျောက်တုံးကျောက်ခဲတွေ ပေါ်နေပြီး မိုးရာသီရောက်ပြီဆိုရင် ရေများလာပါတယ်။ နေ့ကြီးရက်ကြီးတွေ၊ ပိတ်ရက်တွေမှာ လူကြီးလူလတ်လူငယ်များသော်လည်းကောင်း၊ မိသားစု အဖွဲ့လိုက်သော်လည်းကောင်း ရေတံခွန်ကြီးကို လာရောက်ပြီး အပန်းဖြေကြ၊ ရေကစားကြပါတယ်။

ဒီလို ဇင်းကျိုက်ရေတံခွန်မှာ နှစ်စဉ် လူသေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး လူတွေရဲ့အပြောကတော့ တစ်ခုခုလုပ်မှဖြစ်မယ်။ ဇင်းကျိုက်ရေတံခွန်ကြီး ပိတ်ပစ်လိုက်တာကောင်းမယ်ဆိုပြီး အသံပေါင်းစုံ ကြားရပါတယ်။ ဒါကြောင့် မည်သူမဆို အသိနဲ့ သတိရှိဖို့ ဒီဆောင်းပါးကို ရေးလိုက်တာဖြစ်ပါတယ်။

စာရေးသူ လေ့လာမိသလောက်ပြောရရင် ဇင်းကျိုက်ရေတံခွန်ကြီးက လူမစားပါဘူး။ နှစ်စဉ် လူသေတယ်ဆိုတာက လူတွေကြောင့်ဖြစ်တာပါ။ အခုလို ဇင်းကျိုက်ရေတံခွန်ကြီးမှာ နှစ်စဉ် လူစားနေတယ်ဆိုတဲ့ အယူအဆကြီးကို ကျွန်တော်တို့လူတွေက ဝိုင်းဝန်းကူညီဖြေရှင်းကြရင် ပျောက်သွားမှာပါ။ ဒါဆိုရင် ဘယ်လိုဖြေရှင်းကြမလဲ မေးစရာရှိပါတယ်။

ဇင်းကျိုက်ရေတံခွန်မှာ တားမြစ်နယ်မြေ၊ ကန့်သတ်နယ်မြေ၊ မဝင်ရ၊ မသွားရ၊ အန္တရာယ်ရှိတယ် စသည်ဖြင့် ဒီလိုတားမြစ်ချက်တွေရှိပါတယ်။ မည်သူမဆို ဇင်းကျိုက်ရေတံခွန်ကို ရောက်ကြပြီဆိုရင် တားမြစ်ချက်တွေကို လိုက်နာဖို့ လိုအပ်ပါတယ်။ လူတွေက မသွားနဲ့ဆိုရင် သွားချင်တယ်။ မလုပ်နဲ့ဆိုရင် လုပ်ချင်တယ်။ တားမြစ်ချက်တွေကို လိုက်နာခြင်းမရှိဘဲ ကျူးကျော်ဝင်ရောက်သွားမယ်ဆိုရင်တော့ မိဘဆွေမျိုး၊ သူငယ်ချင်းမိတ်ဆွေတွေနဲ့ တစ်သက်လုံးခွဲခွာသွားရမယ်ဆိုတာ မမေ့လိုက်ပါနဲ့။

ဇင်းကျိုက်ရေတံခွန်မှာရှိတဲ့ တာဝန်ရှိသူတွေ၊ တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်တွေကလည်း အန္တရာယ်ရှိနိုင်တဲ့ နေရာတွေကို အပန်းဖြေသူများ၊ ရေကစားသူများ မြင်နိုင်အောင် တားမြစ်ဆိုင်းဘုတ်တွေ စိုက်ထူထားခြင်း၊ စိုက်ထူထားပြီးတဲ့ တားမြစ်ဆိုင်းဘုတ်တွေ ပျက်စီးနေတာကို ပြန်လည်ပြုပြင်ထားခြင်း၊ လူစည်ကားတဲ့ နေ့ကြီးရက်ကြီးတွေမှာ လုံခြုံရေးတင်းကျပ်စွာ ချထားခြင်း၊ မတော်တဆမှုကြောင့် အန္တရာယ်တစ်ခုခုဖြစ်ခဲ့ရင် အချိန်မီကယ်ဆယ်နိုင်ဖို့အတွက် ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားခြင်း စတာတွေကို ယခင်ကထက် ပိုဂရုစိုက်ပြီး လုပ်ဆောင်သင့်ပါတယ်။ အန္တရာယ်ရှိကြောင်း တားမြစ်ဆိုင်းဘုတ်တွေ စိုက်ထူထားပါလျက်နဲ့ ကျော်လွန်ပြီး အန္တရာယ်ရှိတဲ့ နေရာတွေကို သွားတဲ့သူတွေကို ပညာပေးခြင်း၊ ဒဏ်ငွေရိုက်ခြင်း၊ ဥပဒေအရ အရေးယူခြင်းတွေ ဆောင်ရွက်သင့်ပါတယ်။



**အန္တရာယ်ရှိနိုင်တဲ့ နေရာတွေကို အပန်းဖြေသူတွေ၊ ရေကစားသူတွေ မြင်နိုင်အောင် တားမြစ်ဆိုင်းဘုတ်တွေ စိုက်ထူထားခြင်း၊ စိုက်ထူထားပြီးတဲ့ တားမြစ်ဆိုင်းဘုတ်တွေ ပျက်စီးနေတာကို ပြန်လည်ပြုပြင်ထားခြင်း၊ လူစည်ကားတဲ့နေ့ကြီးရက်ကြီးတွေမှာ လုံခြုံရေးတင်းကျပ်စွာ ချထားခြင်း၊ မတော်တဆမှုကြောင့် အန္တရာယ်တစ်ခုခုဖြစ်ခဲ့ရင် အချိန်မီကယ်ဆယ်နိုင်ဖို့အတွက် ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားခြင်း စတာတွေကို ယခင်ကထက် ပိုဂရုစိုက်ပြီး လုပ်ဆောင်သင့်....**

ရေတံခွန်ကို လာရောက်အပန်းဖြေကြတဲ့သူတွေကလည်း ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊စည်းကမ်းတွေကို အထူးဂရုစိုက် လိုက်နာသင့်ပါတယ်။ ဇင်းကျိုက်ရေတံခွန်မှာ ဒီလို ရင်နင့်ဖွယ်ရာ အဖြစ်မျိုးတွေ နောက်နောင်ထပ်မဖြစ်အောင် လိုက်နာဖို့ လိုအပ်နေပါပြီ။ ရေတံခွန်မှ တာဝန်ရှိသူတွေကလည်း အန္တရာယ်ကင်းအောင် စီမံဆောင်ရွက်ထားပြီး လာရောက်အပန်းဖြေသူတွေကလည်း စည်းကမ်းတကျ ဝိုင်းဝန်းကူညီ စောင့်ထိန်းလိုက်နာကြမယ်ဆိုရင် နှစ်စဉ်လူစားတယ်ဆိုတဲ့ အယူအဆကြီး ကျိန်းသေပပျောက်သွားမှာပါ။

ပျော်တော့လည်း ပျော်ကြပါ။ ဒါပေမယ့် အသိနဲ့ သတိကို လက်မလွှတ်လိုက်ပါနဲ့။ ဇင်းကျိုက်ရေတံခွန်ကြီးကို လာရောက်အပန်းဖြေကြမယ့်သူတွေနဲ့ ရေတံခွန်က တာဝန်ရှိသူတွေအနေနဲ့ ကျွန်တော့်ဆောင်းပါးလေးဖတ်ပြီး လိုက်နာကျင့်သုံးကြမယ်ဆိုရင်တော့ အပန်းဖြေသူတွေအနေနဲ့ အန္တရာယ်ကင်းစွာ ရေကစားနိုင်မှာဖြစ်ပြီး ကျွန်တော်စာရေးသူလည်း ပီတိဖြစ်နေမှာပါ။ **တင်ထွဋ်(မော်လမြိုင်)**

---

## ပန်းတောင်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ နေ့စဉ်ရောက်ရှိနေ

**ပန်းတောင်း ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းမှ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ဩဂုတ် ၁ ရက်မှစ၍ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် တောကွဲအင်းမြို့ရှိ မေတ္တာရှင်လူမှုကူညီရေးအသင်းက ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ တန်ဖိုး ကျပ် ၁၀၈ သိန်းကျော်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးထံ ဩဂုတ် ၈ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။ ရန်ကုန်မြို့ နာရေးကူညီမှုအသင်း၊ မြောင်းတကာ ပရဟိတအသင်း၊ ပေါက်ခေါင်းပရဟိတအသင်း၊ မြန်မာမွတ်စလင်အသင်း၊ MHR သင်တန်းကျောင်း၊ MRTV-4 ရုပ်သံ၊ လှိုင်သာယာပရဟိတအသင်း၊ သဲကုန်းပရဟိတအသင်း၊ ပြည်မြို့ပရဟိတအသင်း၊ ပြည်တက္ကသိုလ်၊ ပြည်ခရိုင်မီးသတ်ဦးစီးဌာန၊ ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတောင်းတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များ၊ စက်ရုံအလုပ်ရုံများ၊ ဒေသခံပရဟိတအသင်းများ စသည့် လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများကလည်း အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ စုစုပေါင်း အလှူငွေ ကျပ် ၅၃၂ သိန်း ကျော်နှင့် ဆန်အိတ်၊ ဆီ၊ အဝတ်အထည်၊ ရေသန့်၊ လူသုံးကုန်များကို မြို့နယ်ရေဘေးကယ်ဆယ်ရေး အဖွဲ့ထံသို့ လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

အခြား အလှူရှင်များကလည်း ရေဘေးသင့်ဒေသများသို့ စက်လှေများဖြင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ နေ့စဉ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်**

---

## ရေတိုက်စားသဖြင့် ပျက်စီးသွားသည်များကို ပြန်လည်ပြုပြင်လျက်ရှိ

**ဂန့်ဂေါ ဩဂုတ် ၁၀**

ဂန့်ဂေါမြို့နယ်တွင် ဇူလိုင် ၂၄ ရက်မှစ၍ မိုးသည်းထန် စွာ အဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေတိုက်စားသဖြင့် လမ်း များပျက်စီးခြင်း၊ စိုက်ပျိုးလယ်ယာမြေများပျက်စီးခြင်း၊ ကျေးရွာများသို့ ရေဝင်ရောက်ခြင်းများရှိခဲ့ရာ ယခု ရေကျသွားသည့်အခါ ရေကြီးခြင်းကြောင့် ပျက်စီးသွား မှုများကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီးစိုက်ပျိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ရန်လည်း ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

သာလင်းကျေးရွာနှင့် မြင်သားကျေးရွာကြား မြစ်သာမြစ် ကူးကြိုးတံတား ရေတိုက်စားမှုကို ပြန်လည်ပြုပြင်ခြင်း၊ ရွှေဘိုရွာတွင် လယ်ယာမြေများနှင့် ရေသွယ်မြောင်းများ ရေတိုက်စားသဖြင့် ပြန်လည်ပြုပြင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဖောက်လုပ်ထားသည့် ဂန့်ဂေါမြို့နယ်နှင့် ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဆက်သွယ်သော ဟံသာဝတီ-ကျောက်ပြုတ်လမ်းတွင်လည်း ပျက်စီးမှုများရှိခဲ့ကာ ပြန်လည်ပြုပြင် လျက်ရှိကြောင်း သိရသည်။

ရေကြီးခြင်းကြောင့် ထိခိုက်ပျက်စီးသည့်အခြေအနေနှင့် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနေမှု အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ သဘာဝဘေး အန္တရာယ်ကာကွယ်တားဆီးရေးနှင့် ပြန်လည်နေရာချထားရေး မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ရဲမှူးမြင့်ဆွေနှင့် လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများက ဩဂုတ် ၆ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး စိုက်ပျိုးသီးနှံအတွက် မျိုးအခက်အခဲမရှိစေရေး၊ စိုက်ပျိုးဧရိယာ မှန်ကန်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(၁၀၁)**

---

## တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင်

**ဂန့်ဂေါ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့မြောက်ကုန်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၉ ရက်က ကျင်းပခဲ့ရာ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြို့နှင့် မြို့နယ်ပညာရေးညွှန်ကြားရေးမှူး ဒေါ်ခင်ညိုမြင့်တို့က ပန္နက်တိုင်များ စိုက်ထူပေးခဲ့ကြသည်။

အဆိုပါတိုးချဲ့ကျောင်းဆောင်သစ်ကို အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၇ ပေ ရှိ တစ်ထပ်အုတ်ညှပ်၊ သွပ်မိုးအဆောက်အအုံအဖြစ် ငွေကျပ် ၂၁၆ သိန်း အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းအခြေခံပညာအလယ်တန်းကျောင်းကို ၁၉၄၆ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်၍ မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် အလက(ခွဲ)အဖြစ်လည်းကောင်း၊ ၂၀၁၅ခုနှစ်တွင် အလကအဖြစ်လည်းကောင်း အဆင့်မြှင့်တင်တိုးချဲ့ဖွင့်လှစ်ခဲ့ကာ ယခု ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသူကျောင်းသား ၆၄၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

---

## ရေဘေးသင့်ဒေသများမှ သောက်သုံးရေတွင်းများ ရေမှုတ်ခြင်းနှင့် ဆေးခတ်ခြင်းများဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းမှ ရေဘေးသင့်ကျေးရွာများဖြစ်သော ရွာက်တောကျေးရွာနှင့် မုန်းဇလဲကျေးရွာများမှ သောက်သုံးရေတုံကင်တွင်းများ၊ ရေတွင်းများတွင် သန့်ရှင်းသောသောက်သုံးရေ ပြန်လည်ရရှိရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရေမှုတ်ခြင်းနှင့် ဆေးခတ်ခြင်းများကို ဩဂုတ် ၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးသန်းနိုင်ဦးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူအောင်တို့က ကျေးရွာများရှိရေမှုတ်ပြီးသော တုံကင်ရေတွင်းများကို လိုက်လံကြည့်ရှုခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများကလည်း ရေတွင်းနှင့် ရေစည်ရေအိုးများတွင် ရေသန့်ဆေးများ ခတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ **လှဝင်း(ပြန်/ဆက်)**

# ကမ္ဘာ့ပထမဆုံး အဏုမြူစစ်တလင်းဖြစ်ခဲ့ရသော ဂျပန်နိုင်ငံ


**(ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များ အဏုမြူစစ်ဘေးဒဏ်ကျရောက်ခဲ့ရခြင်း နှစ်(၇၀)ပြည့်အမှတ်တရဆောင်းပါး)**

၁၉၄၅ ခုနှစ် ဩဂုတ် ၉ ရက်က ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များပေါ်သို့ အမေရိကန်တို့ အဏုမြူဗုံးကြဲချခဲ့သည်မှာ ယခုဆိုလျှင် နှစ် ၇၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အဏုမြူဗုံးဒဏ်ခံစားခဲ့ရသော ပြည်သူများမှာ အချိန်တိုအတွင်း လူပေါင်းသိန်းချီသေဆုံးခဲ့ရသောဖြစ်ရပ်ကို ယနေ့တိုင် မေ့ပျောက်သွားမည်မဟုတ်ချေ။

ကမ္ဘာမြေပေါ်တွင် ဒုတိယကမ္ဘာစစ်မီးကြီးသည် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ် ဩဂုတ်လဆန်းအထိ အဟုန်ပြင်းစွာ တောက်လောင်လျက်ရှိသည်။ ဂျပန်၊ ဂျာမနီနှင့် အီတလီတို့ဦးဆောင်သော ဖက်စစ်ဝါဒီ ကြည်း၊ ရေ၊ လေတပ်များကတစ်ဖက်နှင့် အမေရိကန်၊ အင်္ဂလိပ်၊ ဆိုဗီယက်နိုင်ငံများကဦးဆောင်သော မဟာမိတ် ကြည်း၊ ရေ၊ လေတပ်များက တစ်ဖက်၊ သူနိုင်ကိုယ်နိုင် တိုက်ခိုက်လျက်ရှိကြသော်လည်း မည်သူမျှ အသာစီးမရနိုင်ကြသေးဘဲရှိနေသည်။

နှစ်ဖက်တပ်များ အနိုင်အရှုံးမသေချာဘဲ တိုက်နေချိန်တွင် စစ်ဘေးဒဏ်ခံစားနေရသော ပြည်သူများ၏ သေဆုံးမှုနှုန်းမှာ နေ့စဉ်မြင့်တက်လျက်ရှိသည်။ မတူညီသောဝါဒရေးရာများကြောင့် ငြိမ်းချမ်းရေးရောင်ခြည်နှင့် အလှမ်းဝေးကွာနေခဲ့ရပြီး စစ်ကြီးဖြစ်နေသည်မှာလည်း ခြောက်နှစ်ကျော်ကာလသို့ ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ စစ်ဒဏ်ကို ရေရှည်ခံစားခဲ့ရသော ကမ္ဘာ့ပြည်သူများသည် စစ်ကိုငြီးငွေ့လာခဲ့ကြသည်။ တစ်စတစ်စ မုန်းတီးလာပြီ။ သို့သော် စစ်ကြီးက ရပ်တန့်သွားခြင်းမရှိ။ ကမ္ဘာ့ပြည်သူများ စစ်ကိုမုန်းတီးရွံရှာနေချိန်တွင် သုတေသနတီထွင်စမ်းသပ်မှုများကို ရှာဖွေကြသော သိပ္ပံပညာရှင်တို့၏ စွမ်းပကားကြောင့် အဏုမြူဟူသောဝေါဟာရကို သိပ္ပံပညာက မွေးဖွားပေးလိုက်ခြင်းနှင့်အတူ ကမ္ဘာကြီး၏ သမိုင်းတစ်ကွေ့သည်လည်း ပြောင်းလဲ၍သွားတော့သည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ၁၉၄၅ ခုနှစ် ဩဂုတ် ၅ ရက်တွင် "ချာတိတ်" Little Boy ဟု အမည်ပေးထားသောအဏုမြူဗုံးကို ထုတ်လုပ်တပ်ဆင်လိုက်ကြပြီး ဟီရိုရှီးမားသို့ တင်ပို့ရန်ဟူ၍သတ်မှတ်ကာ တံဆိပ်ကပ်လိုက်ကြသည်။ ကြောက်မက်ဖွယ်ရာကောင်းသော ယူရေနီယံသတ္တု အမှတ်-၂၃၅ အပိုင်းနှစ်ပိုင်းကို ဦးပိုင်းနှင့် ပဲ့ပိုင်းတို့တွင် ခွဲ၍ထည့်သွင်းထားသည်။ ယမ်းအိုးကို ယင်းအပိုင်းများ၏နောက်တွင် တပ်ဆင်ပေးထားသည်။



**Little Boy ဗုံးကို တပ်ဆင်နေစဉ်။**

ဩဂုတ် ၆ ရက်တွင် အဆိုပါအဏုမြူဗုံးကို အီနိုလာဂေးဗုံးကြဲလေယာဉ်ကြီးပေါ်တွင် တင်ဆောင်ကာ ဂျပန်ပြည်သို့ ဗိုလ်မှူးကြီးတစ်ဘက်စ် ဦးဆောင်၍ မောင်းနှင်လာခဲ့ကြသည်။ ထိုနေ့နံနက် ၇ နာရီခွဲတွင် ဂျပန်ပြည်ကမ်းရိုးတန်းကို လေယာဉ်ပေါ်မှ စတင်မြင်တွေ့ကြရသည်။ မကြာမီ လှပသော ဟီရိုရှီးမားမြို့တော်ကြီးကို မြင်တွေ့လိုက်ရပြီးနောက် နံနက် ၈နာရီ ၁၅ မိနစ် ၁၇ စက္ကန့်တွင် အလေးချိန် ငါးတန်နီးပါးရှိသော အဏုမြူဗုံးကြီးကို ကြဲချလိုက်သည်။ ယမ်းဘီးလူးတန်ချိန် ၁၃၅၀၀ နှင့် ညီမျှသော ပေါက်ကွဲမှုကြီးက ကောင်းကင်ယံတစ်လျှောက် မိုးခြိမ်းသံကြီးသဖွယ် မြည်ဟီးသွားတော့သည်။ ဤဗုံးတစ်လုံးတည်းနှင့် ဟီရိုရှီးမားမြို့ကြီး ပြာပုံအတိဖြစ်သွားခဲ့ရပြီး ဂျပန်ပြည်သူ ၆၄၀၀၀ သေကြေပျက်စီးသွားသည်။

သို့ရာတွင် အဏုမြူစစ်ပွဲက ရပ်တန့်မသွားခဲ့ချေ။ ၁၉၄၅ ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန်တွင် "လူဝကြီး" Fat Man ဟုအမည်ပေးထားသော အရှည် ၁၀ ပေ၊ ဗျက်ငါးပေရှိသော အဏုမြူဗုံးကြီးကို အမေရိကန်တို့၏ ဘီ ၂၉ ဗုံးကြဲလေယာဉ်ကြီးက ဂျပန်နိုင်ငံ အူရာကာမိတောင်ကြားရှိ အားကစားရုံကြီးအရှေ့မြောက်ဘက် နာဂါဆာကီမြို့၏အထက် အမြင့်ပေ ၁၅၄၀ ကောင်းကင်ယံတွင် ဒုတိယအကြိမ် ထပ်မံဖောက်ခွဲခဲ့သည်။ တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံအချိန်အတွင်း နာဂါဆာကီမြို့ကြီးမှာ သင်္ချိုင်းအသွင်သို့ တစ်မဟုတ်ခြင်း ပြောင်းခဲ့ရသည်။ ဂျပန်ပြည်သူ ၈၀၀၀၀ ကျော် ထပ်မံသေကြေပျက်စီးခဲ့ရသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ဂျပန်ဘုရင် ဧကရာဇ်ဟီရိုဟီတိုက ဂျပန်မှ လက်နက်ချလိုက်ပြီဖြစ်ကြောင်း တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်းပြောကြားခဲ့ရာ ထိုအချိန်မှစ၍ ဒုတိယကမ္ဘာစစ်ကြီးမှာလည်း ပြီးဆုံးသွားတော့သည်။ ၁၉၄၅ စက်တင်ဘာ ၂ ရက်တွင် အမေရိကန်စစ်သင်္ဘောကြီး မစ်ဇူရီပေါ်၌ ဂျပန်နိုင်ငံမှ ရှိဂိမစ်ဇူဦးဆောင်သော ဂျပန်အစိုးရကိုယ်စားလှယ်များက အာရှတိုက်၏ အရှေ့ဖျားဆိုင်ရာ မဟာမိတ်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး မက်အာသာ ဦးဆောင်သောအဖွဲ့များထံ လက်နက်ချအခမ်းအနားကို ကျင်းပခဲ့ကြသည်။

ယခုအခါ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ရှိ ဒုတိယကမ္ဘာစစ်သမိုင်းပြတိုက်တွင် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များကို အဏုမြူဗုံးကြဲချရန် အမေရိကန်အစိုးရက ညွှန်ကြားထားသော မူရင်းအမိန့်စာကို မှတ်တမ်းအဖြစ်ပြသထားသည်ကို တွေ့ရှိနိုင်သည်။

စက်တင်ဘာ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အဖြစ် ၁၉၈၁ ခုနှစ်တွင် ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂညီလာခံ၌ အတည်ပြု သတ်မှတ်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ငြိမ်းချမ်းရေးအခမ်းအနားကို စတင်ကျင်းပလာခဲ့ကြသည်။ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးသင်္ကေတတစ်ခုအဖြစ် ငြိမ်းချမ်းရေးအထိမ်းအမှတ် ခေါင်းလောင်းကြီးတစ်လုံးကို ကုလသမဂ္ဂဌာနချုပ်၌ ထားရှိခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကလေးများစုပေါင်းလှူဒါန်းကြသော ငွေအကြွေစေ့များကို အရည်ကျို၍ သွန်းလောင်းပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ယင်းခေါင်းလောင်းကြီးကို ကုလသမဂ္ဂရှိ ဂျပန်အသင်းက စစ်ဆန့်ကျင်ရေး အထိမ်းအမှတ်လက်ဆောင်အဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အာရုံစိုက်လာကြစေရန် ရည်ရွယ်လုပ်ဆောင်မှုတစ်ရပ်ဖြစ်ကြောင်း အဏုမြူစစ်ဒဏ်ခံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များ၏ နှစ် ၇၀ ပြည့် အမှတ်တရအဖြစ် တင်ပြရေးသားလိုက်ရပါသည်။

**ကိုသက်(ဇီးကုန်း)**

## ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဖွဲ့စည်း

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဩဂုတ် ၈ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးရဲလင်းအောင်က မှန်ကန်သော သတင်းအချက်အလက်များဖြင့် ပြည်သူထံအရောက်ပို့သော သတင်းစာဆရာများအား ဂုဏ်ပြုကြိုဆိုပါကြောင်း အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းစိန်က မြို့နယ်သတင်းဆရာအသင်း ဖွဲ့စည်းနိုင်ရေးအတွက် မုဒိတာဝမ်းမြောက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးယဉ်ကျော်က မြို့နယ်သတင်းစာဆရာအသင်း ဖွဲ့စည်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်)နှင့် နာယက လေးဦး၊ အလုပ်အမှုဆောင် ၁၄ ဦးတို့အား တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်သည်။ ထို့နောက် ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးတင်ဝင်း(တင်ဝင်းလေး-ကြည့်မြင်တိုင်) က တိုင်းဒေသကြီး သတင်းစာဆရာအသင်းသို့ အလှူငွေပေးအပ်သည်။ ထို့နောက် မြို့နယ်သတင်းစာဆရာအသင်း ဖွဲ့စည်းဖြစ်မြောက်ရေးအတွက် လှူဒါန်းငွေများကို လက်ခံရယူကာ မြို့နယ်သတင်းစာဆရာအသင်းဆိုင်းဘုတ်ကို ဖွင့်လှစ်ခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**




## မိုးလေဝသထူးခြားသတင်းများကို ပြည်သူများသိရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိ

**ကသာ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ နေ့စဉ်မိုးလေဝသသတင်းများနှင့် မိုးလေဝသ ထူးခြားသတင်းများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဩဂုတ် ၇ ရက်မှစတင်၍ အသိပေးကြေညာစာရွက်များ ကပ်ထားပြီး ကြေညာပေးလျက်ရှိကြောင်း သိရသည်။

နေ့စဉ်မိုးလေဝသသတင်းများ၊ မိုးလေဝသထူးခြားသတင်းများကို လူစည်ကားရာနေရာများဖြစ်သော ပြန်/ဆက်ဦးစီးဌာနရုံးရှေ့ နံရံကပ်ဘုတ်၊ ဧရာရွှေလီရှေ့ရှိ နံရံကပ်ဘုတ်နှင့် ကားဂိတ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံများ၌ စာရွက်များ ကပ်ထားကြေညာပေးထားကာ အချိန်နှင့်တစ်ပြေးညီ ပြည်သူအများသိရှိစေရန် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သတင်းများထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ မိုးလေဝသ သတင်းများကို ပြည်သူများ အလွယ်တကူ သိရှိနိုင်ရန် ကြေညာပေးနေသဖြင့် လယ်ယာစိုက်ပျိုးသည့် တောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်းလမ်းရေလမ်းတွင် ခရီးသွားပြည်သူများအား ပို့ဆောင်ပေးနေသော ယာဉ်မောင်းသူများအတွက် များစွာအထောက်အကူပြုကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

## ဟင်္သာတမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ဟင်္သာတ ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဟင်္သာတမြို့နယ် ဆည်မြောင်းရိပ်သာ မြနဒီခန်းမ၌ ဩဂုတ် ၅ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲသို့ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ တိုင်းဒေသကြီးသစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုးမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။ အလှူငွေပေးအပ်ပွဲတွင် ဟင်္သာတမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၂ အုပ်စုတွင် ရေကြီးရေလျှံမှုအခြေအနေနှင့် ဒေသခံပြည်သူ ၃၈၀၀၀ ကျော်အတွက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပေးထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က အလှူငွေ ကျပ်သိန်း ၄၀၊ ဆန်အိတ် ၄၀ နှင့် ဆီပုံး ၁၂ ပုံးကိုလည်းကောင်း၊ ရန်ကုန်ရောက် ဟင်္သာတအသင်းက ဆန်အိတ် ၁၂၀ ကိုလည်းကောင်း၊ မြန်မာ့လယ်ယာ စီးပွားရေးအများပိုင်ကော်ပိုရေးရှင်းက ဆန်အိတ် ၁၀၀၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းများ၊ ရန်ကုန်မြို့နေ ဦးဝင်းဇော်မိသားစု(နိုင်လင်းအောင်သံထည်ပစ္စည်းရောင်းဝယ်ရေး)က အလှူငွေ ကျပ်တစ်သိန်းခွဲကိုလည်းကောင်း၊ ဟင်္သာတခရိုင် ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးကြီးနှင့်အဖွဲ့က ဆန်အိတ် ၄၀၀ ကိုလည်းကောင်း၊ ဟင်္သာတမြို့(မြင့်ရတနာဆန်ဆိုင်)က ဆန်အိတ် ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဟင်္သာတမြို့နယ်အတွင်း ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ဟင်္သာတမြို့မှ မြို့သူမြို့သားများနှင့် အခြားမြို့နယ်ဒေသများမှ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ ဌာနဆိုင်ရာများကလည်း ရေဘေးသင့်ပြည်သူများထံသို့ မိမိတို့၏အစီစဉ်များဖြင့် သွားရောက်၍လည်း လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မူးမြစ်ရေဝင်သော ကျေးရွာသို့ အလှူငွေများလှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၁၀**

စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းတိုက်နယ်အတွင်းရှိ တောင်မြို့ကျေးရွာ၌ ဩဂုတ်လဆန်းမှစ၍ မူးမြစ်ရေဝင်ရောက်ခဲ့ရာ အဆိုပါကျေးရွာမှ အိမ်ထောင်စု ၂၄၂စုအတွက် ထောက်ပံ့ပစ္စည်းများကို အလှူရှင်များက ပေးအပ်လျက်ရှိသည်။ စစ်ကိုင်းတောင်ရိုး(သစ္စာသိင်္ဂီ)ချောင်မှ ဆရာကြီးဒေါ်ပါရမီနှင့် ရန်ကုန်မြို့မှ ပန်းဝတ်မှုံအပူငြိမ်းဆေးမိသားစုတို့က ဆန်အိတ်ပိုင်း ၁၉ ပိုင်းကိုလည်းကောင်း၊ မန္တလေးမြို့ (၁၂)လမ်းရှိ မဟာစိတြာရာမကျောင်းတိုက်မှ ဆရာတော်များက အလှူငွေကျပ် ၁၃ သိန်း၊ စားသောက်ကုန်များနှင့် အဝတ်အထည်များကိုလည်းကောင်း ဩဂုတ် ၅ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# အလောင်းမင်းတရား ရွှေပေစာ

**မောင်သာ(ရှေးဟောင်းသုတေသန)**



၂၀၁၄ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ၏ ဂျာမနီနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီးက ဗြိတိသျှဘုရင် ဒုတိယမြောက်ဂျော့ချ်ထံသို့ ၁၇၅၆ ခုနှစ်တွင် ပေးပို့ခဲ့သည့်ရွှေပေစာကို လေ့လာကြည့်ရှုခဲ့ကြသည်။ ဂျာမနီနိုင်ငံအစိုးရက ယင်းရွှေပေစာ ဒီဂျစ်တယ်မိတ္တူအား မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ခဲ့သဖြင့် မြန်မာ့သမိုင်းအတွက် တန်ဖိုးမြင့်မားလှသည့် အမွေအနှစ်တစ်ခုကို ရရှိခဲ့ပေသည်။

ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးစီမံကိန်းတစ်ရပ်ကို ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့နေရာဒေသ အနှံ့အပြားတွင်ရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို စောင့်ရှောက်ရန် အထောက်အကူပေးလျက်ရှိသည်။ ယင်းစီမံကိန်းသည် နိုင်ငံအသီးသီးမှ ပြည်သူတိုင်းကို မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးဆိုင်ရာ အမျိုးသားရေးစိတ်ဓာတ်များ မြှင့်တင်ပေးရန်နှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်သဘောဆောင်သည့် ယဉ်ကျေးမှုဆိုင်ရာ နှီးနှောဖလှယ်မှုများ ဆောင်ရွက်ရန် ရည်ရွယ်သည့်အတိုင်း မြန်မာနိုင်ငံသို့ သမိုင်းဝင် အလောင်းမင်းတရားရွှေပေစာ ဒီဂျစ်တယ်မိတ္တူကို ပေးအပ်ခဲ့ခြင်းဖြစ်ပေသည်။

အလောင်းမင်းတရားရွှေပေစာအား ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ရှိ Gottfried Wilhelm Leibniz စာကြည့်တိုက်တွင် နှစ်ပေါင်း(၂၅၀) ကျော်ကြာမျှ စာကြည့်တိုက်၏ မြေအောက်ခန်းတွင် သိမ်းဆည်းထားခဲ့သည်။ အလောင်းမင်းတရားရွှေပေစာကို ကြားသိသူများက ယင်းရွှေပေစာအား မြင်တွေ့လိုခဲ့ကြသဖြင့် အာရှ၊ ဥရောပနှင့်အမေရိကမှ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားများက အလောင်းမင်းတရားရွှေပေစာသမိုင်းကြောင်းနှင့် အချက်အလက်များကို ဖော်ထုတ်တင်ပြခဲ့ကြသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဆရာမကြီး ဒေါက်တာနန္ဒာမှုန်းကလည်း ချစ်ကြည်ရေးခရီးစဉ်တွင် ကိုယ်တိုင်ကြည့်ရှုခဲ့သော အလောင်းမင်းတရားရွှေပေစာကို မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် အသေးစိတ်ရှင်းလင်းပြောကြားခဲ့သဖြင့် မြန်မာပြည်သူများ အထူးစိတ်ဝင်စားခဲ့ကြပေသည်။

ရွှေပေစာသည် ထောင့်မှန် စတုဂံပုံသဏ္ဌာန်ဖြစ်ပြီး အလျား ၅၅ စင်တီမီတာ(၂၁ ဒသမ ၆၅ လက်မ)နှင့် အနံ ၁၂ စင်တီမီတာ (၄ ဒသမ ၇၂ လက်မ)ရှိသည်။

ရွှေပေစာသည် စာများရေးသားထားသည့် ပေရွက်ကို ရွှေချထားခြင်းမဟုတ်ဘဲ ရွှေပြားကို ပေရွက်ပုံသဏ္ဌာန်ပြုလုပ်ကာ ယင်းအပေါ်တွင် သဝဏ်လွှာစာသားများကို ရေးသားထားခြင်းဖြစ်သည်။ အပြားခတ်ထားသော ရွှေသားစစ်စစ်ပေါ်တွင် မြန်မာဘာသာဖြင့် သဝဏ်လွှာ ရေးသားထားပြီး ရွှေပေစာ၏ ထိပ်နှစ်ဖက်တွင် တစ်ဖက်လျှင် အဖိုးတန်မြန်မာပတ္တမြား ၁၂ လုံးစီကို ရွှေပြားအတွင်း မြှုပ်နှံစီခြယ်ထားသည်။ သဝဏ်လွှာ၏ ထိပ်တစ်ဖက်တွင် သေသပ်လှပစွာ ပုံဖော်ထားသော ဘုရင့်တံဆိပ်တော် ဟသ်ာပုံကို ဖောင်းကြွခတ်နှိပ်ထားသည်။ အလောင်းမင်းတရားသည် မြန်မာသက္ကရာဇ် ၁၁၁၈ ခု၊ ကဆုန်လဆန်း ၁၀ ရက် ( ခရစ်နှစ် ၁၇၅၆ ခု၊ မေလ ၇ ရက်နေ့) စနေနေ့တွင် ယင်းရွှေပေစာအား ဗြိတိန်နိုင်ငံ ဘုရင်ထံသို့ ပေးပို့ခဲ့သည်။

ဟန်နိုဗာမြို့ရှိ Gottfried Wilhelm Leibniz စာကြည့်တိုက်မှူး Dr. Friedrich Hulsmann သည် ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ဟမ်းဘာ့ခ်တက္ကသိုလ် အာရှနှင့်အာဖရိကရေးရာ အင်စတီကျုမှ အရှေ့တိုင်းဘာသာဗေဒနှင့် သမိုင်းပညာရှင် Dr. Jacques Leider ထံ စာကြည့်တိုက်တွင် Ms IV 571a ဟု မှတ်တမ်းပြုကာ နှစ်ရှည်လများ သိမ်းဆည်းထားခဲ့သည့် ရွှေပေစာမိတ္တူတစ်စောင်ပေးပို့ကာ ရွှေပေစာတွင် ရေးသားထားသည့် အက္ခရာစာလုံးများ၏ ဘာသာစကားနှင့် အဓိပ္ပာယ်ကို ဖော်ထုတ်ပေးရန် အကူအညီတောင်းခံခဲ့သည်။ Dr. Jacques Leider သည် ဟန်နိုဗာမြို့သို့ လာရောက်ကာ ရွှေပေစာသဝဏ်လွှာ၏ ရှေးကျသော သမိုင်းနှင့် မြန်မာ၊ ဗြိတိန်နှစ်နိုင်ငံတို့၏ နိုင်ငံရေးဝိသေသ လက္ခဏာများကို သုတေသနပြုလုပ်ခဲ့ပြီးနောက် ယင်းရွှေပေစာသည် မြန်မာဘုရင်အလောင်းမင်းတရား၏ ပျောက်ဆုံးနေပြီဟု ယူဆထားသော သဝဏ်လွှာမူရင်းဖြစ်ကြောင်း ၂၀၀၇ ခုနှစ်တွင် ဖော်ထုတ်ပေးခဲ့သည်။ Dr. Jacques Leider သည် "အလောင်းမင်းတရားကြီးထံမှ ဂျော့ချ်ဘုရင်ထံသို့ ပေးစာ (၁၇၅၆ ခုနှစ်၊ မေလ ၈ ရက်နေ့) အမည်ရှိ စာမျက်နှာ ၁၄၁ မျက်နှာပါ စာတမ်းတစ်စောင်ကို ၂၀၀၉ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည်။

အလောင်းမင်းတရားကြီးသည် ၁၇၅၄ ခုနှစ်တွင် အင်းဝကိုသိမ်းယူပြီးနောက် မြန်မာပြည်တောင်ပိုင်းကို ဆက်လက်သိမ်းယူနိုင်ရန် စစ်လက်နက်များ လိုအပ်ကြောင်းသိရှိခဲ့သဖြင့် အင်္ဂလိပ်ဘုရင်နှင့် မိတ်ဆွေဖွဲ့ရန် ရည်ရွယ်လျက် အိန္ဒိယနိုင်ငံ မဒရပ်မြို့ရှိ အရှေ့အိန္ဒိယကုမ္ပဏီမှတစ်ဆင့် ၁၇၅၆ ခုနှစ် မေလတွင် ချစ်ကြည်ရေး ရွှေပေလွှာအား ဗြိတိသျှဘုရင်ထံ ပေးပို့ခဲ့ကြောင်း ယင်းစာတမ်းတွင် ဖော်ပြထားသည်။ အလောင်းမင်းတရားသည် ရွှေပေစာအား အရှင်မင်းမြတ်၏ အမတ်တစ်ဦးဖြစ်သော လက်ဝဲနော်ရထာအား ရေးသားစေခဲ့ခြင်းဖြစ်ကြောင်းကိုလည်း စာတမ်းတွင်ရေးသားထားသည်။

ဂျာမနီနိုင်ငံ၏ နည်းပညာကုမ္ပဏီ တစ်ခုဖြစ်သော Scanbull Software ကုမ္ပဏီသည် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Gottfried Wilhelm Leibniz စာကြည့်တိုက်တို့၏ကူညီမှုဖြင့် ရွှေပေစာအား သုံးဖက်မြင် ဒီဂျစ်တယ်ပုံစံသို့ ပြောင်းလဲနိုင်ခဲ့သည်။ ထိုဒီဂျစ်တယ်ရွှေပေစာအား ခန်းမဆောင်တွင် လည်းကောင်း၊ မှန်ခန်းအတွင်း၌လည်းကောင်း၊ ဖန်သားပြင်ပေါ်တွင် လည်းကောင်း မိတ္တူ သို့မဟုတ် ပုံနှိပ်စာမူတစ်ခုအဖြစ် ပုံရိပ်ထိုးကာ ပြသနိုင်သည်။

ခရစ်နှစ် ၁၇၆၈ ခုနှစ်တွင် သတ္တမမြောက်ဒိန်းမတ်ဘုရင်ခရစ်ရှန်(Christian VII) သည် ဟန်နိုဗာမြို့တွင် အလောင်းမင်းတရား ရွှေပေစာကိုကြည့်ရှုခဲ့စဉ် ရွှေပေစာကို လိပ်လိုက်သဖြင့် ရွှေပေစာ၏အချို့နေရာများပျက်စီးခဲ့ရသည်။ ဒီဂျစ်တယ်ပုံစံပြုပြင်ထားသည့် ရွှေပေစာသည် လိပ်နိုင်၊ ခေါက်နိုင်သည်သာမက တွန့်ကြေနေသည့်အပိုင်းများကို ညီညာပြန့်ပြူးစေကာ စာသားများကို ဖတ်ရှုနိုင်ရန် ပြုလုပ်ထားပေသည်။

အလောင်းမင်းတရားသည် ယင်းရွှေပေစာကို တန်ဖိုးကြီးမားသော ဆင်စွယ်ကြုပ်ဖြင့်ထည့်၍ ရွှေပေစာနှင့်အတူ အင်္ဂလိပ်ဘာသာပြန်ကိုပါ ထည့်သွင်းပြီး ဗြိတိသျှဘုရင် ဒုတိယမြောက်ဂျော့ချ် နန်းစိုက်သည့် လန်ဒန်မြို့သို့ ပေးပို့ခဲ့သည်။ ခရီးလမ်းကွာဝေးသဖြင့် အချိန်နှစ်နှစ်အကြာ ၁၇၅၈ ခုနှစ်တွင် လန်ဒန်သို့ ရောက်ရှိခဲ့သည်။ ရွှေပေစာရောက်ရှိလာသောအခါ ဗြိတိသျှဘုရင်ဂျော့ချ်သည် ရွှေပေစာကို အသိအမှတ်ပြုလက်ခံခဲ့ပြီး မွေးရာဇာတိ ဟန်နိုဗာမြို့ရှိ စာကြည့်တိုက်သို့ လွှဲပြောင်းပေးခဲ့သည်။

ဒုတိယမြောက်ဂျော့ချ်သည် ဝဲ့ဖ်(Welf) မျိုးနွယ်မှ ဆင်းသက်လာသူတစ်ဦးဖြစ်ပြီး ယင်းမျိုးနွယ်သည် ၁၇၁၄ ခုနှစ်မှ ၁၈၃၂ ခုနှစ်အထိ ဗြိတိန်နိုင်ငံနှင့် ဟန်နိုဗာတိုင်းငယ်ကို တစ်ပြိုင်တည်း အုပ်ချုပ်ခဲ့ကြသည်။ ထိုစဉ်က ဟန်နိုဗာသည် ဗြိတိသျှတို့၏ လက်အောက်ခံတိုင်းငယ်တစ်ခုဖြစ်ခဲ့သဖြင့် ဒုတိယမြောက်ဂျော့ချ်ဘုရင်သည် ဗြိတိန်နိုင်ငံကို အုပ်စိုးစဉ် ဟန်နိုဗာတိုင်းငယ်၏ မင်းသားကြီးတစ်ပါးလည်း ဖြစ်ခဲ့ပေသည်။ ထို့ကြောင့် ဂျော့ချ်ဘုရင်သည် လန်ဒန်တွင်နန်းစိုက်နေသော်လည်း အလောင်းမင်းတရား ရွှေပေစာကို မိမိပိုင်နက်ဖြစ်သော ဇာတိမြေဟန်နိုဗာသို့ပေးပို့ခဲ့ခြင်း ဖြစ်နိုင်ပေသည်။

ရွှေပေစာပေါ်တွင် "ဘုန်တော် အလွန်ကြီးမြတ်တော်မူလှသော သုနာပရန္တတိုင်း တမ္ပဒီပတိုင်း ကမ္ဘောဇတိုင် စသော တိုင်ကြီးအပေါင်တို့ဝ်နိူက် မြန်မာပြည် ရှမ်ပြည် ယွန်ပြည် ကသည်ပြည် တလိုင်ပြည် ရာဇဌာနီပြည်ကြီ ထီးဆောင်မင်တကာတို့ဝ် သခင် ပတ္တမြား ရွှေ ငွေ ကြေး သံ ပယင် ရတနာတွင်မျာသခင် ဆင်ဖြူ ဆင်နီ ဆင်ကျား စက်ကြာ ရွှေလုံရ အာဒိစ္စဝံသ နေမင်၏ အဆက်အနွယ် အဆောင်ဆောင်သော ရွှေနန်ရွှေပြသဒ်သခင် ရတနာပူရ အင်ဝပြည်ကြီနှင့် တကွ အယုဇ္ဈပူရမည်သော ရတနာသိယ် ကုန်းဘောင် ရွှေပြည်ကြီကိုဝ် အစိုဝ်ရတော်မူသော အလောင်မင်တရာကြီ ချစ်ကြည်စွာ ကြာရောက်အပ်သော. . ." (မူလစာလုံးပေါင်းအတိုင်း ဖြစ်ပါသည်)ဟု အစချီကာ အရှေ့အိန္ဒိယကုမ္ပဏီအား ပုသိမ်ဆိပ်ကမ်းတွင် အခြေစိုက်စခန်းတစ်ခု တည်ဆောက်ခွင့်ပြုကြောင်း ရေးသားထားသည်။

ရွှေပေစာ၏ အဆုံးတွင် "ငါသားတော် အစည်မြေးတော်အဆက် မြစ်တော်အညွန့် အကြည်တော် မြို့မအင်ကရိတ်မြို့ဝ်မ ဘုရင်ကိုယ်မြေးမြစ် အစည် ရှည်စွာ ချစ်ကြည်ကြရမည် အကြောင်ကိုယ် သက္ကရာဇ် ၁၁၁၈ခု ကဆုန်လဆန် ၁၀ ရက် ၀ နေ့ ရာဇသံ ရွှေပေစာ နှင့် ချစ်ကြည်စွာ ကြာရောက်အပ်သော အင်ကရိတ် မြို့ဝ်မကိုဝ် အစိုဝ်ရသော အကြည်တော် အင်ကရိတ်ဘုရင်"ဟု ရေးသားကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို ဖော်ညွှန်းခဲ့သည်။

ဦးတိက္ခလင်္ကာရနှင့် ဒေါက်တာသန်းထွန်းတို့ ပြုစုသော မြန်မာရက်စွဲသမိုင်း (ကုန်းဘောင်ဆက်) စာအုပ်၌ မြန်မာသက္ကရာဇ် (၁၁၁၈၊ ကဆုန်လဆန်း ၁၀၊ စနေနေ့)၊ ခရစ်နှစ် ၈-၅-၁၇၅၆ ရက်စွဲအောက်တွင် "အင်္ဂလိပ်သံ ကုလားတို့ကို ရာဇသံ ပေးအပ်၍ပြန်စေသည်"ဟု ဖော်ပြထားသည်။ အလောင်းမင်းတရား ရွှေပေစာတွင် ရာဇသံ ရွှေပေစာဟု ဖော်ပြထားသဖြင့် အင်္ဂလိပ်သံကိုယ်စားလှယ်များကို ထိုရာဇသံ ရွှေပေစာအား ပေးအပ်လိုက်ခြင်းဖြစ်နိုင်ပေသည်။

ပညာရှင်များက ယင်းရွှေပေစာသည် ရှေးမြန်မာဘုရင်များ ထုတ်ပြန်ခဲ့သည့် ရွှေပေလွှာများအနက် ကမ္ဘာပေါ်တွင် တစ်ခုတည်းသာ ကျန်ရှိနေသည့် ရွှေပေလွှာဟု ယူဆကြသည်။ မြန်မာဘုရင်များသည် ၁၈ ရာစုအတွင်း တရုတ်ဧကရာဇ်များထံသို့ ရွှေပေလွှာများပေးပို့ခဲ့ကြောင်း မှတ်တမ်းများ ရှိခဲ့သော်လည်း ယနေ့တိုင် ယင်းရွှေပေလွှာများအား မတွေ့ရှိကြရသေးပါချေ။

ရွှေပေစာအရ အလောင်းမင်းတရားကြီးသည် အင်္ဂလိပ်ပိုင် အရှေ့အိန္ဒိယကုမ္ပဏီအား မြန်မာနိုင်ငံ အနောက်တောင်ဘက်ရှိ ပုသိမ်ဆိပ်ကမ်းတွင် အခြေစိုက်စခန်းတစ်ခု တည်ထောင်ခွင့်ပြုခဲ့သည်။ ထိုအချိန်တွင် အရှေ့အိန္ဒိယကုမ္ပဏီသည် ဟိုင်းကြီးကျွန်းတွင် အခြေချနေခဲ့သည်။ ထိုစဉ်က ဟိုင်းကြီးကျွန်းသည် ရာသီဥတုဆိုးရွားသော နေရာတစ်ခုဖြစ်သည့်အပြင် ကုန်သွယ်ရေးလမ်းကြောင်း အလှမ်းဝေးသော နေရာလည်းဖြစ်သည်။ ထို့ကြောင့် ကူးသန်းရောင်းဝယ်ရေး ကောင်းစွာအခြေချနိုင်သည့် ပုသိမ်တွင် အခြေစိုက်စခန်းဖွင့်ခွင့်ပြုခဲ့သဖြင့် အင်္ဂလိပ်တို့ များစွာကျေနပ်ခဲ့ကြမည်သာဖြစ်သည်။ သို့သော်လည်း အင်္ဂလိပ်တို့ထံမှ မည်သည့်အကြောင်း ပြန်ကြားချက် တစ်စုံတစ်ရာကိုမျှ မရရှိခဲ့ပါချေ။

လွန်ခဲ့သော နှစ်ပေါင်း(၂၆၀) နီးပါးက မြန်မာနိုင်ငံဘုရင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ဗြိတိန်ဘုရင်ထံပေးပို့ခဲ့သည့် ရွှေပေစာသည် မြန်မာနိုင်ငံအတွက်သာမက ဗြိတိန်နိုင်ငံအတွက်ပါ တန်ဖိုးကြီးမားလှသည့် သမိုင်းအမွေအနှစ် အထောက်အထားတစ်ရပ်ဖြစ်သည်။ ထိုသမိုင်းတန်ဖိုးမဖြတ်နိုင်သော အလောင်းမင်းတရားရွှေပေစာ ဒီဂျစ်တယ်မိတ္တူကို မြန်မာနိုင်ငံရှိ ရှေးဟောင်းသုတေသန ပြတိုက်များတွင် ပြသခြင်းဖြင့် မြန်မာလူမျိုးတို့၏ ဂုဏ်ယူဖွယ် အမွေအနှစ်တစ်ရပ်ကို ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားများ မြင်တွေ့နိုင်ကြသည်နှင့်အမျှ မြန်မာတို့၏ ယဉ်ကျေးမှုဂုဏ်ရည်များအပေါ် ပိုမိုတန်ဖိုးထားမြတ်နိုးလာနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။



## အောင်းကြီးကုန်း ကျေးရွာတွင် အခမဲ့မူကြိုကျောင်း ဖွင့်လှစ်

**တောင်တွင်းကြီး ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လယ်သာ(၁)အုပ်စုကြီး/အောင်းကြီးကုန်းကျေးရွာတွင် ပုညဝမ္မနလူငယ်ဖွံ့ဖြိုးတိုးတက်ရေးပရဟိတအဖွဲ့နှင့် ကျေးရွာပြည်သူများပူးပေါင်း၍ ဗုဒ္ဓဘာသာအခမဲ့မူကြိုကျောင်းဖွင့်ပွဲကို ဩဂုတ် ၈ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းတို့က ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနိုင်ငံတော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ပုညဝမ္မနလူငယ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်အဖွဲ့နာယက ဦးလှမြို့၊ ဥက္ကဋ္ဌ ဒေါ်ဆမ်းသွယ်သွယ်ငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က အဆိုပါကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၂၀ အနံ ပေ ၂၀ အမြင့် ပေ ၁၂ သွပ်မိုးဝါးထရံကာဖြစ်၍ ပြည်သူများက ငွေကျပ် ၂၁ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူ ၄၀ ကို မိမိတို့ကျေးရွာ၌ပင် ပညာသင်ကြားခွင့်ရ၍ဝမ်းသာပီတိဖြစ်ရကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

**နိုင်ဝင်း**

# ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

မြန်မာနိုင်ငံတစ်ဝန်း ဇွန်လနှင့် ဇူလိုင်လများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီတို့၏ လမ်းညွှန်စီမံကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဌာနဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းပြီးကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သဘာဝဘေးအန္တရာယ် ကြုံတွေ့ထိခိုက်ခံစားနေရသည့် ပြည်သူများအား ကူညီထောက်ပံ့ရန်အတွက် အလှူငွေနှင့်ပစ္စည်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဖွင့်လှစ်ထားသော အရေးပေါ်စီမံခန့်ခွဲမှုဌာန နေပြည်တော်ရှိအလှူငွေနှင့် ပစ္စည်းများလက်ခံရာဌာနကို ဩဂုတ် ၃ ရက်မှ စတင်ဖွင့်လှစ်လက်ခံလျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား ဩဂုတ်လပထမပတ်ကမေးမြန်းခဲ့မှုများရေးသားတင်ပြလိုက်ပါသည်-

**မေး။ ။ သဘာဝဘေးဒဏ် ခံစားနေရသူတွေအတွက် နေပြည်တော်အလှူခံဌာနမှာ အလှူငွေနဲ့ ပစ္စည်းတွေ လက်ခံနေတယ်လို့ သိရပါတယ်။ အဲဒီအလှူငွေနဲ့ပစ္စည်းတွေကို သူတို့ရဲ့ ဘယ်လိုလုပ်ငန်းတွေမှာ ဘယ်လိုအစီအစဉ်နဲ့ ကူညီလုပ်ဆောင်သွားမလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ။ ရရှိတဲ့ပစ္စည်းတွေကို လတ်တလော အရေးပေါ်လိုအပ်တဲ့ ပြည်သူတွေကို ဖြန့်ဝေသွားမှာဖြစ်ပြီး အလှူငွေတွေကိုတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ သဘာဝဘေးဒဏ် ခံစားနေရသူတွေအတွက် လတ်တလော ဘယ်လိုအစီအမံတွေ ပြုလုပ်ဆောင်ရွက်ပေးမလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ။ လတ်တလောအရေးပေါ်လိုအပ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ သောက်ရေတို့ကို ကနဦးအနေနဲ့ အလုံအလောက် ဖြည့်ဆည်းပေးမှာ ဖြစ်ပါတယ်။ ရေပြန်ကျပြီးတဲ့နောက် ဆေးရုံ၊ စာသင်ကျောင်း၊ နေအိမ်တွေကို သန့်ရှင်းရေးပြုလုပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် ရရှိငွေတွေကို နိုင်ငံတော်အစိုးရက ပြည်သူတွေနဲ့ လက်တွဲပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ မကွေးတိုင်းဒေသကြီးက ရေဘေးသင့်ပြည်သူတွေဆီ မြေပြင်ကွင်းဆင်းသွားရောက်ပြီး ကယ်ဆယ်ရေးနဲ့ ကူညီထောက်ပံ့ရေးလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ပေးခဲ့တယ်ဆိုတာလဲ သိပါရစေခင်ဗျာ။**

ဖြေ။ ။ ထိခိုက်မှုအများဆုံးကတော့ ပွင့်ဖြူမြို့နယ်နဲ့ စေတုတ္တရာမြို့နယ်တွေ ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူ တွေအတွက် အထွေထွေအသုံးစရိတ် ငွေကျပ်သိန်း ၁၀၀၀ နဲ့ အိမ်ထောင်စု ၄၁၀၀ အတွက် ငွေကျပ်သိန်း ၄၀၀ နီးပါးတန်ဖိုးရှိတဲ့ ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ တီရှပ်နဲ့ ဆပ်ပြာအစုံ ၄၁၀၀၊ စောင်အထည် ၁၅၀၊ ခြင်ထောင်အလုံး ၁၅၀ တွေကို ထောက်ပံ့ခဲ့ပါတယ်။ တပ်မတော် ဝါစိုက်ပျိုးရေးတပ်၊ မူလတန်းလွန်ကျောင်း ကယ်ဆယ်ရေးစခန်းနဲ့ စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး ကယ်ဆယ်ရေးစခန်းတွေကို သွားရောက်ပြီး ရေဘေးသင့်ပြည်သူတွေအတွက် အဝတ်အထည်တွေနဲ့ ဆေးဝါးတွေ ထောက်ပံ့ပေးပါတယ်။

စေတုတ္တရာမြို့နယ် ရေဘေးသင့်ပြည်သူတွေအတွက် သိန်း ၁၂၀ နီးပါးတန်ဖိုးရှိတဲ့ ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ တီရှပ်နဲ့ ဆပ်ပြာအစုံ ၈၇၀၊ စောင်၂၁၁ ထည်နဲ့ ခြင်ထောင် ၂၁၁ လုံးတွေကို ထောက်ပံ့ပေးခဲ့ပါတယ်။ စေတုတ္တရာမြို့မှာ ရေပြန်ကျသွားပြီး နေအိမ်တွေအထဲက ရွှံ့နွံတွေကို ရှင်းလင်းနေကြပါတယ်။

ကံမမြို့နယ်နဲ့ ငဖဲမြို့နယ်တွေမှာ အနည်းငယ် ရေဘေးကြုံတွေ့ရပြီး စလင်းမြို့နယ်မှာ အနည်းငယ် ကမ်းပါပြိုတာနဲ့ ရေဘေးအနည်းငယ် ခံစားရတာကို သိရှိခဲ့ရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆေးရုံ၊ ဆေးခန်းတွေအတွက် လိုအပ်တဲ့ ဆေးဝါးတွေကို ထောက်ပံ့ထားပြီး ကူးစက်ရောဂါတွေ မဖြစ်ပွားရအောင် စီမံဆောင်ရွက်ထားတာကို တွေ့ရှိခဲ့ရပါတယ်။ ပညာရေးဝန်ကြီးဌာနကလည်း စာသင်ကျောင်းတွေ အမြန်ဆုံးပြန်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်နေပါတယ်။

**မေး။ ။ တချို့ရေဘေးသင့်ဒေသတွေမှာ ကူညီထောက်ပံ့မှုတွေမရရှိကြဘူးလို့ ကြားသိနေရပါတယ်။ သူတို့တကယ်မရတာလား၊ ဒါမှမဟုတ် မရောက်သေးတာလား၊ အဲဒီအပေါ် ဝန်ကြီးရဲ့အမြင်လေးကို ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ။ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြစ်တဲ့အချိန်မှာ ဆက်သွယ်ရေး အဆင်မပြေတာလေးတွေကြောင့် အနည်းငယ်ကြန့်ကြာတယ်လို့ သိရှိရပါတယ်။ ရေဘေးသင့်သူအားလုံးကို နိုင်ငံတော်အနေနဲ့ တစ်ပြေးညီ ကယ်ဆယ်ထောက်ပံ့ရမယ်ဆိုတဲ့ စေတနာရှိပါတယ်။ တာဝန်သိပါတယ်။ တာဝန်လည်းရှိတယ်ဆိုတာ ပြောပြချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-တင်မောင်လွင်(မြန်မာ့အလင်း)**

---

# လမ်းတံတားများကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိ




**လားရှိုး ဩဂုတ် ၁၀**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လူမှုရေး ဝန်ကြီး ဒေါက်တာမျိုးထွန်းတို့သည် ဩဂုတ်လပထမပတ်က လားရှိုးမြို့ တွဲဖက်ပြည်နယ် လမ်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးမြတ်မိုး၊ လမ်းဦးစီးဌာန တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ လားရှိုး၊ ကျောက်မဲ၊ မူဆယ်၊ ဟိုပန်၊ လောက်ကိုင်နှင့် မိုးမိတ်ခရိုင် ခြောက်ခရိုင်တို့မှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)များ၊ လမ်းအထူးအဖွဲ့(၉)၊ လမ်းအထူးအဖွဲ့(၄)တို့မှ တာဝန်ရှိသူများကိုတွေ့ဆုံပြီး "အစိုးရသစ်လက်ထက်တွင် လမ်းတံတားများကို ကောင်းမွန်အောင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကြုံတင်ကာကွယ်ရေးအတွက် မြို့နယ်များတွင် နှစ်အလိုက်၊ လအလိုက်၊ မိုးရွာသွန်းမှု မှတ်တမ်းထားရှိသွားရန် လိုအပ်ကြောင်း၊ ဇူလိုင်လ၏ ရက်သတ္တပတ်နောက်ဆုံးကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပြီး လမ်းတံတားများ ပျက်စီးခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုမရှိစေရေး၊ ပြည်သူများ၏ သွားလာမှု လုံခြုံချောမွေ့စေရေးကို အလေးပေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း" တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လမ်းတံတားများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေကြောင့် ပျက်စီးသွားသည့် လမ်းတံတားများအခြေအနေများကို တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူးနှင့် ခရိုင်ခြောက်ခရိုင်မှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)တို့မှပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေကြောင့် ပျက်စီးသွားသည့် လမ်းတံတားများကို ဦးစားပေးအဆင့်အလိုက် သတ်မှတ်၍ အချိန်နှင့် တစ်ပြေးညီပြီးစီးရေး၊ စံချိန်စံညွှန်း အရည်အသွေးမီရေး၊ စက်ယန္တရား၊ လူအင်အားတို့ဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးရန် နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

---

# မိတ္ထီလာတွင် ဂရင်းရုပ်ရှင်ရုံကို ဒီဂျစ်တယ်ရုပ်ရှင်ရုံအဖြစ် ပြန်လည်တည်ဆောက်မည်

**မိတ္ထီလာ ဩဂုတ် ၁၀**

မိတ္ထီလာမြို့ မြို့မရပ်ကွက်တွင် တည်ရှိသည့် ဂရင်း(Grand) ရုပ်ရှင်ရုံကို အဆင့်မြင့်ဒီဂျစ်တယ် ရုပ်ရှင်ရုံအဖြစ် အသစ်ပြန်လည်တည်ဆောက်ပြသသွားမည် ဖြစ်ကြောင်း ၄င်းရုပ်ရှင်ရုံလုပ်ငန်းပိုင်ရှင် ဦးစိုးအောင်ထံက သိရသည်။

"ရုပ်ရှင်ရုံတွေ ပုဂ္ဂလိကထံကို သက်ဆိုင်ရာကချထားပေးတဲ့ ၁၉၉၁ ခုနှစ်လောက်ကတည်းက (ယခင် မျိုးမြင့်ရုပ်ရှင်ရုံ) ဂရင်းရုပ်ရှင်ရုံမှာ ရုပ်ရှင်ဇာတ်ကားတွေ ပြသခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ ခေတ်ကပြောင်းလာတော့ ရုပ်ရှင်ကြည့်တဲ့သူ နည်းသွားတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်လောက်ကတည်းက ရုပ်ရှင်ပြသခြင်းမပြုတော့ဘဲ နားထားတာ၊ ဝန်ထမ်းလစာနဲ့ အရင်းအနှီးတောင် ပြန်မရနိုင်တော့တဲ့ အခြေအနေမို့ ရုပ်ရှင်ပြသတာကို နားခဲ့ရတာပါ။ အခုက အဆောက်အအုံဟောင်းကို ဖျက်ပြီးတော့ နှစ်ထပ်အဆောက်အအုံအသစ် တည်ဆောက်မှာပါ။ အပေါ်ထပ်မှာ ပရိသတ် ၂၅၀ ဆံ့ အဆင့်မြင့် ဒီဂျစ်တယ်ရုပ်ရှင်ရုံ ဖွင့်လှစ်ပြသမှာဖြစ်ပြီး အောက်ထပ်ကတော့ ဈေးဆိုင်ခန်းတွေ ဖွင့်လှစ်ရောင်းချနိုင်ဖို့ ငှားရမ်းပေးသွားမှာ ဖြစ်ပါတယ်။ ဒီဂျစ်တယ် ရုပ်ရှင်ဇာတ်ကားဆိုတော့ (ရုပ်ရှင်ကုမ္ပဏီမှ) အွန်လိုင်းက တစ်ဆင့်ပေးပို့တဲ့ ဇာတ်ကားတွေကို ပြသသွားရမှာ ဖြစ်ပါတယ်"ဟု လက်ရှိဂရင်းရုပ်ရှင်ရုံလုပ်ငန်းပိုင်ရှင် ဦးစိုးအောင်က ပြောသည်။

မိတ္ထီလာတွင် ယခင်က ဇွဲရုံ၊ ရွှေဗဟိုရ်ရုံ၊ မျိုးမြင့်ရုံဟူ၍ ရုပ်ရှင်ရုံသုံးရုံ ဖွင့်လှစ်ပြသခဲ့ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၂၈ နှစ်ခန့်က ဇွဲရုံမှ ရုပ်ရှင်ပြသမှုရပ်နားခဲ့ကာ လွန်ခဲ့သော ကိုးနှစ်ခန့်က ရွှေဗဟိုရ်ရုပ်ရှင်လုပ်ငန်း ရပ်နားခဲ့ပြီး မျိုးမြင့်ရုံ လက်ရှိ ဂရင်းရုပ်ရှင်ရုံမှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်က စတင်ပြီး ရုပ်ရှင်ပြသမှု ရပ်နားထားခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



**မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပန်းအလှပြင်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်အေးအေးသန့်နှင့် သင်တန်းသူ ၄၅ ဦး တက်ရောက်ကြပြီး ပန်းအလှပြင်ခြင်းအခမ်းအနား လက်တွေ့သရုပ်ပြစဉ်။** (၁၁၉)

---

# သက်မွေးလုပ်ငန်းပညာသင်တန်းဆင်း

**ဗန်းမော် ဩဂုတ် ၁၀**

ကချင်ပြည်နယ် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၃၂/၂၀၁၅)အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၀/၂၀၁၅)နှင့် ရိုးရာဂျပ်ခုတ်ရက်ကန်း သင်တန်းအမှတ်စဉ် (၅/၂၀၁၅) သင်တန်းဆင်းပွဲကို အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ ဩဂုတ် ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးရဝေစိုးက သင်တန်းဆင်းပွဲ အမှာစကားပြောကြားပြီး ဆုရရှိသူများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထူး၊ ခရိုင်ဥပဒေအရာရှိ ဒေါ်နန်းလှလှအေးတို့က ဆုချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဥက ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# “ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ”

ရန်ကုန်တိုင်းဒေသကြီးမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင် အထိတိမ်ကောစပြု၍စီးဆင်းနေသည့် ပန်းလှိုင်မြစ်ကြီးအား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းဦးစီးဌာနမှ ကြိုးပမ်း အားထုတ်၍ သောင်ထွန်းတိမ်ကောစပြုနေသည့် ပန်းလှိုင်မြစ်ကြီးအား ရေစီး ရေလာကောင်းမွန်စေရန် အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်ပေးခဲ့မှုကြောင့်မအူပင် ခရိုင်၊ ညောင်တုန်းကျွန်း၊ ရေနက်ကွင်းနေပြည်သူများနှင့် ငါးမွေးမြူရေးကန်များမှာ ရေကြီးရေလျှံသည့်ဘေးမှကင်းလွတ်ခဲ့ရသဖြင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရနှင့်တကွ လုပ်ငန်းဖော်ဆောင်ပေးခဲ့သည့် လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း နှင့်အဆိုပါတိမ်ကောစပြုနေသည့် ပန်းလှိုင်မြစ်ကြီးအား ရေစီးရေလာကောင်းမွန် စေရန်အမြန်ဆုံးဆောင်ရွက်ပေးစေလိုပါကြောင်း ပြည်သူ့လွှတ်တော်တွင် မေးခွန်း အဆိုပြုတင်သွင်းခြင်း၊ တိုက်တွန်းခြင်းဆောင်ရွက်ပေးခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်မောင်ရည် (အလုံမြို့နယ်၊ မဲဆန္ဒနယ်)အားလည်း အထူး ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျေးဇူးတင်စွာဖြင့်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊
ညောင်တုန်းမြို့နယ်၊ ညောင်တုန်းကျွန်း၊ ကျွန်းသူ/ကျွန်းသားများ။
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မအူပင်မြို့နယ်၊ မအူပင်ခရိုင်။


ဖုန်းခေါ်ဆိုခ အနည်းဆုံး
၂၀ကျပ်/မိနစ်
အခုပဲ ငွေဖြည့်ပြီး တစ်မိနစ် ၂၀ကျပ်နဲ့
ပြည်တွင်းဖုန်းအားလုံးကို ခေါ်ဆိုလိုက်ပါ။
ooredoo
ကြည်လင်ပြတ်သားတဲ့ အသံနှင့်
အခုပဲ ဖလန်းဖလန်းကို ရယူစို့
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။



မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ နေရပ်သို့ပြန်လည်ထွက်ခွာစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

# မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၉ ဦးအား ပြန်လည်လွှဲပြောင်း

နေပြည်တော် ဩဂုတ် ၁၀

၂၀၁၅ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံက ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပြီးသူ ၁၅၉ ဦးကို ယနေ့တွင် တောင်ပြို(လက်ဝဲ) မြို့၌ နှစ်နိုင်ငံအလံတင်အစည်းအဝေးကျင်းပပြီး နှစ်နိုင်ငံနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ တရားဝင်ပြန်လည်လွှဲပြောင်းခဲ့သည်။ အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၉ ဦးကို ဇူလိုင် ၃၀ ရက်က လွှဲပြောင်းရန် စီစဉ်ထားခဲ့သော်လည်း ရာသီဥတုအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍

## ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းစပြု

ညောင်တုန်း ဩဂုတ် ၁၀

ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်၂၂ ဒသမ ၅ ပေအထက် ၂၆ ဒသမ ၇ပေ၊ လေးပေကျော်အထက်သို့ ရောက်ရှိနေရာမှ ဩဂုတ် ၉ရက် မွန်းတည့် ၁၂ နာရီမှစတင်၍ ပြန်လည်ကျဆင်းနေလျက်ရှိရာ ဩဂုတ် ၁၀ ရက် နံနက် ၆ နာရီ တိုင်းထွာချက်များအရ ၂၅ ဒသမ ၀ ပေသို့ ပြန်လည်ကျဆင်းသွားကြောင်း သိရသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းဖွယ်ရှိနေသည်။

အဆိုပါမြစ်ရေကျဆင်းမှုကြောင့် ညောင်တုန်းမြို့နေပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ရေဘေးသင့်သူများ မိမိနေရပ်သို့ ပြန်လည်ပြောင်းရွှေ့ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေကြပြီဖြစ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## ယနေ့ မာတိကာ

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း၊ တင်သွင်းလွှာကို ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားသွားမည်

စာ » ၁၂

## ထူးကဲဒီရေတက်ဖွယ်ရှိ

နေပြည်တော် ဩဂုတ် ၁၀

ဩဂုတ် ၁၄ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၀ ဒသမ ၁၀ ပေခန့်မှ ၂၀ ဒသမ ၃၁ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ် ရှိကြောင်း ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၂ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်းနှင့် အခြေခံရေစစ်မျဉ်းအထက် အမြင့် ၆ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်း ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း
mmalin.npt @ gmail.com
www.facebook.com/MYANMAALINNEWS

